www.burmeseclassic.com

# ခင်ဦးခင်ခင်
(ဆေးတက္ကသိုလ်)

# တစ်နေ့သောအခါမှာ...



www.burmeseclassic.com

www.burmeseclassic.com

# ခင်ဦးခင်ခင်(ဆေးတက္ကသိုလ်)

# တစ်နေ့သောအခါမှာ


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၈၆၈၀၅၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၅[illegible]၀၅၀၇

၂၀၀၆ ခုနှစ်၊ ဧပြီလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀ိ/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလှိုင်စာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။


BURMESE CLASSIC

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# ခင်ဦးခင်ခင်
(ဆေးတက္ကသိုလ်)




စီစဉ်သူ
မောင်ကျော်လှိုင် (စေတနာစာပေ)

www.burmeseclassic.com

www.burmeseclassic.com







"ဒေါက်"

တံခါးမှန်ကို တစ်စုံတစ်ခု လာရောက်ထိမှန်သည့် အသံ ကြားလိုက်တာနဲ့ နီတွဒ်က အိပ်ရာထဲက ထပြီးသား ဖြစ်နေပြီ။

ဒါဟာ ဘာသံလဲ။ ဘယ်သူ လုပ်တာလဲဆိုတာ နှစ်ခါပြန်စဉ်းစားနေစရာတောင် မလိုပါ။ ညဥ့်နက်သန်းခေါင်သူများ အိပ်ချိန်ကြီး ရှာရှာဖွေဖွေ အလုပ်ရှုပ်ကာ ပြဿနာရှာတတ်သူမှာ အနော်ဇာကလွဲလို့ ဘယ်သူမှ မဖြစ်နိုင်။

ဘေးချင်းကပ်လျက် အနေအထားမှာ ရှိပြီး အလယ်က ခြားထားသော ခြံစည်းရိုးကိုချည်း ကပ်ဆောက်ထား



www.burmeseclassic.com

www.burmeseclassic.com



ကြတာဖြစ်သော သူတို့ရဲ့ တိုက်နှစ်တိုက်ဟာ နီးကပ်သော အနေအထားမှာ ရှိနေသည်။

အဲဒီလို နီးကပ်ရသည့်ကြားထဲ နီတွဒ်နဲ့ အနော်ဇာတို့ရဲ့ အခန်းနှစ်ခန်းဟာ ဘေးတိုက်ဖြစ်ကာ ခပ်ရှည်ရှည် ထုတ်ထားသော ဝရန်တာကိုယ်စီနဲ့မို့ အပြင်ကိုသာ ထွက်လိုက်လျှင် စကားတောင် လှမ်းပြောလို့ရသည့် အနေအထားမှာ ရှိသည်။

ထိုသို့ အခန်းနှစ်ခု နီးကပ်နေတာဟာ တိုက်ဆိုင်မှု မဟုတ်ပါ။ တမင်တကာ ရွေးချယ် ဖန်တီးထားတာ ဖြစ်ပါသည်။

အစက သူတို့နှစ်ယောက်စလုံးရဲ့ အခန်းတွေဟာ လက်ရှိအခန်းတွေ မဟုတ်ကြပါ။ အနော်ဇာက အိမ်ရဲ့ အောက်ထပ်မှာ နေပြီး လူရှင်းရှင်းလွတ်လွတ်လပ်လပ် နေရာကို ကြိုက်သည့် နီတွဒ်ရဲ့ အခန်းဟာလည်း အိမ်ပေါ်ထပ်မှာရှိပေမဲ့ ဒီဘက်ခြမ်း မဟုတ်၊ ဟိုဘက်ခြမ်းမှာသာ။

တဖြည်းဖြည်း သူတို့နှစ်ယောက် အခင်ကြီးခင်မင်သွားကာ တစ်ယောက်အကြောင်းတစ်ယောက် မချွင်းမချန် ရင်ဖွင့်





တိုင်ပင်နေကျ အခင်ဆုံးတွေ ဖြစ်လာကြတော့မှ နှစ်ယောက်သား တိုင်ပင်ကာ အနီးဆုံး အခန်းနှစ်ခုကို ရွေးချယ်ပြောင်းရွှေ့နေခဲ့ကြတာ။

ညဘက် ညဘက်တွေမှာ ပျင်းလို့ပဲဖြစ်ဖြစ်၊ အိုက်လို့ပဲဖြစ်ဖြစ်၊ အိပ်မပျော်လို့ပဲဖြစ်ဖြစ် ဝရံတာ ထွက်ရပ်ပြီး စကားပြောဖြစ်ကြတာတွေ ရှိသည်။

တစ်ခါတစ်ရံတော့ နီတွဒ် အိပ်ပျော်နေချိန်၊ ဒါမှမဟုတ် အခန်းထဲမှာ ငြိမ်သက်စွာ ရှိနေချိန်တွေမှာ စောစောကလိုပဲ မှန်တံခါးကို တစ်ခုခုနဲ့ ပစ်ပေါက်ကာ အပြင်ထွက်လာခဲ့ဖို့ အချက်ပေးတတ်ပြန်သည်။

အစကတော့ အနော်ဇာ ပစ်ပေါက်တတ်သည့် ပစ္စည်းတွေဟာ ခဲလုံးသေးသေးတို့၊ မြေပဲစေ့တို့၊ ဆီးစေ့တို့၊ ဘောလ်ပဲန်အဖုံးတို့ စသည့် တွေ့ရာကြုံရာတွေ ဖြစ်နေတတ်သော်လည်း တဖြည်းဖြည်းနဲ့ တစ်မျိုးတည်း ဖြစ်လာသည်။

အဲဒါက ဘာလဲဆိုတော့ သေနတ်ထဲ ထည့်ပစ်ရသည့် ပလတ်စတစ် ကျည်ဆန်ကလေးတွေ။ ငယ်ငယ်က ဝါးပိုက်ကလေး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ဘောင်ဘောင်ဖောက်တမ်းဆော့လျှင် သုံးသည့် ဘောင်ဘောင်သီး အရွယ်လောက်ရှိမည်။

ထိုပလတ်စတစ်ကျည်ဆန်လုံးတွေကို သေနတ်ထဲ ထည့်ပြီး သူ့ပြတင်းပေါက်ဆီ တည့်တည့် ချိန်ရွယ်ပစ်သည့် နေရာမှာတော့ အနော်ဇာ့ကို ဘယ်သူမှ မမီလောက်ဘူး ထင်သည်။

လက်တည့်သည့် နေရာမှာတော့ တစ်ချက်ပစ်တာနဲ့ ပစ်မှတ်ကို တန်းခနဲထိသည်။

နီတွဒ်က အခန်းပြင်ထွက်လိုက်ပြီး အခန်းပြင်မှာ ကျနေသော မည်းမည်း ပလတ်စတစ်လုံးလေးကို ရှာဖွေကောက် ယူလိုက်သည်။

ကပ်စေးနည်းချင်သေးသော အနော်ဇာက သူ့ ပလတ်စတစ်ကျည်ဆန်ကလေးတွေကိုလည်း နှမြောသေးသည်။ သူမ ပစ်ပြီးသည့် ကျည်ဆန်လုံးတွေကို ပြန်ရှာကောက်ထားပေးရ မတဲ့။

"ရွှတ် ... ရွှတ်"





ကိုယ့်အာရုံနဲ့ကိုယ် ရှိနေသော နီတွဒ်က ဟိုဘက် ဝရန်တာဆီမှ တရွှတ်ရွှတ် ခေါ်သံကြောင့် လှည့်ကြည့်လိုက်လျှင် အမှောင်ထဲ အဖြူရောင်ညဝတ်ဂါဝန်ရှည်နဲ့ ဟန်းဖုန်းကိုင်လျက် ဝရန်တာမှာ ထွက်ရပ်နေသော အနော်ဇာ့ကို တွေ့ရလေသည်။

အနော်ဇာက သူမ လက်ထဲက ဟန်းဖုန်းကို မြှောက်ပြလျက် နှင့် ဖုန်းလည်း သွားယူဆိုသည့် သင်္ကေတမျိုး လုပ်ပြသည်။

နီတွဒ်က လက်ကာပြပြီး အခန်းထဲ ပြန်ဝင်သည်။ ခုတင်ဘေးမှာ ချထားသော ဟန်းဖုန်းကို ကောက်ယူကာ ဝရန်တာ အပြင် ပြန်ထွက်သည်။

ဖုန်းပြောတော့မည်လည်း ကြံရော အနော်ဇာက နောက်ထပ် အမူအရာနဲ့ တစ်ခုခု ညွှန်ပြပြန်ရော။

ဒီတစ်ခါတော့ ခေါင်းပေါ် လက်ဖဝါးယမ်းပြလိုက်၊ ခေါင်းခါပြလိုက် လုပ်နေသည့် အမူအရာကို ဘာရယ်လို့ နီတွဒ်က သရုပ်မဖော်နိုင်။ နောက်မှ သဘောပေါက်တော့သည်မှာ လင်းထိန် နေအောင် ထွန်းထားသော ဝရန်တာမီးကို ပိတ်ပစ်ဖို့ပဲ။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲ တစ်ခေါက် ပြန်ဝင်ပြီး မီးမှိတ်လိုက်တော့မှ အနော်ဇာက ကျေနပ်သွားသလို ခေါင်းတညိတ်ညိတ်။

ကဲ ... ဒါဖြင့်ရင်တော့ ကိုယ် ဖုန်းဆက်လို့ရသွားပြီ။

အနော်ဇာက လူလည်လည်းကျသေးသည်။ သူမဘာသာ ပြောစရာရှိလို့ ဖုန်းဆက်တာ ဖြစ်ပေမဲ့လည်း နီတွင်ကပဲ ဆက်ရသည်။ သဘောကတော့ ဖုန်းခကို နီတွင်ပဲ အကုန်ခံ၊ သူမကတော့ အကုန်မခံဘူးဆိုသည့်သဘော။

ဒီလို အသေးအဖွဲ့ကိစ္စလေးအစ သူ့အပေါ်ဆိုးနွဲ့ အနိုင်ယူတတ်လွန်းပေမဲ့လည်း နီတွင်ကတော့ ဝဋ်ကြွေးပါသလိုပင် သူမကို လိုက်လျောခွင့်လွှတ်ရမြဲ။ အဲဒီလို ခွင့်လွှတ်ရသည့်အတွက်လည်း နီတွင် ကျေနပ်နေမြဲပင်။

"နင် ငါ့ကို တစ်ခုခုများ ပြောစရာရှိနေသလား"

"ရှိတာပေါ့၊ နင်က တကယ်အံ့သြစရာပဲ၊ ငါ့မှာ ပြောစရာရှိတာကို နင် ဘယ်လိုလုပ်ပြီး သိလဲဟင်"





ထူးဆန်းတာလိုက်လို့။ အနော်ဇာ့မှာ အထူးအဆန်း ပြောစရာစကားတွေက အမြဲတမ်း ရှိနေတာ။

အထူးအဆန်းဆိုလို့ ရန်ကုန်မြို့ထဲကို ဂေါ်ဇီလာကြီး ဝင်လာတာတို့၊ အမေရိကန်သမ္မတအိမ်တော်ဝင်းထဲ ပန်းကန်ပြားပျံကြီး ထိုးဆိုက်လာတာတို့၊ ဆူနာမီရေလှိုင်း နောက်တစ်ကြိမ် ဖြစ်ပြန်ပြီတို့၊ အေအိုင်ဒီအက်(စ်)နဲ့ ကင်ဆာရောဂါ ကာကွယ်ကုသဆေးတွေ ရှာဖွေတွေ့ရှိသွားပြီတို့ စသည့် တကယ့်အရေးကြီး တန်ဖိုးရှိသော သတင်းတွေတော့ မဟုတ်။

အဲဒါတွေ မဟုတ်တောင် ရန်ကုန်မြို့မှာ ကြယ်ငါးပွင့်အဆင့်ရှိတဲ့ ဟိုတယ်အသစ်ကြီး ဖွင့်လိုက်ပြီတို့၊ ဘယ်မြို့က အမျိုးသမီးတစ်ယောက် ခေါင်းချင်းဆက်အမြွှာလေး မွေးတယ်တို့၊ ယာဉ်စည်းကမ်းအသစ် တစ်ခု ထုတ်လိုက်တယ်တို့ ဒါမျိုးလည်း မဟုတ်။

အဖျင်းဆုံး ပြောရရင် ဘယ်မင်းသမီးကတော့ဖြင့် ယောကျ်ား ယူသွားပြီတို့၊ ဘယ်အဆိုတော်ကတော့ တစ်ကိုယ်တော် ရှိုးပွဲလုပ်မှာတို့၊ ဘယ်မော်ဒယ်ကတော့ ကြော်ငြာအသစ် ရိုက်ရေး



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြီတို့ စသည့် အများစိတ်ဝင်စားလောက်သော သတင်းမျိုးဖြစ်လျှင်တောင် တော်ပါသေး။

အခုတော့ သူပြောမှာတွေက ငါ့ပါးမှာ ဝက်ခြံအကြီးကြီးတစ်လုံး ပေါက်လာလို့ မနည်းညှစ်ထုတ်ရတယ်တို့၊ မနက်က စက်ဘီးထွက်စီးတာ လမ်းထိပ်အိမ်က ခွေးကြီး ထွက်လိုက်လို့တို့၊ ဖေဖေ ခြံထဲ ရေဆင်းလောင်းတာ ခေါင်းပေါ် ကျီးကန်းချေးပါချလို့တို့၊ မီးဖိုချောင်က ပန်းကန်ဗီရိုထောင့်မှာ အိမ်မြှောင် ၃ နှစ်လုံး တွေ့တယ်တို့၊ အောင်မယ်လေး စုံတကာစေ့သည့် ပေါက်ကရ အရေးမပါသည့် စကားတွေကိုပဲ ပြောပါလိမ့်မယ်။

အနော်ဇာ ဘာပဲပြောပြော နားထောင်ရမှာက နီတွဒ်ရဲ့ ဝတ္တရားပဲမို့ လောလောဆယ်တော့ စိတ်ပါလက်ပါ နားထောင်ဖို့နဲ့ ဖုန်းဖိုးကုန်ဖို့သာ ပြင်ပေတော့ပေါ့။

❦ ❦ ❦





"ငါ ကိုတုနဲ့ အဆက်ပြတ်လိုက်ပြီ"

ကိုတု။ ရတု။

နီတွဒ် ရင်ထဲ ထိတ်ခနဲနေအောင် ဝမ်းသာသွားရသည်။

ယောက်ျားတစ်ယောက်နဲ့ မတန်လောက်အောင် ချောမောလွန်းကာ ရှုံးလည်းများလွန်းသော၊ ကိုယ့်ကိုယ်ကိုယ်လည်း တသသ လုပ်လွန်းပြီး ဘဝင်မြင့်သည့် နေရာမှာ တစ်ဖက်ကမ်းခတ်သော ရတုဆိုသည့် လူကို နီတွဒ်က တော်တော်လေးကို ကြည့်မရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဟိုလူ အကြောတင်ပုံကိုလည်း ကြည့်ဦးလေ။ သူက ယောက်ျားလေး ဖြစ်ပါလျက် ကိုယ့်ချစ်သူမိန်းကလေးကို လာမတွေ့။ ဆေးကျောင်းသားမို့ စာတွေ များသည်၊ အတန်းချိန်တွေ အပြည့်ရှိသည်၊ ဟိုသွားသည်သွား မလုပ်နိုင်ပါဆိုသည့် အကြောင်းပြချက်နဲ့ သူ့ကျောင်းမှာပဲ သူနေသည်။ အနော်ဇာကသာ မိန်းကလေး တန်မဲ့ သွားသွားတွေ့နေရတာ။

အနော်ဇာကလည်း ဒီလူတစ်ယောက်ကို တော်တော်လေး အရူးအမူး ဖြစ်ရှာပုံမို့ နဲ့တွဒ်မှာ ဝင်မတားသာ။ အဲ ... တားလည်း ဂရုစိုက်မှာတော့ မဟုတ်ပါဘူးလေ။ ကိုယ့်လျှာပဲ ကိုယ်ကိုက်ပြီး အသည်းတယားယားနဲ့ နေရမှာပါပဲ။

ဟော ... အခုတော့ သူမဘာသာပဲ ရတုကို လမ်းခွဲခဲ့ပြီတဲ့။ ကောင်းပေစွ။

ကိုယ့်သူငယ်ချင်းမကလေး ရည်းစားနဲ့ ပြတ်သွားသည့်အတွက် သူငယ်ချင်းကောင်း ပီသစွာ နှစ်သိမ့်ချော့မော့ရမလား၊ အားပေးအားမြှောက်ပဲ လုပ်ရမလား၊ ဆုံးမဩဝါဒခြွေရမလား။





အကြောင်းကဖြင့် သိနေပြီးသား။ အဲဒါတွေ လုပ်စရာလုံးဝ မလို။ ပါးစပ်ကို လုံလုံပိတ်ပြီး အနော်ဇာ ပြောသမျှသာ ထိုင်နားထောင်နေရုံ။

အနော်ဇာက ကရားရေလွှတ်သလို တတွတ်တွတ်ပြောပြပါလိမ့်မည်။ အဲဒီလူကို ဘယ်လောက်ချစ်သည့်အကြောင်း၊ ဘယ်လောက် ယုံကြည်ခဲ့သည့်အကြောင်း၊ အနာဂတ်အတွက် ဘယ်လိုမျှော်လင့်ချက်တွေ ထားခဲ့သည့်အကြောင်း။

တဖြည်းဖြည်း ဇာတ်နာတာတွေ ပါလာမည်။ ထိုလူရဲ့ တာဝန်မကျေပွန်မှုတွေ၊ သစ္စာမဲ့မှုတွေ၊ အပြစ်တွေ၊ ချို့ယွင်းချက်တွေ တစ်ခုချင်း တစ်ခုချင်း ဆွဲထုတ်ပြမည်။ ပြီးတော့ သူမဟာ အဲဒီ ဆိုးဝါးခါးသီးမှုတွေ ဒ းလုံးကို လည်စင်းခံရရှာသည့် သနားစရာ သတ္တဝါလေးလိုမျိုး ပြောမည်။ သူမရဲ့ ဝေဒနာတွေ ဘယ်လောက်ကြီးမားသည့်အကြောင်း၊ ဒီလူကပြီး နောက်ထပ် ဘယ်သူ့ကိုမှ ချစ်နိုင်တော့မှာ မဟုတ်သည့် အကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



သက်တော့သက်သာသည်။ ကိုယ့်ဘက်က ဘာမှ ဝင်ရောက်ပြောဆို ဆွေးနွေးစရာမလို၊ မေးခွန်းမေးစရာမလို၊ နောက်ဆုံး "အင်း" အဲ တောင် ထောက်ပေးစရာ မလိုဘဲ နားသာ ထောင်ပေးနေရုံ။ နောက်ဆုံးမှာ နားငြီးလို့ နားမထောင်ချင်တော့ဘူးဆိုလျှင် ဖုန်းခွက်ကို ဘေးချထားလို့လည်း ရသေးသည်။ (အခုကတော့ သူမနဲ့ မျက်နှာချင်းဆိုင်ကြီး ပြောနေရတာမို့ စိတ်မဝင်စားလျှင်သာ နေရမည်၊ ဖုန်းတော့ ဘေးချပြီး ထိုင်နေလို့မဖြစ်။)

တစ်ခါတစ်ခါများ အိပ်ရာထဲ ပြောလျှင် အနော်ဇာက ပြောကောင်းဆဲ နီတွဒ်က တခူးခူး အိပ်ပျော်သွားတာမျိုးရှိသည်။ နာရီနဲ့ ချီအောင် ပြောပြီးတော့မှ တစ်ဖက်ကလည်း သိကာ ဖုန်းကို ချပစ်လိုက်ရပြီး နောက်နေ့ကျတော့ ရန်တွေဆက်ဖြစ်ကြရော။

ဒါတွေကြောင့်ပဲ နောက်ပိုင်း ဖုန်းပြောသည့်အခါ အနော်ဇာက နီတွဒ်ကို အိပ်ခန်းထဲမှာ မပြောစေတော့ဘဲ သူမ မြင်ကွင်းရှေ့ ခေါ်ထားတော့တာ။





"တကယ်ပါဟယ်၊ ငါ သူ့ကို ဘယ်လောက် ချစ်သလဲဆိုတာ နင် အသိဆုံးပါ၊ သူ့ကို ချစ်လွန်းလို့ ငါ ဘာမဆို သည်းခံခဲ့တာပဲဟာ"

ပြောပြန်ပြီ။

ပြောသည့်သူကတော့ သေသေချာချာ မှတ်ထားသလား၊ မှတ်မထားဘူးလားမသိ။ နီတွဒ်ကတော့ ဒီစကားကြားဖူးတာ ဒါသုံးကြိမ်မြောက်ပဲလို့ ကောင်းကောင်းကြီး မှတ်မိနေသည်။

"သူ ငါ့အပေါ် ဒါမျိုး လုပ်တာကတော့ ရက်စက်လွန်းရာကျပါတယ်ဟာ"

"သူက ဘာလုပ်လို့လဲ"

"သူတို့ အတန်းထဲက အစ်မကြီးတစ်ယောက်နဲ့ တွဲနေတယ်လေ၊ အဲဒီအစ်မကြီးက သူ့အိမ်က သဘောတူထားတာတဲ့၊ ဒီခေတ်ထဲမှာ အိမ်က သဘောတူလို့ မကြိုက်ဘဲ သည်းခံပြီး တွဲနေရတယ်ဆိုတာမျိုး ရှိရောရှိသေးလို့လားဟယ်၊ ငါ့ စိတ်ထင်တော့ မိဘ သဘောတူတာထက်စာရင် သူ စိတ်ပါလို့ကို ဖြစ်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"———"

"ငါလည်း အကျိုးအကြောင်း သေချာတောင် မမေးတော့ပါဘူး၊ မေးနေရင် ငါ သိက္ခာကျမယ် မဟုတ်လား၊ သူ့ကို မျက်နှာချင်းဆိုင် သွားတွေ့ပြီး ရှင့်အကြောင်းတွေ ကြားထားတယ်၊ ဘာများ ဖြေရှင်းချင်သေးလဲ လို့ မေးလိုက်တယ်၊ သူက အူကြောင်ကြောင် လုပ်နေတုန်းပဲ၊ ဒါမျိုးတော့ လုံးဝ သည်းမခံနိုင်ဘူးဆိုပြီး လှည့်ထွက်လာခဲ့လိုက်တယ်၊ ပြီးရော"

"သူက လိုက်မခေါ်ဘူးလား"

"မခေါ်ဘူး၊ ခေါ်လည်း ငါက ပျော့ပြီး ပြန်ပါသွားမဲ့အစားမျိုးမှ မဟုတ်တာ"

ဒါကတော့ သေချာသည်။ ရှေ့ရှေ့က ရည်းစားနှစ်ယောက်နဲ့ ပြတ်လာခဲ့ရာမှာလည်း အနော်ဇာဟာ ပြတ်ပြီဆိုလျှင်တော့ တိခနဲ ဖြတ်ချနိုင်ခဲ့သည်ချည်း။

"တော်ပါပြီဟာ၊ ဒီတစ်ခါတော့ ငါ နောင်တကောင်းကောင်း ရသွားပြီ၊ နောက်ထပ် ဘယ်တော့မှ ရည်းစားမထားတော့





ဘူး၊ အပျိုကြီး လုပ်ပြီး မိဘနဲ့ပဲ အတူနေတော့မယ်၊ မိဘ လုပ်စာပဲ ထိုင်စားတော့မယ်"

သေချာသည်။ ဒါမျိုးပြောပြီဆိုလျှင် မကြာခင် အတွင်းမှာ အနော်ဇာတစ်ယောက် ရည်းစားသစ် ထပ်ရဦးတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုတွံဒ် ... ဘေးခြံက အန်တီ ခေါ်နေတယ်၊ ခဏလောက်တဲ့"

အိမ်က လက်တိုလက်တောင်းခိုင်းသည့် အလုပ်သမားကလေး အပုက သတင်းပေးလာတာမို့ နီတွံဒ်က အိမ်နေရင်း စွပ်ကျယ်ချိုင်းပြတ်ပေါ် ရှပ်အင်္ကျီလက်တိုတစ်ထည် ထပ်ဝတ်ကာ အမြန်ထွက်လာခဲ့ရသည်။

အနော်ဇာတို့ အိမ်မှာက အားကိုးအားထားပြုစရာ ယောက်ျားသားရယ်လို့ မရှိ။ အနော်ဇာ့ အဖေက နိုင်ငံခြားသင်္ဘောအရာရှိမို့ များသောအားဖြင့် နိုင်ငံရပ်ခြား ခရီးထွက်နေရတာကသာ





များသည်။ အိမ်မှာ ကျန်ခဲ့တာက အနော်ဇာတို့သားအမိရယ်၊ အလုပ်သမားတွေရယ်။

အလုပ်သမားဆိုတာကလည်း အိမ်မှ ကိစ္စအားလုံးကို စီမံရသော ဒေါ်ထွေးရီဆိုသည့် အဒေါ်ကြီးရယ်၊ တောက်တိုမယ်ရ ကူလုပ်ဖို့ ခေါ်ထားသည့် မိသဲဆိုသည့် ရှစ်နှစ်သမီးလေးရယ်။ မီးပူတိုက်ဖို့နဲ့ အိမ်သန့်ရှင်းရေးအတွက် မနက်လာ ညနေပြန်သော ကုလားမတစ်ယောက်ရယ်၊ ဒါပဲ ရှိတာ။

ဒီတော့ ယောက်ကျားတစ်ယောက်လုပ်မှ ဖြစ်မည့် အလုပ်မျိုးဆို အန်တီတင့်က နီတွံဒ်ကိုသာ လှမ်းလှမ်း ခေါ်တတ်တာ။

"အန်တီတင့် ခေါ်တယ်ဆိုလို့၊ ဘာခိုင်းစရာရှိလို့လဲဟင်"

"အဟင်း ... သားကတော့ အန်တီ ခေါ်တယ်ဆိုတာနဲ့ ခိုင်းဖို့လို့ပဲ ထင်နေပြီ"

"ဟာ ... မဟုတ်ပါဘူး အန်တီရ၊ ကျွန်တော်က ဒီလိုပဲ မေးရိုးမေးစဉ် မေးလိုက်တာပါ၊ ဘာသဘောမှ မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တော့လည်း ဟုတ်တာပဲကွယ်၊ အန်တီကလည်း သားကိုဆို အားမနာတမ်း ခေါ်ခေါ် ခိုင်းမိနေတယ် တကယ်ဆို သားလည်း ကိုယ့်အလုပ်တွေနဲ့ ကိုယ် ရှုပ်နေမှာပဲ"

"ကျွန်တော်က အလုပ်မရှုပ်ပါဘူး အန်တီတင့်ရာ၊ လုပ်စရာတောင် မရှိလို့ ယောင်ခြောက်ဆယ်ဖြစ်နေတာ၊ ဒါနဲ့ အနော်ဓာရော"

"အောင်မယ်လေး၊ အစောကြီးကတည်းက ထွက်သွားပြီ၊ မိမိအောင်တို့ လာခေါ်လို့လေ၊ သားကသာ အလုပ်မရှုပ်တာ၊ သူကဖြင့် အရှုပ်တွေ လုပ်နေလိုက်တာ မပြောပါနဲ့တော့ကွယ်"

အန်တီတင့် စကားကြောင့် နီတွဒ်က ရယ်မောလိုက်မိသည်။ တကယ်ပါပဲ။ အနော်ဓာ လုပ်နေပုံဟာ အန်တီတင့် ပြောသည့်စကားနဲ့ ကွက်တိ။

တကယ့်ကို အရှုပ်တွေ လုပ်တာ။ မနက်အိပ်ရာနိုးကတည်းက လည်မည် ပတ်မည်၊ စတော့ချ်ရှီးတွေ ကြည့်မည်





သူငယ်ချင်းတွေ စုပြီး အရည်မရ အဖတ်မရ ပေါက်တတ်ကရတွေ ပြောမည်။ မင်းသားတွေ အဆိုတော်တွေဆီ ဖုန်းဆက်မည်။ မိတ်ဆက်စာ ရေးမည်။ ရုပ်ရှင်တွေ ဗီဒီယိုတွေ အသစ်ထွက်တိုင်း ကြည့်မည်။ အသစ်ဖွင့်သမျှ စားသောက်ဆိုင်တွေကို စားဖူးအောင် ဆိုပြီး လိုက်စားမည်။ အဲ ... အဆိုးဆုံးကတော့ ရည်းစားနဲ့ လျှောက်လည်မည်။

စောစောက ပြုံးရယ်လိုက်မိသော နီတွဒ်ရဲ့ မျက်နှာက တဖြည်းဖြည်းလေး ပြန်တည်သွားကာ တည်ရာကနေမဲ့။

ဒေါ်တင့်တင့်ဇော်က နီတွဒ် ဖြစ်သွားပုံကို လူကြီးပီပီ အကဲနိုင်လိုက်ကာ သက်ပြင်းတစ်ချက်ကို ခပ်လေးလေး ချလိုက်မိသည်။

"ဩော် ... အန်တီတင့် ကျွန်တော့်ကို ဘာခိုင်းမလို့လဲ ဆိုတာတောင် မမေးရသေးဘူး"

"အေးကွယ် သားရယ်၊ အန်တို့ကို ဖုန်းခွန်ဆောင်ပေးနေကျ ကုမ္ပဏီက အခု သူတို့ဘာသာ ရုံးမှာ စာရွက်ထုတ် အခွန်တန်းဆောင် မလုပ်တော့ဘဲ ဘီလ်ကို မြို့ထဲက



www.burmeseclassic.com

www.burmeseclassic.com



ရုံးခန်းမှာ လာပေးမှ ရမယ်ဆိုတော့ မထူးတော့ဘူးလေ၊ ကိုယ့်ဘာသာပဲ ဆောင်လိုက်တော့မလို့”

“အာ ... ရတယ်၊ ရတယ်၊ ဒါကြောင့် အန်တီတင့်ကို ကျွန်တော် ပြောသားပဲ၊ ကျွန်တော်တို့လည်း ကိုယ့်ဘာသာပဲ သွားဆောင်ကြတာ၊ တစ်ခါတည်း ပေးလိုက်ပါလို့”

“နောက်ပြီး ရှိသေးတယ် သားရဲ့”

ဒေါ်တင့်တင့်ဇော်က အားတုံ့အားနာနဲ့ ပြုံးရင်း ...

“အန်တီ့ ဟော့ထ်ပလိတ်ကလေ ကြိုးပြတ်တာမဟုတ်ဘဲနဲ့ ဘာဖြစ်လဲ မသိပါဘူးကွယ်၊ မီးကို မလာတော့ဘူး”

“ကျွန်တော် သိပြီ အန်တီ၊ အန်တီ့ ဟော့ထ်ပလိတ်က မီးကြိုးကဝင်တဲ့ဟာနဲ့ ကွိုင်ကို ဆက်ထားတဲ့နေရာမှာ ပြတ်သွားတာဖြစ်မယ်၊ အဲဒါကြောင့် ကွိုင်နှစ်ခုစလုံး မလင်းတာ”

“အဲဒါ ဘာလုပ်ရမလဲဟင်၊ ပြင်ဆိုင်ပို့ရမလား”

“ဒီလောက်လေးနဲ့ ဘာဖြစ်လို့ ဆိုင်ပို့ရမှာလဲ အန်တီရဲ့၊ တချို့ဆိုင်တွေက နားမလည်ပါးမလည်ဆိုရင် ဘာပျက်သွားတာ ညာပျက်သွားတာ၊ ဘာတော့ အသစ်လဲထည့်လိုက်





ရတယ်ဆိုပြီး မတန်တဆ တောင်းဟတ်တာ၊ တကယ်က လျှပ်စစ်မီးဖိုတွေမှာ ဘာမှ ကြီးကြီးကျယ်ကျယ် ခက်ခက်ခဲခဲ ပြင်ရတာ မရှိဘူး၊ ကျွန်တော် ပြင်တတ်ပါတယ်”

“အေးကွယ်၊ အဲဒါဆိုလည်း သားပဲ ကြည့်ပြင်ပေးပါဦး၊ ဪ ... ပြီးတော့ အိမ်မှာ အုန်းနို့ခေါက်ဆွဲချက်ထားတာ စားသွားဦးနော်”

“ဟုတ်ကဲ့”

နီတွဒ်က မီးဖိုပြင်ပြီးလျှင် ဒေါ်တင့်တင့်ဇော် ပြင်ဆင်ကျွေးသော အုန်းနို့ခေါက်ဆွဲကို ထိုင်စားသည်။

အနော်ဇာတို့ အိမ်မှာ အုန်းနို့ခေါက်ဆွဲ မကြာခဏ ချက်စားလေ့ရှိသည်။ အကြောင်းရင်းကတော့ အနော်ဇာက အုန်းနို့ခေါက်ဆွဲဆို သိပ်ကြိုက်တတ်၍ပင်။ အနော်ဇာ ကြိုက်သလို နီတွဒ်ကလည်း ကြိုက်သည်။

အရင်ကတော့ သူတို့အိမ်မှာ အုန်းနို့ခေါက်ဆွဲ ချက်စားပြီဆိုလျှင် အနော်ဇာက နီတွဒ်ကို လာခေါ်ကာ သူမကိုယ်တိုင် ပြင်ဆင်ပေးပြီး အတူစားစေတတ်မြဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေဟာ အတိတ်မှာ ကျန်ခဲ့ပါပြီလေ။ အခုတော့ အနော်ဇာတစ်ယောက် အိမ်က အုန်းနို့ခေါက်ဆွဲကိုလည်း မမက်မောတော့ပြီ။ နီတွဒ်နဲ့ အတူစားရမှ ဆိုသည့် သတ်မှတ်ချက်ကိုလည်း သတိမရတော့ပြီ။

"သား ... စားလေ၊ သားတို့အတွက်ဆိုပြီး အများကြီးပိုချက်ထားတာ၊ အနော်ကတော့ သိတဲ့အတိုင်းပဲ၊ မနက်ကတည်းက ထွက်သွားလိုက်တာ၊ အုန်းနို့ခေါက်ဆွဲချက်စားမှန်းတောင် သိတဲ့ပုံ မပေါ်ဘူး"

ဒေါ်တင့်တင့်ဇော်က တဖျစ်တောက်တောက် ပြောနေသမျှ နီတွဒ်က အပြုံးမပျက် နားထောင်ရင်း အုန်းနို့ခေါက်ဆွဲကိုသာ တွင်တွင်ဖိစားနေရသည်။

တစ်ပွဲကုန်သွားတော့ ဒေါ်တင့်တင့်ဇော်က နောက်တစ်ပွဲ ပြင်ပေးဖို့ လက်လှမ်းလိုက်သည်။

ဒါလည်း အထူးအဆန်းတော့ မဟုတ်။ ကိုယ်ကြိုက်သည့်အစားအစာဆိုလျှင် တဝတပြဲ စားရမှ ကျေနပ်တတ်သော နီတွဒ်ဟာ အနော်ဇာတို့အိမ်က အုန်းနို့ခေါက်ဆွဲဆိုလျှင်





တစ်ပွဲနဲ့ ဘယ်တော့မှမဝ။ ဒီတော့ အတူစားနေသူကပဲ အလိုက်သိတတ်စွာနဲ့ တစ်ပွဲကုန်လျှင် နောက်တစ်ပွဲ တပ်ထည့်ပေးရတတ်မြဲ။

"တော်ပြီ အန်တီတင့်၊ ကျွန်တော် ဝပြီ"

"ဟဲ့ ... ဟုတ်ရဲ့လား၊ ခါတိုင်း မင်း နှစ်ပွဲစားနေကျပါ"

"တကယ်ဝပြီ အန်တီရဲ့၊ ကျွန်တော် ခုနလေးကမှ လက်ဖက်ရည်သောက်ထားလို့ ရင်ခံနေတာ၊ နောက်ပြီး အန်တီတင့်ထည့်ပေးထားတာကလည်း အများကြီးပဲ၊ တစ်ပွဲစာဆိုပေမဲ့ မနည်းကုန်အောင် စားရတာ"

ဒေါ်တင့်တင့်ဇော်က ဘာမှ ပြန်မပြောချေ။ ပါးစပ်ကသာ ပြန်မပြောသော်လည်း ငယ်ရာက ကြီးလာသည့် လူကြီးတစ်ယောက်မို့ ဒီကလေး ဘာဖြစ်နေသည်ဆိုတာကိုတော့ အတတ်သိကာ သက်ပြင်းတစ်ချက်ပဲ ချလိုက်နိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ဘီလေးပေါ် လွှားခနဲ ခုန်တက်ပြီး အားရပါးရနင်းထွက်ခဲ့လျှင် ထုထည်ကောင်းကောင်း အရှိန်ပြင်းပြင်း တိုက်ခတ်နေသော လေထုကို ထိုးခွဲသွားရသည့် အရသာကို နှစ်သက်မက်မောဖွယ်ရာ ခံစားရလေသည်။

စိတ်အပန်းဖြေသည့် သဘောနှင့် စက်ဘီးမစီးဖြစ်တာတောင် ကြာပြီ။ အခုတလော ဖေဖေက သိပ်မကျန်းမာတာမို့ ဖေဖေ့ အလုပ်တွေ ကူလုပ်ပေးနေရတာနဲ့ပဲ လူက ပင်ပန်းမွန်းကျပ်လို့နေခဲ့တာ။





ဒီနေ့တော့ ဖေဖေလည်း နေကောင်းနေတာနှင့်၊ အလုပ်နားရက်လည်း ဖြစ်တာမို့ နီတွဒ်က မစီးဖြစ်တာ ကြာပြီဖြစ်သော စက်ဘီးကို ဆွဲထုတ်၊ ဖုန်သုတ်ပြီး ထွက်စီးတာ။

ပထမတစ်ကြော့အဖြစ် သူတို့ ရပ်ကွက်ကို တစ်ပတ်,ပတ်သွားသော လမ်းအတိုင်း စီးသွားပြီး အိမ်ရှေ့ကို ကျော်ဖြတ်ကာ နောက်တစ်ခေါက် ဆက်နင်းနေစဉ်မှာပဲ တဝီးဝီးအသံနဲ့ အတူ စက်ဘီးတစ်စင်း သူ့ဘေးသို့ ယှဉ်လျက် ရောက်လာသည်။

"ဟေ့ဒ်၊ နင်က တစ်ကိုယ်ကောင်းဆန်တယ်ပျော့လေ၊ တစ်ယောက်တည်း စက်ဘီးထွက်စီးမယ်ပေါ့၊ ငါ့ကို အဖော်မခေါ်ဘူးပေါ့"

"အာ ... မိနော်၊ နင်ကလည်း လန့်လိုက်တာဟာ"

"နင် မဟုတ်တာခိုးလုပ်လို့ လန့်နေရတာပေါ့"

"ခိုးလုပ်တာမှ မဟုတ်တာ၊ ပြောင်စီးနေတာပဲ၊ ကိုယ့်စက်ဘီး ကိုယ်စီးတာ ခိုးလုပ်တယ်လို့ ပြောလို့ရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"အို … ဘာပဲဖြစ်ဖြစ်၊ ငါ မသိအောင် လုပ်တာ ခိုးလုပ်တာပဲပေါ့၊ ငါ့ဆို ဘာပဲလုပ်လုပ် နင့်ကို အသိမပေးဘူးလား၊ မပြောပြဘူးလား"

နီတွဒ်က မျက်ခုံး တရှုံ့ရှုံ့ကလေးနဲ့ မဲ့တဲ့တဲ့ကလေးသာ လုပ်နေရလေသည်။

အနော်ပြောတာလည်း မှားသည်လို့တော့ မဆိုသာ။ နီတွဒ်အပေါ်မှာ သူငယ်ချင်း အရင်းအချာတစ်ယောက်လို (ဘယ်လောက်တောင် ရင်းချာလိုက်သလဲဆိုလျှင် နီတွဒ်ကို ယောကျ်ားကလေးတစ်ယောက်လို့တောင် သဘောမထားတော့ဘဲ မိန်းကလေးအချင်းချင်းလို့ကို ထင်နေတော့တာ) ပွင့်ပွင့်လင်းလင်း မချွင်းမချန် ရင်ဖွင့်တတ်သော အနော်ဇာဟာ သူမ တွေ့ကြုံ၊ ခံစား၊ ကြုံစည်၊ ဖြစ်ပျက်သမျှ အလုံးစုံကို နီတွဒ်ကို ပေးသိစေတတ်မြဲ။

ထိုအကျင့်လေးကို နီတွဒ်က ကြိုက်လည်းကြိုက်သည်။ မကြိုက်လည်း မကြိုက်ချေ။

ကြိုက်သည်ဆိုတာကတော့ ကိုယ့်ကို အရင်းနှီးဆုံးသဘောထားပြီး ဘာမဆို ဖွင့်ဟအသိပေးတိုင်ပင်ခံရသည့် အဖြစ်ကို သဘောကျနှစ်သက်တာ။





မကြိုက်ဘူးဆိုတာကတော့ အနော်ဇာက ပွင့်ပွင့်လင်းလင်း ဖွင့်ဝန်ခံသမျှတွေရဲ့ တစ်ဝက်ကျော်လောက်ဟာ ယောကျ်ားလေးတွေအကြောင်း ဖြစ်နေတတ်ပြီး ဘယ်ကောင်လေး၊ အပေါ် ဘယ်လိုသဘောကျတာ၊ ဘယ်ရည်းစားကိုတော့ ဘယ်လောက်ချစ်တာ စသည့် မခံစားနိုင်စရာ စကားမျိုးတွေ ဖြစ်နေတာပါပဲ။

"နင်နော်နင် … ခုတစ်လောလည်း အိမ်ကို မကပ်ဘူး မဟုတ်လား၊ ပြောစမ်း၊ ငါ့ကို အသိမပေးဘဲ တစ်ယောက်တည်း ဘာတွေ ကျိတ်ကြံနေရတာလဲ"

"အောင်မယ် … ငါးဖယ်က ပြောင်းပြန်၊ နင့်ကို အသိပေးရအောင် နင်က ဖမ်းလို့ရော မိမှာမို့လို့လား၊ ဘယ်တော့ကြည့်လိုက် ကြည့်လိုက် အိမ်မှာဖြင့် မရှိဘဲနဲ့၊ နင့်အိမ်ကို ငါ အမြဲရောက်သွားပဲ၊ တစ်ခါမှ မတွေ့ရဘူး၊ အန်တီတင့်ကတောင် ညည်းနေသေးတယ်၊ သမီးမိန်းကလေး မွေးထားလျက်သားနဲ့ အိမ်ကို မကပ်ဘူးကွယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါ အိမ်မကပ်ပေမဲ့ ဘာမှ မဟုတ်တာ မလုပ်ဘူး၊ သူငယ်ချင်းတွေနဲ့ အပျော်သွားတာပဲ ရှိတယ်၊ မေမေက လည်း စိတ်ချရလို့သာ လွှတ်တာပေါ့"

"ဒါပေမဲ့ အမေပဲဟာ၊ ကိုယ့်သမီးကို တစ်နေကုန်တော့ ဘယ်လျှောက်လည်စေချင်ပါ့မလဲ"

အနော်ဇာက ဘာမှ ပြန်မပြောတော့ဘဲ ထုံပေပေ၊ ဂျစ်ကန်ကန်ရုပ်ကလေးနဲ့ နီတွဒ်ကို ပြန်သာကြည့်နေလေသည်။

"နင့်ကို ငါ မတွေ့ရတာ ကြာပြီ၊ တစ်ခါတလေ ညဘက် ဖုန်းဆက်ဖို့ လှမ်းခေါ်ချင်တာတောင် နင့် အခန်းက မီးမလင်းဘူး၊ နင် ညဘက်တွေပါ အိမ်ပြန်မအိပ်ဘူးလား"

"အိပ်ပါတယ်၊ ငါ ညအိပ်ညနေ အပြင်မထွက်တတ်တာ နင်လည်း သိသားနဲ့"

"ဒါဆို နင်က ဘာလို့ အခန်းထဲမှာ ရှိရဲ့တာလဲ၊ ဒါမှ မဟုတ် ငါနဲ့ စကားပြောရမှာစိုးလို့ မီးပိတ်ပြီး အိပ်ချင်ယောင် ဆောင်နေတာလား"





"မဟုတ်ရပါဘူးဟာ၊ အဲ ... ငါ အခု ငါ့အဖေ အလုပ်မှာ ဝင်လုပ်နေတာလေ၊ တစ်ခါတစ်ခါ အလုပ်တွေ မပြီးရင် အောက်ထပ်စာကြည့်ခန်းထဲမှာပဲ ကွန်ပျူတာကိုင်လိုက်၊ စာရင်းလုပ်လိုက်၊ အစီအစဉ် ပုံကြမ်းဆွဲလိုက်နဲ့ အိပ်ပျော် သွားတာတွေ ရှိတယ်၊ ဒါမှမဟုတ် ဖေဖေ သိပ်နေမကောင်း တဲ့ နေ့တွေဆို ဖေဖေတို့အခန်းထဲ သွားနေပြီး စောင့်ပေး ရတာတွေလည်း ရှိတာပဲ"

"အဲ ... ဟုတ်တယ်နော်၊ ဆောရီးပဲဟာ၊ အန်ကယ်ဆက် နေမကောင်းတာကို ငါ မေ့သွားတယ်၊ နင် အလုပ်တွေ သိပ်ရှုပ်နေမှာပေါ့နော်၊ ငါ ဘာမှ မကူနိုင်ဘူးဟယ်၊ စိတ်မကောင်းလိုက်တာ"

မျက်နှာငယ်ငယ်လေးနဲ့ အခုလို ပြောလာတော့လည်း သနားစရာ။ အနော်ဇာဟာ စိတ်ထားလေးကတော့ ကောင်းရှာ သည်။ နီတွဒ်အပေါ်မှာလည်း တကယ့်ကို အလေးအနက် သံယော ဇဉ်ကြီးရှာတာ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်တော့ မလိုသေးပါဘူး၊ စိတ်ချ၊ နင်လုပ်နိုင်တာတွေ့လို့ကတော့ ငါက အားမနာဘူး၊ အတင်းကို လာခေါ်မှာ"

"ဟယ် ... တကယ် ... တကယ်နော်၊ ငါ လုပ်ပေးနိုင်တာဘာပဲရှိရှိ လာခေါ်ဖို့ မမေ့နဲ့နော်"

"အေးပါဆို"

နှစ်ယောက်သား စကားယည်းပြောရင်း စက်ဘီးကိုလည်း အပြိုင်နင်းလာကြရာက လမ်းချိုးကွေ့တစ်ခု ရောက်လျှင် ...

"အနော် ... ကား ... ကား"

နီတွဒ်ရဲ့ အထိတ်တလန့် သတိပေးသံက နောက်ကျနေပြီ။ လမ်းကြားထဲက ထွက်လာသော ခဲပုပ်ရောင် ကိုရိုလာကားလေးနဲ့ အနော်ဇာ့ရဲ့ စက်ဘီးတို့က ဒုတ်ခနဲ ထိတိုက်မိသွားကြပြီ။

"အား"

"အနော်"





အနော်ဇာ့ အော်သံနှင့် နီတွဒ်ရဲ့ စိုးရိမ်တကြီး အော်သံက ထပ်တူထပ်မျှ ထွက်ပေါ်လာသည်။ လဲပြိုသွားသော စက်ဘီးပေါ်က လွင့်ကျသွားခဲ့သည့် အနော်ဇာခမျာ မျက်နှာလေးရှုံ့မဲ့ကာ ခြေထောက်ကို လက်ကလေးနဲ့ တနှိပ်နှိပ်။

နီတွဒ်က ချက်ချင်းပဲ စက်ဘီးပေါ်က လွှားခနဲခုန်ဆင်းပစ်လိုက်သည်။ အရှိန်သပ်ပြီး သေချာရပ်လိုက်တာလည်းမဟုတ်၊ ဒေါက်လည်း ထောက်ဖို့ အချိန်မရလိုက်တာမို့ လက်လွှတ်လိုက်တာနဲ့ စက်ဘီးက ခပ်ဝေးဝေးအထိ လိမ့်သွားကာလမ်းဘေးတစ်နေရာရောက်မှ ပစ်လဲကျသွားတော့သည်။

နီတွဒ်ကတော့ စက်ဘီးကို ဂရုမစိုက်နိုင်ဘဲ အနော်ဇာ့ဆီသာ အပြေး၊၊၊

သို့သော် သူ နောက်ကျသွားခဲ့ပါသည်။ တစ်စုံတစ်ယောက်က သူ့ထက်အရင် ရောက်နှင့်နေခဲ့သည်။

စောစောက အနော်ဇာ့စက်ဘီးကို ကားနဲ့ ပွတ်တိုက်မိလိုက်သည့်သူ။ ဘယ်လောက်တောင်များ လျင်မြန်ဖျတ်လတ်လိုက်သလဲဆိုတာ ကားစက်သပ်၊ ကားပေါ်ကဆင်းပြီး အနော်ဇာ့



www.burmeseclassic.com

www.burmeseclassic.com



နား လျှောက်သွားလိုက်တာဟာ စက်ဘီးကို ပစ်စလက်ခတ် တွန်းလွှတ်ပြီး အပြေးအလွှားရောက်သွားသော နီတွဒ်ထက်ပင် ဦးသေးသတဲ့။

"ညီမလေး ဘာဖြစ်သွားလဲဟင်၊ ခြေထောက်က သိပ်နာနေလား မထနိုင်ဘူးလား"

"ကားတစ်စင်းလုံးနဲ့ ဝင်တိုက်မိတာပဲဗျ၊ နာမှာပေါ့၊ ခြေထောက်တောင် ကျိုးသွားဦးမယ်"

စိတ်တိုနေသော နီတွဒ်က ကာယကံရှင် ဘာမှ မဖြေ ရသေးခင်မှာ ဒေါ်နဲ့ မောနဲ့ ဝင်ပြောလိုက်တာပင်။

"အို ... မဟုတ်တာ ငတွဒ်ကလည်း၊ ဘာတွေ လျှောက်ပြောနေတာလဲ၊ သူများကို အားနာစရာ"

ဘုရားရေ။

အားနာတယ်။ သူမကို ကားနဲ့ ဝင်တိုးမိပြီး ထိခိုက်ဒဏ်ရာရစေသူကိုကျတော့ အားနာတယ်တဲ့။ သူမဘက်က လိုက်ပြီး ဒေါသထွက်ရန်တွေ့ပေးသူကိုကျတော့ လက်အောက်ငယ်သား လိုပဲ အော်လိုက် ငေါက်လိုက်တာ။





လက်တလော အခြေအနေမှာ အနော်ဇာ့အပေါ် စိတ်ပူတာတစ်ခုကလွဲလို့ ဘာကိုမှ သတိမထားဖြစ်သည့်တိုင် နီတွဒ် ရင်ထဲမှာ အောင့်မျက်မျက်ကလေးတော့ ဖြစ်သွားမိလေသည်။

"ခြေထောက်ကို ထောက်ကြည့်ပါဦး၊ ဆေးခန်းတွေ ဘာတွေ သွားပြဖို့ရော လိုမလား"

"ပြရမှာပေါ့ဗျာ၊ ကားတစ်စင်းလုံးနဲ့ ဝင်တိုက်မိတာ ဖုတ်ဖက်ခါပြီး ထ,သွားနိုင်မလား၊ အခုလောလောဆယ်တော့ နာချင်မှနာဦးမယ်၊ တဖြည်းဖြည်း ပိုနာပြီး ယောင်လာမယ်၊ အရိုးအက်သွားတာတို့၊ အဆစ်လွဲသွားတာတို့ဆိုရင် ကြာလာမှ အခြေအနေပိုဆိုးသွားမှာ၊ ဆေးခန်းကြီးပြပြီး ဓာတ်မှန်ကြိုရိုက်၊ ထရီမဲန့်ထ် ကြိုယူထားမှ ဖြစ်မှာ"

"ဟဲ့"

အနော်ဇာက သူ့ပခုံးကို တဖုတ်ဖုတ်ရိုက်ခတ်သတိပေးနေသည့်တိုင် နီတွဒ်က မသိဟန်ဆောင်ကာ ကိုယ်ပြောချင်တာတွေကိုသာ စွတ်ပြောချပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့မှန်းတော့မသိ။ ဒီလူ့ကို မြင်မြင်ချင်းပဲ နီတွဒ်က မနှစ်သက်နိုင်။ အနော်ဇာ့ကို ကြည့်သည့် သူ့ရဲ့ မျက်လုံးတွေဟာ မရိုးသားဘူးဟု ထင်နေသည်။ အဲဒီလို ထင်နေမိတာကိုကပဲ သူ ဘယ်လောက်ပြုံးရွှင်ချိုသာနေနေ နီတွဒ်အတွက်ကတော့ အမြင်ကတ်စရာရုပ်ကြီး ပေါက်နေစေတော့သည်။

"ဟုတ်ပါတယ်၊ ဒီက ညီလေးပြောတာ အမှန်ပါပဲ၊ ထိခိုက်ဒဏ်ရာရပြီးမှတော့ ဆေးခန်းသွားပြီး စစ်ဆေးထားတာ အကောင်းဆုံးပေါ့၊ ဒါမှ လိုအပ်ရင် စောစောစီးစီး ကုသလို့ရမယ်၊ မလိုအပ်ဘူးဆိုတော့လည်း စိတ်ရှင်းတာပေါ့ ကွာ"

ပြောပုံဆိုပုံကတော့ တကယ့်ကို ကျွမ်းကျင် ပါးနပ်သည့် လူကြီးလူကောင်း တစ်ယောက်လိုပါပဲ။ အနော်ဇာ တို့များဆိုကြည့်၊ ပါးစပ်လေး အဟောင်းသားနဲ့ နှစ်နှစ်ခြိုက်ခြိုက်ကြီး ငေးမောနေလိုက်တာများ အောက်မေးရိုး ပြုတ်ကျမှာ စိုးရသေးသည်။

နားထဲမှာ အန္တရာယ် အချက်ပေးခေါင်းလောင်းသံတွေ ဆူညံစွာ မြည်ဟည်းလို့သွားသည်။





ဒါဟာ ... ဒါဟာ ဇာတ်လမ်းတစ်ခုရဲ့အစ ဖြစ်ချင်ဖြစ်နေနိုင်သည်။

ဒီနေ့ အားလပ်ချိန်လေးရတာမို့ စက်ဘီး ထွက်စီးမိတာကိုက မှားတာ။ စက်ဘီး ထွက်မစီးဘဲ အိမ်မှာပဲ နေလိုက်လျှင် မရွှေနော်တို့လည်း စက်ဘီး လိုက်စီးစရာအကြောင်း မရှိ။ အဲဒါဆိုလျှင် ဒီလူကြီးကားနဲ့ ဝင်တိုးမိစရာအကြောင်းလည်း မရှိ။

ကိုယ့်ခေါင်းသာကိုယ် လက်သီးနဲ့ ပိတ်ထုပစ်ချင်တော့တာပဲ။

အားလုံးဟာ ကိုယ့်အမှား။ ကိုယ် အသုံးမကျလို့ ဖြစ်ရတာ။

ရှေ့ဆက်တွဲ ပြဿနာတွေ ဖြစ်လာဦးမည် ဆိုလျှင်တော့ အဓိက တရားခံကို ဝေးဝေးလံလံ လိုက်ရှာမနေနဲ့။ အဲဒါကတော့ မင်းဆွေဆက်ဆိုသည့် နီတွဒ်ကလွဲလို့ တခြားဘယ်သူမှ မဖြစ်နိုင်တော့ချေ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်"

ဘုရား ... ဘုရား။ တကယ်ပဲ ကြားရပြီ။

ဒီရက်ပိုင်းတွေမှာ အနော်ဇာထံက ဖုန်းဆက်စကား ပြောဖို့ အချိန်းအချက်လုပ်သည့် အသံကို မကြားရပါစေနဲ့လို့ ကျိတ်ပြီး ဆုတောင်းနေမိတာ။

နီတွဒ်တို့ ဘယ်လောက်တောင်များ ကြောက်တငေ်ာ သလဲဆိုလျှင် အနော်ဇာ လာခေါ်နေမှာစိုးလို့ ကိုယ့်အခန်းမှာတောင် ကိုယ်မနေရဲဘဲ အောက်ထပ်က စာကြည့်ခန်းထဲ သွားသွားအိပ်နေရတာ။





ဒီနေ့တော့ စာကြည့်ခန်းထဲ တစ်ယောက်တည်း နေရတာ ပျင်းလာတာနှင့်ပဲ ကိုယ့်အခန်းထဲ ကိုယ် တိတ်တိတ်လေး ပြန်ဝင်နေတာ။ ဒါတောင် မီးမဖွင့်ရဲဘဲ လူမရှိလေဟန်နဲ့ အမှောင်ချထားကာ အမှောင်ထဲမှာသာ လှုပ်ရှားသွားလာနေရတာ။

ဒီလောက် လျှို့လျှို့ဝှက်ဝှက်၊ ခိုးခိုးဖွက်ဖွက် နေတာတောင်မှ မရွှေနော်က သိဖြစ်အောင် သိလိုက်သေးသည်။

နီတွဒ်က မတတ်သာစွာပဲ ဝရံတာအပြင် ထွက်ရပ်ကာ ဖုန်းပါ တစ်ခါတည်း ကောက်ဆက်လိုက်ရသည်။

"နင် ဘယ်ပျောက်နေပြန်ပြီလဲ ငတွဒ်"

"အလုပ်တွေ များနေလို့ပါဟာ"

နီတွဒ်က နားအေးရောဆိုသည့် သဘောနှင့် အလွယ်ဆုံး ဆင်ခြေကိုပဲ ကောက်ပေးလိုက်သည်။ စိတ်ထဲကတော့ နင်ရော ပျောက်နေတာ မဟုတ်ဘူးလားလို့ ပြန်ပြီး ရန်တွေ့ပစ်လိုက်ချင်တာ။

"နင်ကတော့ ဆယ့်နှစ်ရာသီ အလုပ်များနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



အနော်ဇာက သူ့ကို အလွယ်တကူ ယုံကြည်သွားတာလား၊ ဒါမှမဟုတ် နောက်ထပ် သူမ ဆက်ပြောမည့် စကားအတွက်ပဲ အာရုံအပြည့်စူးစိုက်ထားတာမို့ သူ ဘာပြောပြော စိတ်မဝင်စားနိုင်တော့တာလားတော့မသိ။ နောက်ထပ် အငြင်းအခုန်တော့ မလုပ်တော့ချေ။

"ငါ့မှာ အရေးတကြီး ပြောစရာရှိနေတာဟ၊ နင့်ကို ပြောမလို့ စောင့်နေတာ သုံးရက်တောင် ရှိသွားပြီ"

ထင်ပါတယ်။ ထင်ပါတယ်။ ဒီလိုပဲ လာတော့မည်ဆိုတာ။

ဟိုတစ်နေ့က သူ့ကြောင့် ဖြစ်ရလို့ တာဝန်ယူတာမျိုး မဟုတ်ဘဲ အစ်ကိုတစ်ယောက်က ညီမတစ်ယောက်ကို စေတနာနဲ့ ကူညီသလိုမျိုး ကူညီချင်လို့ပါလို့ အပြောချိုချိုနဲ့ ပြောပြီး ဆေးခန်း လိုက်ပို့ပြီးသည့်နောက်မှာ ကိုထင်အောင်ဇော်ဆိုသည့် လူကို နီတွဒ်က ဆက်မတွေ့ဖြစ်တော့ပါ။

အဲ ... ဒါက သူ့ဘက်ကအပိုင်း၊ သူ တစ်ယောက်တည်း မတွေ့တာ။ သူ့ကွယ်ရာမှာ အနော်ဇာနဲ့ကတော့ ဘယ်နကြိမ်၊ ဘယ်နခါလောက်တောင်မှ တွေ့ဆုံပြီးနေပြီလဲမသိ။





သူ မသိ မမိလိုက်သော အချိန်အတွင်းမှာ အဖြစ်အပျက်တွေဟာ အများကြီး ဖြစ်ပွားသွားနိုင်သည်။ ဟိုလူဟာ လူမှုရေးအသိစိတ်ဓာတ်အပြည့်ရှိသူ ဟန်ဆောင်ပြီး အနော်ဇာ့ကို အဆက်မပြတ် သတင်းတွေ မေးနေနိုင်သည်။ ဆေးခန်းကို လိုက်ပို့နေနိုင်သည်။ အကိုက်အခဲ ပျောက်ဆေးတို့၊ စားသောက်ဖွယ်ရာတို့ ယူလာပြီး ပေးချင်ပေးနိုင်သည်။ အဲဒီကစပြီး လူကြီးမိဘတွေနဲ့ပါ ရင်းနှီး၊ အိမ်ကို လိုလိုလားလား ဝင်ထွက်ခွင့်ရ၊ နောက်တော့ အနော်ဇာ့ကို ဖွင့်ပြော၊ နှစ်ဖက်မိဘ သဘောတူညီချက်ယူ၊ မကြာခင်မှာ စေ့စပ်ပွဲလုပ်ဖို့ စီစဉ်ကြ။

"ဘာလဲ ... နင်တို့ စေ့စပ်ကြတော့မှာလား"

"အာ ... နင် ဘာတွေ ပြောနေတာလဲ"

"မသိဘူးလေ၊ အရေးတကြီး ပြောစရာရှိတယ်ဆိုလို့"

"အရေးကြီးတယ် ဆိုတိုင်း ငါ စေ့စပ်တာ ဖြစ်ရမလားဟ"

"ဒါဖြင့် မဟုတ်သေးဘူးပေါ့"

"ပေါက်ပေါက်ရှာရှာဟာ၊ မဟုတ်သေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟူး ... တော်ပါသေးရဲ့။ ဒီအဆင့်အထိ မရောက်သေးဘူးပေါ့။

"ဒါဖြင့် နင် ပြောချင်တာက ဘာလဲ"

"ကိုကြီးကလေ"

"ဘာ ... ဘာ ... ကိုကြီး၊ ဘယ်က ကိုကြီးလဲ"

"ဩော် ... အဟဲ ... နင့်ကို ပြောဖို့ မေ့နေတယ်ဟ၊ ကိုထင်အောင်ဇော်ကို ငါက ကိုကြီးလို့ ခေါ်တာ၊ သူက ငါ့ထက် ကိုးနှစ်နဲ့ သုံးလ ပိုအသက်ကြီးတယ်လေ၊ အစ်ကိုကြီး အရွယ်ဆိုတော့ ကိုကြီးလို့ ခေါ်တာပေါ့"

အစ်ကိုကြီးအရွယ်တဲ့။ ဟင်း ... ဒီလူကြီးကိုလား အစ်ကိုတစ်ယောက်လို သဘောထားမှာ။

"ဟိုကရော နင့်ကို ညီမငယ်လို့ ပြန်မခေါ်ဘူးလား"

"ညီမလေးလို့ပဲ ခေါ်တာပါ၊ နင် ခေါ်တဲ့ အသံကြီးကလည်း အခြောက်သံကြီးလိုလို ဘာလိုလိုနဲ့ အမြင်ကတ်စရာကြီး"





"တမင်ခေါ်ပြတာဟော့၊ ရုပ်ရှင်ထဲမှာ မိန်းကလေးငယ်ငယ်လေးတွေကို မတရား ကြံချင်တဲ့ အသက်ကြီးကြီး ဗီလိန်ကြီးတွေရဲ့ အသံမျိုး၊ နင် မကြားဖူးဘူးလား၊ အစ်ကိုကြီးက ညီမငယ်ကို အတည်ကြံတာပါကွယ် ... ငှဲ ... ငှဲ ... ငှဲ"

"ဟဲ့ ကောင်စုတ်၊ နင့်စကားက မိုက်ရိုင်းလှချည်လားဟဲ့"

"ငါ စကားနဲ့ပဲ မိုက်ရိုင်းတာပါ၊ လက်တွေ့ မပါသေးဘူး"

"ကိုကြီးကဖြင့် အရမ်းယဉ်ကျေးသိမ်မွေ့တာ၊ လူကြီးလူကောင်းဆန်လိုက်တာလည်း မပြောပါနဲ့တော့"

"ကိုရတုတုန်းကလည်း နင် ဒီလိုပဲ ပြောခဲ့တာပါပဲ"

"ဟဲ့ ... ကွာတယ်ဟဲ့၊ ရတုက ငါ့ထက် နှစ်နှစ်ပဲကြီးတာ၊ ဆွေစဉ်မျိုးဆက် ယဉ်ကျေးသိမ်မွေ့တဲ့ သူတွေဖြစ်လို့သာ သူလည်း ယဉ်ကျေးနေတာ၊ သူ့ဘာသာ သဘာဝက အလိုအလျောက် ဖြစ်နေတာတော့ မဟုတ်ဘူး၊ ကိုကြီးက မူလဗီဇကိုက နူးညံ့သိမ်မွေ့တာ"

"ထင်တုန်းတော့ ဒီလိုပဲပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"သေချာပါတယ်ဆို၊ ငါ အန်ကယ်ထွန်းကိုပါ မေးကြည့်ပြီး သွားပြီ၊ ဟုတ်တယ်တဲ့၊ သူက စီးပွားရေးလောကမှာလည်း လူတော်သလောက် စိတ်ထားကောင်းတဲ့သူ"

အန်ကယ်ထွန်းဆိုတာ စီးပွားရေးလောကမှာ သူ့ကို လည်း မသိသူ မရှိ။ သူကလည်း မသိသူမရှိလောက်အောင် အောင်မြင်မနေသော အနော်ဇာ့ဦးလေး ဖြစ်ပါသည်။

"နင်က အန်ကယ်ထွန်းကိုတောင် သွားမေးထားတယ် !၊ နင်နဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်လို့တော့ မဟုတ်ဘူးပေါ့၊ ကိုယ်သိတဲ့ သူတစ်ယောက် အကြောင်း စကားစပ်မိလို့ မေးတာပဲဟာ၊ ဘာဖြစ်သေးလဲ"

"ကိုယ့်ဦးလေးကိုများ ယောကျ်ားလေး တစ်ယောက် အကြောင်း မေးရတယ်လို့၊ နင် မရှက်ဘူးလား၊ ကြောက်ရော မကြောက်ဘူးလား"

"ငါ ဘာမှ မဟုတ်တာ လုပ်မထားဘူး၊ ရှက်စရာလည်း မရှိ၊ ကြောက်စရာလည်း မရှိဘူး"

"နင်ကတော့ စံပါပဲဟာ"





ဒီထက်လည်း ဘာပိုပြီး ပြောလို့ရတော့မှာလဲ။ အနော်ဇာဆိုသည့် ကောင်မလေးက သူမ လုပ်ချင်ပြီဆိုလျှင် ဘယ်သူမှ ပြောလို့ တားလို့ ရတော့တာမဟုတ်။ အထူးသဖြင့် တော့သူမ ငယ်ငယ်ကလေးတည်းက နိုင်စားလာရသည့် နီတွဒ်ကို ဆို ပိုဆိုးတော့တာပေါ့။

"နင် လျှောက်ပြောနေတာနဲ့ ငါ ပြောချင်တဲ့စကားတောင် ဘယ်ပျောက်သွားမှန်း မသိဘူး၊ အဟီး ... ကိုကြီးက ကိုကြီးကလေ ငါ့ကို ..."

သွားပြီ။ နောက်ဆုံးတော့ ဒီဘူတာဆိုက်တာပါပဲ လား။

"အဟီး ... သူက ငါ့ကို လက်ထပ်ချင်လို့တဲ့"

"ဘာ ... ချစ်တယ်လို့ ပြောတာ မဟုတ်လား"

"မဟုတ်ဘူး၊ ချစ်တယ်ဆိုတာ ကလေးတွေ ပြောတဲ့စကားမို့ သူ့အသက်အရွယ်က စိတ်ကူးယဉ်ပြီး အပျော်ရည်းစားထား ရမဲ့အရွယ် မဟုတ်တော့ဘူး၊ ဦးနှောက်နဲ့ စဉ်းစားပြီး ဘဝအတွက် ခိုင်မာတဲ့ အဆောက်အအုံတစ်ခု ဆောက်ရ



www.burmeseclassic.com

www.burmeseclassic.com



တော့မဲ့အရွယ်တဲ့၊ ဒီတော့ ချစ်တယ်ဆိုတဲ့ ပေါ့ပျက်ပျက် အဆင့်ကို ကျော်ပြီး လက်ထပ်ဖို့အတွက်ပဲ ပြောတော့မယ်တဲ့"

"ဘာ ... ချစ်တယ်ဆိုတာ ပေါ့ပျက်ပျက် ဟုတ်လား၊ ဒီလူက အချစ်ကို ဘာနဲ့ တွဲမြင်လို့ ပေါ့ပျက်ပျက်လို့ ပြောတာလဲ ၊ ယောကျ်ားမိန်းမ အတူတွဲ သွားရုံ၊ စကားနဲ့ ဖွဲ့နွဲ့ ပြောရုံ၊ ထိတွေ့ရုံလောက်ကိုပဲ အချစ်လို့ ထင်နေတာလား၊ ဟုတ်လား"

"ဒါတော့ မပြောတတ်ဘူးလေ၊ ဘာပဲဖြစ်ဖြစ် ဒါတွေက အရေးမကြီးပါဘူး"

ဘာက အရေးကြီးသလဲ။

နဂိုဗီဇအားဖြင့် အလွန်တရာမှ အငြင်းသန်တတ်သော အနော်ဇာဟာ အခုတော့ ယှဉ်ပြိုင်ငြင်းခုန်ရမည့် စကားမျိုးဆို သိပ်အရှည်ဆွဲပြောမနေတော့ဘဲ ခပ်မြန်မြန် ဖြတ်ချ၊ ကျော်ချသွားတတ်တော့တာ။

"ငါ ... ငါ သူ့ကို အဖြေပြန်ပေးလိုက်တော့မလို့"





"ဘာလဲ ငြင်းမလို့လား၊ နင် ကိုယ်တိုင်ငြင်းရမှာ အားနာနေလို့လား၊ ရပါတယ်လေ၊ ဒါဆို စာနဲ့ ရေးပေးလိုက်၊ ငါ သွားပေး,ပေးမယ်"

"မငြင်းပါဘူး၊ ဘာလို့ ငြင်းရမှာလဲ"

သိသိကြီးနဲ့ ဖြစ်စေချင်တာကို ဖွင့်ပြောလိုက်တာဖြစ်သော်လည်း ကာယကံရှင်ထံက တကယ်လက်တွေ့ ကြားလိုက်ရသည့်အခါကျတော့ ဘယ်လိုမှ နားဝင်မချိုနိုင်ပြန်ပါ။

"နင်ပဲ ယောကျ်ားတွေကို စိတ်ကုန်ပြီဆို၊ ရည်းစားမထားတော့ဘူးဆို၊ အပျိုကြီးလုပ်ပြီး မိဘလုပ်စာပဲ ထိုင်စားတော့မယ်ဆို"

"ပြောဖူးလို့လား"

"ပြောတာပေါ့၊ သေသေချာချာကို ပြောတာ၊ အောင်မာ၊ မုန်လာဥ လုပ်ချင်သေးတယ်"

"ငါ တကယ်မေ့သွားလို့ပါဟ"

"အေး ... ဒါဆိုလည်း အခု သတိရလိုက်တော့ နင်တကယ်ပဲ အဲဒီအတိုင်းပြောခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ မရတော့ဘူးဟ၊ အဟဲ … ငါက ဆုံးဖြတ်ပြီးသား ဖြစ်နေပြီ"

"နင်ကများ ပြောရတယ်ရှိသေး၊ ဆုံးဖြတ်ချက်ကို ခုတစ်မျိုး တော်ကြာတစ်မျိုး၊ အားတိုင်းပြင်နေတတ်တဲ့သူက"

"လူဆိုတာ ဗလောင်းဗလဲ လုပ်တတ်တဲ့ အကျင့်ရှိတာ မကောင်းဘူးဟဲ့၊ သူများကို မပြောရသေးပေမဲ့ ကိုယ့်စိတ်ထဲက ပိုင်းဖြတ်ပြီးသားဆိုရင် အတိအကျ လိုက်နာဖို့သင့်တယ်၊ ဒါမှ ကိုယ့်ကိုယ်ကိုယ် လေးစားရာရောက်မယ်"

သေ … သေ။ နင် အဲဒီနေရာမှာတင် လဲသေလိုက်ပါလား မိနော်ရဲ့။

ကိုယ် ဖြစ်ချင်တာကို ဖြစ်အောင် လုပ်ဖို့အတွက်ကျတော့ စကားကြီး စကားကျယ်တွေ ပြောတတ်နေလိုက်တာ။ သူမ မလုပ်ချင်တာများဆိုလျှင်တော့ ရှုံ့မဲ့တွန့်လိမ်ကာ အကြောင်းပြချက်မျိုးစုံနဲ့ ရှောင်လွှဲပြပါလိမ့်မယ်။

နောက်ဆုံးတော့ နီတွဒ် ကြိုတင်ကြောက်ရွံ့ခဲ့သည့် အဖြစ်ကြီးဟာ ဖြစ်ကို ဖြစ်လာတော့တာပါပဲလား။





အနော်ဇာဟာ နောက်ထပ် ယောက်ျားတစ်ယောက်ကို ချစ်သွားတော့မည်။ ဒီတစ်ခါ အနော်ဇာ ရွေးချယ်တော့မည့် ယောက်ျားရဲ့ ပုံစံက အရင်လူတွေလို ကပျက်ကချော်၊ ပေါ့တီးပေါ့ရှန်မဟုတ်။ စိတ်ထင်တိုင်း လျှောက်လုပ်နိုင်ကြသည့်၊ ဘာလုပ်လုပ်လည်း လူငယ်တွေပဲလေဆိုသည့် စကားတစ်ခွန်းနဲ့ ခွင့်လွှတ်ခံရမည့်အရွယ်လည်း မဟုတ်တော့။ စကားတစ်ခွန်းကို ဆိုခဲ့စေ၊ မြဲစေဆိုပြီး ထိန်းသိမ်းရတော့မည့်အရွယ် ရောက်နေပြီ။ ကိုယ်ပြောဖူးသည့် စကားတစ်ခွန်းရဲ့ ကောင်းကျိုးဆိုးကျိုး မှန်သမျှကို တာဝန်ယူရတော့မည့်အရွယ် ရောက်နေပြီ၊ ဒီလိုလူမျိုးက အသေအချာ ပြောလာပါပြီဆိုမှတော့ တော်ရုံတန်ရုံနဲ့ ပြောင်းလဲပျက်စီးဖို့ မလွယ်တော့။

"နင် ဘယ်လိုသဘောရလဲ"

"ဘာကိုလဲ"

"ငါ သူ့ကို အဖြေပေးမှာကိုပေါ့"

"ငါ့သဘောအစစ်အမှန်ကို ပြောရမှာလား"

"ပြော"



www.burmeseclassic.com

www.burmeseclassic.com



"မပေးနဲ့"

"ဘာရယ်"

"သူ လိုချင်တဲ့အဖြေကို မပေးနဲ့လို့ပြောတာ၊ ငြင်းပစ်လိုက်၊ ပြတ်ပြတ်သားသား ငြင်းချပစ်လိုက်"

"အင် ... ဘယ်ဖြစ်မလဲ၊ ငါက ဘာလို့ ငြင်းရမှာလဲ"

"နင်ပဲ ငါ့သဘောထားကို ပြောပါဆို၊ ငါက နင့်ကို ငြင်းပစ်စေချင်တယ်လေ"

"ဘာဖြစ်လို့ ငြင်းစေချင်တာလဲ"

ဘာဖြစ်လို့လဲဆိုတော့ နင့်ကို ငါ သိပ်ချစ်လို့။ ဘယ်သူ့နောက်ကိုမှ အပါမခံနိုင်လို့။

ထိုစကားစုတို့ကိုတော့ နီတွဒ်က ရင်ထဲကပဲ ပြောဖြစ်လိုက်တာပါ။ တကယ်တမ်းတော့ ဘယ်ဖွင့်ပြောရဲမလဲနော်။ သိပ်ကို စိတ်ဆတ်တဲ့ သူ့ရဲ့ သူငယ်ချင်းမကလေးဟာ သူမ မကြိုက်သည့် စကားကို ပြောလိုက်လို့ကတော့ ငယ်စာရင်းဖျက်ကာ သူငယ်ချင်းစာရင်းကတောင် အပြီးတိုင် ထုတ်ပယ်ချင် ထုတ်ပယ်ပစ်လိုက်မှာ။





အဖြူရောင်တဲ့။ ငါးရာ့နှစ်ဆယ့်ရှစ်တဲ့။ သန့်ရှင်းတဲ့ သူငယ်ချင်းအချစ်တဲ့။ အလကားတွေ။

အဲဒီစကားလုံး လှလှတွေကပဲ သူ့နှလုံးသားကို ဘောင်ခတ်အကျဉ်းချပစ်လိုက်တော့တာ။

သူ ကိုယ်တိုင်လည်း ထိုအကျဉ်းထဲက လွတ်အောင် မရုန်းနိုင်။ ထိုင်နေအကောင်းသား။ ထသွားမှ ကျိုးမှန်းသိဆိုတဲ့ စကားပုံ ရိုးရိုးနဲ့ပဲ နှိုင်းပြရမည်။ သူငယ်ချင်းလို နေတာကမှ အနော်ဇာ့ဘေးက အမြဲတမ်း တွဲကပ်ပါခွင့်ရနေပြီး၊ သူမလိုသမျှ ဖြည့်ပေး၊ ကူညီပေးခွင့်ရနေသေးသည်။ ဟော ... ဖွင့်ပြောလိုက်လို့ အနော်ဇာက စိတ်ဆိုးသွားပြီး သူငယ်ချင်းအဖြစ်ကတောင် ရပ်စဲလိုက်ပြီဆိုလျှင် အနားမှာ နေခွင့်လေးတောင်မှ ဆုံးရှုံးသွားတော့မှာ။

"နင် ငါ့ကို အရင်လို မခင်တော့မှာစိုးလို့ပေါ့"

"အောင်မယ်လေး၊ ဟား ဟား၊ ဘာများလဲလို့ တွေဒ်ရယ်၊ ယောက်ျားယူသွားတာနဲ့ နင့်ကို မခင်တော့ဘဲ နေနိုင်ပါ့မလား ဟ၊ ယောက်ျားက ယောက်ျားပဲ၊ နင်က ငါ့ရဲ့ အခင်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းပဲ၊ တခြားလူတစ်ယောက်ကြောင့်တော့ နင်နဲ့ ငါကြားက သံယောဇဉ်ဟာ ပြတ်တောက်မသွားနိုင်ပါဘူး ဟာ”

ဒီလောက် ကြားရရုံနဲ့ပဲ ကျေနပ်နိုင်ပါပြီ။ နီတွဒ် ဆိုတာ အနော်ဇာ့အတွက် တခြားဘယ်သူနဲ့မှ မယှဉ်သာသော သီးသန့်နေရာလေးတစ်ခုမှာ ရှိနေသည့် လူသားတစ်ယောက် ဆိုလျှင် သူ ပေးဆပ်ခဲ့သမျှနဲ့ တန်ပြီလို့ ဆိုရမှာပါပဲ။

“အဲဒီအတွက်တော့ စိတ်ချ၊ ငါ့ဘဝမှာ အမေနဲ့ အဖေ ပြီးရင် အရေးအပါဆုံးက နင်ပဲ၊ နင့်ကို ငါ့အစ်ကိုလို မောင်လို၊ အင်း ... အဲဒီလိုထက်တောင်မကဘူး၊ ငါ့ရဲ့ ကိုယ်ခွဲတစ်ယောက်လိုကို သဘောထားတာ”

“ဒီစကား ကြားရရုံနဲ့ ငါ ကျေနပ်ပါပြီဟာ”

“ကဲ ... ဒါဆိုပြော၊ ငါ သူ့ကို အဖြေပေးလိုက်ရတော့မလား”

ဩော် ... လက်စသတ်တော့ ဒီစကားက မပြီးသေးဘဲ ကိုး။ စောစောက ကြည့်နူးနေတာလေးတွေတောင် ကြက်ပျောက် ငှက်ပျောက်။





“ဒါကတော့ နင့်သဘောပဲလေ၊ ပေးချင်လည်း ပေးလိုက် ပေါ့၊ နောက်ကျလို့ အဆင်မပြေရင်သာ ငါ့ကို လာမညည်းနဲ့”

မတတ်သာတော့ပါဘူးလေ။ တားလို့မှ မရတော့မဲ့ အတူတူ လက်ခံပေးလိုက်ရတော့မှာပေါ့။ နောက်တော့သာ။

* * *



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရှေ့ ဘုတ်ခနဲ ပစ်ကျလာသော အပြာရောင် ဖိုင်တွဲကြီးကို နီတွဒ်က စိတ်လက်မသက်သာစွာ ကောက်ကိုင်လိုက်ရသည်။

"လောလောဆယ် ကျွန်တော် စုံစမ်းလို့ရသမျှကတော့ ဒီလောက်ပဲ၊ ကိုတွဒ် စိတ်မကျေနပ်သေးဘူးဆိုရင် နောက်ထပ် ကိုတွဒ် သိချင်တာတွေ ပြောပြလိုက်၊ ကျွန်တော် ရအောင် စုံစမ်းလာပေးမယ်"

"အေးကွာ၊ ငါ ဖတ်ကြည့်လိုက်ဦးမယ်၊ ရော့ ... ဒီမှာ မင်းအတွက် မုန့်ဖိုး"





လူလည်လောကမှာတော့ ဖျံကြီးလို့ ခေါ်ရသည့် ကောင်လေးက နီတွဒ် ထုတ်ပေးသော တစ်ထောင်တန်ငါးရွက်ကို တရိုတသေ လှမ်းယူသွားသည်။

ဖျံကြီးဟာ နီတွဒ်ရဲ့ တပည့်စစ်စစ်တော့ မဟုတ်။ သို့သော် အရေးကြုံ၊ အကူအညီလိုလာတိုင်း ဖျံကြီး ရှိတတ်သည့် နေရာတွေမှာ လိုက်ရှာပြီး ကိုယ်တိုင် တွေ့လည်း ကိုယ်တိုင်၊ မတွေ့လည်း တစ်ဆင့်မှာထားခဲ့လိုက်လျှင် တစ်ရက်နှစ်ရက် အတွင်း ဖျံကြီး သူ့ဆီ ရောက်လာရော။ အဲဒီအခါကျ လိုသည့် အကူအညီ တောင်းပေတော့။

လူမိုက်တွေမှာလည်း လူမိုက်သစ္စာ၊ လူမိုက်သံယောဇဉ်ဆိုတာ ရှိတတ်တာပဲလေ။ သူ့ကို လူမိုက်အချင်းချင်း ဝိုင်းရိုက်ကြသည့်အထဲက တစ်ခါကယ်တင်ဖူးသော နီတွဒ်ကို ဖျံကြီးက သခင်တစ်ယောက်လို ကျေးဇူးသိကာ သစ္စာစောင့်သိတာ။

အစကတော့ ပြုပြင်ရေးသဘောနှင့် ဖျံကြီးကို သူ့ အဖေ အလုပ်ထဲမှာ တစ်နေရာပေးထားဖို့ နီတွဒ်က စိစဉ်ပါသေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် သူတို့ လူတန်းစားကလည်း ခက်သားလား။ မကောင်းမှုမှန်း သိလျက်နဲ့ကို ဒီလိုနေရာမျိုးမှာ ပျော်မွေ့ချင်နေတတ်လေရာ၊ အတိအကျ သတ်မှတ်ထားသော လစာနှင့် အတည်တကျ အလုပ်တစ်ခုဟာ သူ့အတွက်တော့ ဘယ်လိုမှ မက်မောချင်ဖွယ်ရာမကောင်းသည့် အနှောင်အဖွဲ့တစ်ခုပဲ ဖြစ်လို့နေသည်။

နောက်ဆုံးတော့ သဗ္ဗေသတ္တာ ကံမသက္ကာပဲ ထားလိုက်ကာ ဖျံကြီးကို လမ်းကြုံလျှင် ကူညီစောင့်ရှောက်တာမျိုးပဲ လုပ်ဖြစ်တော့သည်။ အဲ ... ပြီးတော့ ကိုယ် အကူအညီ လိုလာတော့လည်း ခေါ်ခိုင်းတာပေါ့။ တစ်ခါပြုခဲ့ဖူးသည့် ကျေးဇူးကို တစ်သက်စာမှတ်ထားတတ်သည့် ဖျံကြီးကလည်း နီတွဒ် ခိုင်းတာဆိုလျှင် အသေအချာ၊ အလျင်အမြန်ကို ဆောင်ရွက်ပေးတတ်တာ။

"ကိုတွဒ် နောက်ထပ် ဘာခိုင်းဦးမလဲ"

ဖျံကြီး မျက်နှာက ထိန်းချုပ်ထားသည့်ကြားထဲက ရယ်ချင်ဟန် ပေါက်နေသည်။





ကိုယ့်တပည့် လက်သားလို သဘောထားနေရသူ ဖြစ်ပေမဲ့ ဒီလို ဆင်တူအဖြစ်အပျက်အပျက်မျိုးပဲ အကြိမ်ကြိမ် ကြုံနေရသည့်အခါ နီတွဒ်က ခပ်ရှက်ရှက်တော့ ဖြစ်မိသားပင်။

သင်းမကောင်းလို့။ အားလုံးဟာ သင်း လျက်ချက်တွေချည်းပဲ။

"အေးကွာ လောလောဆယ်တော့ ငါ ဒါတွေ ဖတ်ကြည့်လိုက်ဦးမယ်၊ အစီအစဉ် ဆွဲစရာရှိလည်း ဆွဲရဦးမှာဆိုတော့ နောက်မှပဲ မင်းကို လှမ်းဆက်သွယ်လိုက်တော့မယ်"

ဖျံကြီးက ရိုရိုကျိုးကျိုးနဲ့တော့ လှည့်ပြန်သွားပါရဲ့။ ဒါပေမဲ့ သူ့စိတ်ထဲမှာ ကိုယ့်ကို ဘယ်လောက်တောင် လှောင်ပြောင်ချင်၊ ဟားတိုက်ချင်နေမလဲ။

နီတွဒ်က လုပ်ငန်းကြီးတွေ မလုပ်ရ၊ ဘဝတိုးတက်ရာတိုးတက်ကြောင်း အရေးပါတာတွေ မလုပ်ရဘဲ မိန်းမတစ်ယောက်နဲ့ ပတ်သက်ပြီး အဲဒီမိန်းမရဲ့ ရည်းစားတွေအကြောင်း လိုက်ပါစုံစမ်းနေရတာဟာ သူစိမ်းတစ်ယောက်အတွက်တော့ လှောင်ပြောင်ချင်စရာ ဖြစ်နေမှာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေတော့လည်း ပြန်စဉ်းစားကြည့်မိပါရဲ့။ ကိုယ်ဟာ ဘာကြောင့်များ ဒီလောက်တောင် အဓိပ္ပာယ်မဲ့သည့် အလုပ်တွေကို လုပ်နေရတာပါလိမ့်လို့ပေါ့။

အချစ် ...။ အင်း ... အချစ်ဆိုတာ လူတစ်ယောက်ကို ကောင်းကောင်းရူးသွပ်သွားအောင် ဖန်တီးနိုင်သည့် တန်ခိုးရှင်ပေပဲ။

နီတွဒ်ဟာ အချစ်ရဲ့ ဦးဆောင်ပဲ့ကိုင်မှုနဲ့ လူတိုင်းလုပ်နေကျ မဟုတ်သည့် အူကြောင်ကြောင်၊ ခပ်ဆန်းဆန်းအလုပ်တွေကို လုပ်နေသူတစ်ယောက် ဖြစ်လိမ့်မယ်လို့များ ဘယ်သူတွေက စဉ်းစားမိကြမှာလဲ။





"ကလင် ... ကလင် ... ကလင်"

တိတ်ဆိတ်ငြိမ်သက်နေသော ညဉ့်သန်းခေါင်အချိန်လောက်ကြီးမှာ ဖုန်းသံက နဂိုရှိရင်းစွဲထက် ပိုပြီး ကျယ်လောင်နေသည်လို့တောင် ထင်ရသည်။

ဒီအချိန်ကြီးကျမှ ဘယ်သူကများ စိတ်ကူးပေါက်ပြီး ဖုန်းဆက်တာပါလိမ့်။ အလကားသက်သက် အိပ်ရေးပျက်အောင်။

ကံဆိုးတာတစ်ခုက အပေါ်ထပ်အတွက်ထားသော ဘယ်လီဖုန်းလိုင်းခွဲဟာ အနော်ဇာ့အခန်းရဲ့ အရှေ့မှာ ရှိနေတာပင်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဖုန်းလာလျှင် ဝေးဝေး ပြေးမကိုင်ရအောင် အခန်းနီးနားမှာ ဖုန်းတပ်ခိုင်းထားမိတာဟာ အခုလို အခြေအနေမျိုးကျတော့ ဒုက္ခကြီးသည်။

အောက်ထပ်က မမတွေကလည်း ညနေက ငါးသလောက်ရေကျို၊ တမာချဉ်တို့စရာနဲ့ ရွှေဖယုံသီးဟင်းတွေ စားပြီး တက်လို့ကောင်းနေကြပုံရသည်။ တစ်ယောက်မှ ဖုန်းထကိုင်မယ် မရှိ။ မေမေကလည်း အိပ်ရေးပျက်တာတွေများပြီဆိုကာ စောစောလေးကမှ အိပ်ဆေးသောက်ပြီး အိပ်သွားပြီ။

ကဲ ... တစ်အိမ်လုံးမှာ တယ်လီဖုန်း ထကိုင်ဖို့ အသင့်ဆုံးလူဟာ ဘယ်သူဖြစ်မလဲ။

အနော်ဇာက ပျင်းရိပျင်းတွဲနိုင်လှစွာနဲ့ ခုတင်ပေါ်က ဆင်းလိုက်သည်။ ဆံပင်ကို တစ်ချက်နှစ်ချက်သပ်၊ အင်္ကျီအစားကို သပ့်သပ်ရပ်ရပ် ဖြစ်အောင်လည်း ပြုပြင်လိုက်သေးသည်။ ပြီးတော့မှ အနွေးကွေးဆုံး ခြေလှမ်းတွေနဲ့ တယ်လီဖုန်းရှိရာသို့ လျှောက်သွားကာ ...

"ဟယ်လို ... အမိန့်ရှိပါရှင်"





"အနော်ဇာလားဟင်"

မြတ်စွာဘုရား။

ကိုယ့်နားတောင် ကိုယ်မယုံ။ ဖုန်းထဲက ထွက်လာသော ခပ်ညက်ညက် ခပ်တိုးတိုး ယောကျ်ားသံက မေးလိုက်သည့်နာမည်က သူမ နာမည်တဲ့။

နားကြားတော့ မမှားနိုင်။ ဒီအိမ်မှာ အနော်ဇာ့နာမည်နဲ့ တူသည့်သူဆိုလို့ တစ်ယောက်မှ မရှိ။

"ဟုတ် ... ဟုတ်ပါတယ်"

"တို့ပါ"

"ဘယ်သူလဲ၊ အခု ပြောနေတာ ဘယ်သူလဲ"

"လောလောဆယ်တော့ မသိချင်ပါနဲ့ဦး၊ အနော်ဇာ သိဖို့ အချိန်တန်လာပြီဆိုရင် ပေးသိပါ့မယ်"

ဘယ်သူများလဲ။ စကားပြောနေသံက တိုးလည်း တိုးကာ ခပ်လေးလေး ခပ်ဆွဲဆွဲလည်း ဖြစ်နေသေးတာမို့ ဘယ်သူ့လေသံလဲ မှန်းလို့မရ။ အင်းလေ ... ကိုယ်မသိတဲ့ သူထဲကလည်း ဖြစ်ချင်ဖြစ်နေနိုင်သေးတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စရှိလို့လဲ"

"ဒီလောက် ရှင်းနေတာကြီးကွာ၊ ဒီလောက် ညဥ့်နက်သန်းခေါင်းကြီးကျမှ ဖုန်းထဆက်ပြီး နေကောင်းလား၊ ထမင်းစားပြီးပြီလား၊ ဘာဟင်းနဲ့စားလဲလို့တော့ မေးပါ့မလား"

"ရည်းစားစကားပြောမယ်ဆိုရင်လည်း ဒါ သင့်တော်တဲ့အချိန်မဟုတ်ပါဘူး"

"တို့က အများနဲ့ မတူ ထူးခြားတာမျိုးမှ လိုချင်လို့"

"ကိုယ်က ရှူးချင်းတိုင်း သူများကို အိပ်ရေးပျက်ခံခိုင်းဖို့တော့ မသင့်ပါဘူး"

"တို့က အလေ့အကျင့် လုပ်ပေးနေတာ၊ အိပ်တာ သိပ်များသွားရင် အနော်ဇာ ဝ,လာမှာစိုးလို့"

"အောင်မယ်၊ အနော်က အစားအသောက်ဆိုလည်း သေချာတွက်ချက်ပြီးမှစားတာ၊ လေ့ကျင့်ခန်းလည်း မှန်မှန်လုပ်တယ်၊ ဘာအကြောင်းကြောင့်မှ ဝလာစရာလည်း မရှိဘူး"

"ဘာပဲဖြစ်ဖြစ်ပါလေ၊ အနော်ဇာက ဝလာလည်း ချစ်စရာကောင်းနေမှာပါပဲ"





သူ့ရဲ့ ပြောင်ကျကျ စကားကြီးကြောင့် အနော်ဇာက ရှက်မသွားသော်လည်း အနေရအထိုင်ရတော့ ခက်သွားရသည်။

ဘယ်လိုလူပါလိမ့်။ စကားပြောတာကိုက တရင်းတနှီးနဲ့။ သူ စကားပြောပုံကြည့်ရတာတော့ အနော်ဇာနဲ့ ရင်းနှီးသိကျွမ်းသူထဲက ဖြစ်ပုံပင်။

"ကဲ ... ရှင် ညဥ့်နက်သန်းခေါင်ကြီး ဖုန်းဆက်တာ ဒီလို အရည်မရ အဖတ်မရတွေပဲပြောဖို့ ဆိုရင်တော့ တော်ပါတော့၊ ဆက်မနေပါနဲ့တော့"

"ပါးစပ်နဲ့ ပြောတဲ့စကားပဲကွာ၊ လေပဲပေါ့၊ လေဆိုမှတော့ အရည်လည်းမရ၊ အဖတ်လည်းမရ၊ ဆုပ်လို့ ကိုင်လို့လည်း မရဘူးပေါ့၊ အဲ ... တစ်ခုပဲ ရှိတယ်၊ ပါးစပ်နဲ့ ပြောတဲ့ လေပေမဲ့ ရင်ထဲရောက်သွားတဲ့အခါကျတော့ နှလုံးသားထဲမှာ စူးနစ်စွဲမြဲပြီး ကျန်ခဲ့တတ်တာလည်း ရှိပါတယ်"

"အတည်ပြောနေတာပေါ့လေ"

"တကယ့်ကို အတည်ပြောနေတာပါ၊ ကိုယ့်ကိုယ်ကိုယ် ဘယ်သူမှန်း အသိမခံရဲဘဲနဲ့ ဖုန်းနဲ့ပဲ စကားပြောရဲလို့



www.burmeseclassic.com

www.burmeseclassic.com



တို့အချစ်ကိုတော့ အထင်မသေးပါနဲ့၊ တို့အချစ်က ရွှေနန်းတော်ဆိုင်က ရွှေလိုပဲ ဆယ့်ခြောက်ပဲရည်အပြည့်ပါ”

ဟော ... ပြောရင်းနဲ့ ဖေါက်လာပြန်ပြီ။ စကားအတည်တွေကြားထဲမှာ ဖောက်လွဲဖောက်ပြန် စကားတွေကလည်း ညပ်ညပ်ပြီး ပါလာကတတ်လေရာ သူ့ကို ဘယ်လိုလူရယ်လို့ သတ်မှတ်ဖို့ရာ ခက်ခဲနေရသည်။

ဒါဖြင့်ရင် ဘာကြောင့်များ သူ့ကို စကားလက်ခံပြောမိတာပါလိမ့်။

ကိုယ့်ကိုယ်ကိုယ် အဖြေရှာကြည့်လို့မရ။ ထူးဆန်းသည့် အဖြစ်အပျက်တစ်ခုအနေနဲ့ စိတ်ဝင်တစား ဖြစ်မိတာကြောင့်ပဲလား။

သူနဲ့ နာရီဝက်လောက် ဖုန်းလက်ခံစကားပြောဖြစ်ပြီးသည့်နောက်မှာတော့ အမည်မသိသော ထိုလူဟာ အနော်ဇာ့အတွေးထဲ မသိမသာပဲ ဝင်ရောက်ခွင့်ရသွားတော့သည်။

* * *





အားတိုက်အင်တိုက်။ စည်းချက်ညီညီ လှုပ်ရှားနေတာမို့ နီတွဒ် လက်မောင်းက ရှိစုမဲ့စု ကြွက်သားတွေ တလိပ်လိပ် ဖြစ်နေကြသည်။ စွပ်ကျယ်ချိုင်းပြတ်ကလေးသာ ဝတ်ထားသည့် နီတွဒ်ရဲ့ ဖြူဖွေးစင်ကြယ်သည့် လက်မောင်းမှာ ချွေးစက်တွေ သီးနေကာ အရောင်တလက်လက် ထွက်နေတာကပင် တစ်မျိုးနှစ်သက်ချင်ဖွယ်ရာ။

အနည်းငယ် ရှည်သွယ်ပျော့စင်းသော ဆံပင်တွေက ခေါင်းငုံ့လိုက်တိုင်း တဖျပ်ဖျပ် လွင့်ခါနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အုန်းသီးခြမ်းကို ကိုင်ထားသည့် လက်ချောင်းတွေက သွယ်လျသော်လည်း အားမာန်အပြည့်ပါသည်။ အုန်းခြစ်ပေါ် ခြေထောက်တစ်ဖက်တင်၊ ကျန်သည့် ခြေထောက်တစ်ဖက်ကို ကြမ်းပေါ်ထောက်ထားတာမို့ ရှိစုမဲ့စု ကြွက်သားလေးတွေ တလိပ်လိပ်၊ တလှုပ်လှုပ် ဖြစ်နေကြတာဟာလည်း တစ်မျိုးတော့ ကြည့်ကောင်းသားပင်။

"ဟ ... ဘာကြည့်တာလဲဟ"

အုန်းသီးတစ်ခြမ်း ခြစ်သွားပြီးသွားလို့ နဖူးက ချွေးကို လက်မောင်းနဲ့ ပွတ်သုတ်ရင်း ခေါင်းမော့ကာ ခဏ နားလိုက်သော နီတွဒ်က သူ့ကို စိုက်ကြည့်နေသည့် အနော်ဇာကို မြင်လိုက်ရတာမို့ မနေတတ် မထိုင်တတ် ဖြစ်သွားရသည်။

"နင် အုန်းသီးခြစ်နေတာ ကြည့်ကောင်းလို့"

"အောင်မာ၊ ညာခိုင်းဖို့ ကြံနေပြန်ပြီ၊ မြှောက်မပြောလည်း ငါက အုန်းသီး သုံးလုံးကုန်တဲ့အထိ ခြစ်ပေးသွားမှာပါဟာ"

"တကယ်ပါဟဲ့၊ မြှောက်ပြောတာ မဟုတ်ဘူး၊ အုန်းသီး ခြစ်ပေးရုံသက်သက်အတွက်တော့ နင်နဲ့ ငါနဲ့ ကြားမှာ





ဒီလောက်ကြီး ပြောစရာမှ မလိုတာဟာ၊ နင့်များ အော်ငေါက်ခိုင်းလည်း ရသားပဲ၊ မလိုအပ်ဘဲ ပြောနေတယ်ဆို ကတည်းက တကယ်ပြောချင်တာမို့လို့ပေါ့"

ပြောပုံကလည်း ကျေနပ်စရာ၊ ကြည်နူးချင်စရာ။ တကယ်ပြောတာဆိုလည်း ပြီးသားနဲ့ ခိုင်းတာများ အော်ငေါက်ခိုင်းလည်း ရသေးလေးဘာလေး လုပ်နေလိုက်သေးသည်။

"ငါလေ အုန်းနို့ခေါက်ဆွဲမျက်နှာနဲ့မို့လို့ ဒီလောက် သည်းခံနေတာ"

"အောင်မာ၊ ငါတို့ကလည်း ခိုင်းချင်လို့ခိုင်းနေတာ မဟုတ်ပါဘူးနော်၊ ဘုန်းဘုန်းကို ကပ်မှာမို့ နင်လည်း ကုသိုလ်လေးဘာလေး တစ်ပဲခြောက်ပြားလောက်တော့ ရပါစေဆိုတဲ့ စေတနာနဲ့"

"ဟဲ့ ... သမီး၊ ဘာတွေ ပြောနေတာလဲ၊ သားကို အားနာစရာကွယ်"

"တွေ့လား၊ အန်တီကမှ အားနာရကောင်းမှန်း သိသေးတယ်၊ နင်က အလကားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေ အသာထား၊ ငါ အရေးကြီးတာတစ်ခု ပြောစရာရှိလို့"

အသစ်ပြောင်းလိုက်သော အုန်းသီးခြမ်းတစ်ခုကို ပထမဆုံး ခြစ်ချပစ်လိုက်သည့် အဖတ်ကြီးကြီး အုန်းသီးဖတ်တစ်ခုကို ဖျတ်ခနဲ ကောက်စားရင်း အနော်ဇာက ခပ်ပေါ့ပေါ့ ပြောလိုက်တာပင်။

သူမမှာကတော့ အရေးကြီးတာတွေ များလွန်းလို့ အရေးကြီးတယ်လို့ အစချီတာတောင်မှ ပေါ့ပေါ့တန်တန် အေးအေးဆေးဆေး နေနိုင်သော်လည်း နီတွဒ် ရင်ထဲမှာတော့ ထိတ်ခနဲ။

"မနေ့ကလေ"

စကားတောင် မစရသေး၊ အနော်ဇာ့လက်က နောက်ထပ် အုန်းသီးဖတ်တစ်ခုကို ထပ်နှိုက်ပြန်တော့တာမို့ နီတွဒ်က မျက်စိနောက်လာကာ သူမ လက်ကို ဖတ်ခနဲ ပုတ်ချပစ်လိုက်ရင်း ...

"ဆရာတော် ဆွမ်းကပ်ဖို့လည်း ပါသေးတဲ့ဥစ္စာ၊ နင် ဦးဦး ဖျားဖျား ယူစားမနေနဲ့လေ"





"အို ... ဆရာတော်ကို အုန်းသီးဖတ်လိုက် ကပ်မှာမှ မဟုတ်တာ၊ အရည်ညှစ်၊ ဟင်းချက်ပြီးမှ ကပ်မှာပဲ၊ နောက်ပြီး ဟင်းချက်တော့လည်း အရသာအနေတော် ဖြစ်မဖြစ် မြည်းကြည့်ရဦးမဲ့ဟာ၊ ငါ ဒီလောက်ကလေး ယူစားတာကတော့ စားဦးစားဖျား မဖြစ်သွားနိုင်ပါဘူး"

သူ့အကြောင်းပြချက်နဲ့ သူတော့ ဟုတ်လို့။ အဲဒါက အရေးမကြီး။

တကယ်အရေးကြီးတာက ...

"နင် အရေးကြီးတယ်ဆိုတာက ဘာလဲ"

"မနေ့ညကဟ"

ဒိတ်။

"ညဥ့်နက်သန်းခေါင်ကျမှလေ"

ဒိတ် ... ဒိတ်။

"အိမ်မှာ ဖုန်းသံမြည်လာတယ်ဟ"

ဒိတ် ... ဒိတ် ... ဒိတ်။



www.burmeseclassic.com

www.burmeseclassic.com



"တစ်အိမ်လုံးကလည်း အိပ်မောကျနေကြတော့ ငါလည်း မတတ်သာဘဲ သွားကိုင်ရတာပေါ့ဟာ၊ ကိုင်လိုက်တော့ သယ်သူ့ကို မေးတယ်မှတ်သလဲ"

ဒိတ် ... ဒိတ် ... ဒုတ် ... ဒုတ်။

စကားကို ပြတ်တောက် ပြတ်တောက် လုပ်ကာ ပြောနေသော အနော်ဇာ့ပြောသမျှ နားထောင်ရင်း တဖြည်းဖြည်းနဲ့ နီတွဒ်ရဲ့ ရင်ခုန်သံဟာ မြန်ဆန်ကျယ်လောင်လို့လာသည်။

"ငါလည်း အံ့ကိုသြပူရော၊ သူက ငါ့နာမည်ကို မေးတာ ဟဲ့"

"ဘာလဲ ကြွေးတောင်းဖို့လား"

"အာ ... ဘယ်ကသာ ပေါက်တတ်ကရတွေ၊ ငါ့ကို ရည်းစားစကားပြောတာဟဲ့"

"နင် ရည်းစားစကားအပြောခံရတာများဟာ ဆန်းတဲ့အထဲ ထည့်မနေပါနဲ့တော့၊ ကျောင်းသူဘဝတုန်းက တစ်နေ့တစ် ယောက်လောက်တော့ အမြဲကြုံနေရတာများ"





"အခု မကြုံတာ ကြာပြီဟဲ့၊ ပြီးတော့ ဘယ်သူမှန်း မသိဘဲ ညဥ့်နက်သန်းခေါင်ကြီး ထ,ဆက်တာမျိုး ဒီတစ်ခါပဲ ကြုံဖူးသေးတာ"

"စိတ်ဝင်စားတယ်ပေါ့"

"ထူးဆန်းနေတာပါ"

"ကြည့်လည်းလုပ်ဦးနော်၊ နင့်လူကြီးရော ဘယ်နားသွားထားမလဲ"

နီတွဒ်က မရဲတရဲနဲ့ သွေးတိုးစမ်းပြီး မေးကြည့်လိုက်တာပင်။ မေးပြီးတော့လည်း အဖြေကို ကြားလည်းကြားချင်၊ နားလည်းမထောင်ရဲ။

"ကိုကြီးကို ငါ အဖြေပေးမှာပါ။ အရင်တုန်းက ပြီးလွယ် စီးလွယ်နဲ့ မြန်မြန်ဆန်ဆန် အဖြေပေးလိုက်မိလို့ ငါ့မှာ အမှားတွေနဲ့ တွေ့ခဲ့ရတော့ ဒီတစ်ခါ သေသေချာချာ စဥ်းစားချိန်လည်းရအောင် မိန်းကလေးသိက္ခာလည်း တက်လာအောင်၊ ဟဲ ... ဟဲ ... တကယ်ကတော့ အိုက်တင်ခံတာ ပေါ့ဟယ်၊ အဲဒီသဘောနဲ့ အချိန်စောင့်ခိုင်းထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို နင့်စိတ်ထဲမှာ ဟိုဖုန်းသရဲအတွက်တော့ ဘယ်လိုမှ မနေဘူးပေါ့"

"မနေပါဘူး၊ ဒါပေမဲ့ သူနဲ့ စကားပြောရတာ စိတ်ဝင်စားဖို့တော့ ကောင်းသလိုပဲဟ"

"သူက နောက်ထပ်ဆက်ဦးမယ်တဲ့လား"

"အဲဒီလို အတိအကျကြီးတော့ ပြောမသွားဘူး၊ ဒါပေမဲ့ သူ ပြောပုံဆိုပုံအရတော့ ဆက်ဦးမှာပါပဲ"

"နင်ကရော လက်ခံစကားပြောဦးမှာလား"

"အဟီး၊ ငါ့စိတ်ထင်တော့ သူနဲ့ စကားပြောရတာ ပျော်စရာကောင်းသလိုပဲဟ"

"ငါနဲ့ စကားပြောရတာတော့ ပျော်စရာမကောင်းဘူးပေါ့လေ"

"နင်ကလည်း အထ,အန တယ်ကောက်တာပဲ၊ နင်က ဖြူဖြူစင်စင်ခင်တဲ့ သူငယ်ချင်းမျိုးပဲ၊ ဟိုလေ ... ဘယ်လိုပြောရမလဲ၊ နင်နဲ့ ပြောရတော့ စကားရိုးရိုးပဲ ပြောလို့ရပြီး ရိုးရိုးသားသားပဲ ပျော်စရာကောင်းတာပေါ့၊ အဲဒါမျိုးကျတော့





တစ်သက်လုံး စွဲမြဲပြီး တန်ဖိုးရှိတယ်လေ၊ ဟိုတစ်ယောက်ကတော့၊ အဲ ... ကိုယ့်ကို အီနေတာဆိုတော့လည်း စကားပြောရတာ အစောင်းအချိတ်တွေနဲ့ စိတ်လှုပ်ရှားဖို့ကောင်း"

အနော်ဇာက ပြောရင်း၊ ပြောရင်း၊ တဖြည်းဖြည်း ပြောင်းလဲမဲ့ခွက်လာသော နီတွဒ် မျက်နှာကို ကြည့်ကာ စကားကို တစ်ပိုင်းတစ်စနဲ့ ရပ်တန့်ပစ်လိုက်သည်။

"နင် ဘာဖြစ်သွားတာလဲ၊ ငါ ပြောတာ မကြိုက်လို့လား"

နီတွဒ်က ခြစ်ပြီးသွားသော နောက်ဆုံး အုန်းသီးခြမ်းကို အမှိုက်ထည့်ဖို့ ပေးထားသည့် ဆန်ကာခုံးထဲ ပစ်ထည့်လိုက်ပြီး မီးဖိုချောင်ကြမ်းခင်းပေါ် သည်အတိုင်းပင် ထိုင်ချပစ်လိုက်ကာ ...

"ငါ မကြိုက်ရုံသက်သက် မဟုတ်တော့ဘူး၊ လုံးဝ လက်သင့်မခံနိုင်တော့တာ၊ ယောကျ်ားလေးတွေနဲ့ ပတ်သက်ပြီး နင့် စိတ်ထဲမှာ အဲဒီလောက် ပေါ့ပေါ့တန်ဘန်၊ လွယ်လွယ်ကူကူတွေ ပြောနေတာကို ငါ ဘယ်လိုမှ သည်းမခံနိုင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ၊ နင်ကများ ကြီးကြီးကျယ်ကျယ်၊ ငါ့ဘာသာ သူငယ်ချင်းမိတ်ဆွေအသစ်နဲ့ ဖုန်းပြောတာကို နင်က မနာလို ဝန်တိုဖြစ်တိုင်း"

"ငါ မနာလိုတာ မဟုတ်ဘူး အနော်၊ နင် ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် ထားတယ်၊ ငါ နင့်ကို မတိုက်တွန်းပေမဲ့ တားရောတားဆီးခဲ့လို့လား နင် ရည်းစား ထားပေမဲ့ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းတယ်၊ ဣန္ဒြေမမဲ့ ဘူး၊ တစ်ဖက်ယောက်ျားလေးက အထင်မသေးအောင် နေတယ်၊ ပြီးတော့ နင် ထားခဲ့တဲ့ ရည်းစားတွေကလည်း အကျင့်စာရိတ္တမှာ ချို့ယွင်းချက် မရှိဘူး၊ အဲဒါတွေကြောင့် ငါ ဘာမှ မပြောဘဲ ကြည့်နေခဲ့တာ"

"ဟုတ်တယ်လေ၊ ငါ ယောက်ျားလေးတစ်ယောက်ကို တကယ်ချစ်တယ်ထင်လို့ အဖြေပြန်ပေးခဲ့တယ်၊ သူနဲ့ အတူသွား အတူလာတယ်၊ ဒါပေမဲ့ ငါ့အပေါ် ဘာကျူးလွန် မှုမှ ခွင့်မပေးခဲ့ဘူး၊ နောက်တော့ အဆင်မပြေတဲ့အကြောင်း တွေနဲ့ ပြတ်တောက်သွားတယ်၊ နောက်ထပ် တစ်ယောက်





တွေ့တော့ ငါ ချစ်တယ်လို့ ထင်မိပြန်ရော၊ အဲဒါနဲ့ပဲ အဖြေပြန်ပေးတယ်၊ နောက်ထပ်ရည်းစားရတယ်၊ ငါ့ အသက်အရွယ်နဲ့ ရည်းစားထားတဲ့အကြိမ် ပြတ်တဲ့အကြိမ် များတာမှန်ပေမဲ့ ငါ ဖောက်ပြန်လော်လည်တာ၊ သစ္စာမဲ့ တာတော့ မရှိခဲ့ဘူးလေ၊ တစ်ယောက်ပြီးမှတစ်ယောက် ထားခဲ့တာ ...

"တကယ်လို့ ပထမတစ်ယောက်နဲ့သာ သေတပန် သက်တစ်ဆုံး မြဲခဲ့တယ်မယ်ဆိုရင် နောက်တစ်ယောက် ပြောင်းစရာအကြောင်းတောင် မရှိဘူး"

"ဒါကတော့ နင့်အပြောကိုး၊ ရည်းစားထားနေတုန်းမှာ ကြာလာတဲ့အခါ အဲဒီလူကို နင် မကြည်ဖြူတာတွေများ လာတာကျတော့ရော၊ အရင်လို ကောင်းကောင်းမွန်မွန် လိုက်လိုက်လျောလျော ဆက်ဆံချင်စိတ် မရှိတော့တာကျ တော့ရော၊ တစ်ယောက်နဲ့ ပြတ်သွားရင်လည်း ပါးစပ်ကသာ မိုးလားကဲလားတွေပြောပြီး တကယ်ကျတော့ ဘာခံစားချက် မှ မရှိဘဲ ကျန်ခဲ့တာကျတော့ရော"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... လက်စသတ်တော့ နင်က ငါ့ကို ရည်းစား တစ်ယောက်နဲ့ ကွဲတိုင်း မအိပ်နိုင် မစားနိုင် တပိန်ပိန် တလိန်လိန်နဲ့ လွမ်းဆွေးကျန်ရစ်ခဲ့စေချင်တယ်ပေါ့လေ၊ ရက်စက်လေခြင်းသွားလေသူကြီးရဲ့ဆိုပြီး မျက်ရည် တစမ်းစမ်း နှာရည်တရှုံ့ရှုံ့ ဖြစ်စေချင်နေတယ်ပေါ့"

"ဟော့ ... ဟော့ ... အပိုတွေ မပြောနဲ့၊ ငါနင့်ကို ဘယ်တုန်းက နစ်နာစေချင်ခဲ့ဖူးလို့လဲ၊ ပြောစမ်း၊ နင့်ရည်းစား တွေကြောင့် မပြောနဲ့၊ နင့်မိဘဆူလို့ စိတ်ဆင်းရဲနေရရင် တောင် ကြည့်ရက်ခဲ့တဲ့ကောင် မဟုတ်ဘူး၊ ရည်းစားနဲ့ ပြတ်လို့ နင် ဘာမှ မခံစားရဘူးဆိုရင် ငါက ပိုတောင် ကျေနပ်သေးတယ်၊ ဒါပေမဲ့ နင့်ရင်ထဲမှာ တကယ်လှိုက် လှိုက်လှဲလှဲ ချစ်တာမဟုတ်ဘဲနဲ့ နည်းနည်းလေး စိတ်လှုပ် ရှားရုံနဲ့ ရည်းစားကောက်ကောက်ထားပစ်တတ်တာကိုပဲ ငါက ပြောနေတာ"

"အစကတော့ ကြိုက်တယ် ထင်မိတာကိုး၊ ကြာလာတော့ စိတ်ကုန်သွားတာမျိုးကျ ဘယ်တတ်နိုင်ပါ့မလဲ၊ ငါ့စိတ်ကို





က လူတစ်ယောက်ကို ကြာကြာသည်းမခံနိုင်တတ်တဲ့ စိတ်မျိုးလားမှ မသိတာ"

"အဲဒါကိုက မဖြစ်သင့်ဘူး၊ မိန်းမကောင်းပန်းပန် ဘာညာ ဆိုတဲ့ ရှေးခေတ်က စကားကြီးကိုတော့ ငါက ဆွဲမသုံးချင် ပါဘူး၊ အပြောင်းအလဲများတဲ့ ဒီခေတ်ကြီးထဲမှာ ဒါမှ ဒါစွဲမြဲနေပြန်တော့လည်း ကိုယ်ပဲ ဒုက္ခရောက်မှာပါ၊ ဒါပေမဲ့ မလိုအပ်ဘဲ အပြောင်းအလဲ များတာတို့၊ တဒင်္ဂစိတ်ခံ စားမှုနောက် လိုက်လွှန်းတာတို့ကတော့ မဖြစ်သင့်တာ ပဲ"

"ပြောစမ်းပါဦး၊ နင်က ငါ့ကို ဘာပြစ်မှုနဲ့ စွဲချက်တင် ချင်တာလဲ၊ ကိုကြီးကို အမြန်ဆုံး လက်ခံလိုက်စေချင်တာ လား"

ဘယ်ဟုတ်ပါ့မလဲ။ ဖြစ်နိုင်ရင် နင့်ကို ကမ္ဘာရဲ့ ဟိုးတစ်ဖက်ခြမ်းကို ခေါ်သွားပြီး ငါ တစ်ဦးတည်းပိုင်အဖြစ် သိမ်းပိုက်လို့တောင် ထားလိုက်ချင်တာ။ ဘယ်သူနဲ့မှ ပေးမတွေ့၊ ဘယ်ယောက်ျားလေးနဲ့မှ ပေးမျက်နှာချင်းမဆိုင်ဘဲနဲ့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"နင်ဟာ အလကားပဲ၊ ကိုယ့်သူငယ်ချင်းတစ်ယောက်လုံးကို အကောင်းပြောဖို့ အကောင်းမြင်ဖို့ စိတ်ကူး မရှိဘူး၊ နင့်လို သူငယ်ချင်းအရင်းခေါက်ခေါက်က ငါ့ဘက်က ရပ်တည်ပေးရမဲ့အစား မကောင်းဘဲ မြင်နေတော့ ဘယ်လိုလုပ် အားကိုးရတော့မှာလဲ"

ပြောရင်း ပြောရင်း အနော်ဇာက ဒေါသထွက်လာရသည်။

သူမ အမြင်မှာတော့ နီတွဒ်ဟာ ကိုယ့်သူငယ်ချင်းကို ကာကွယ်ရမည့်အစား သူကပါ စလို့ မကောင်းမြင် အပြစ်ရှာသည့်သူ ဖြစ်နေသည်။

"တော်ပြီ၊ တော်ပြီ၊ ပြောရင်းနဲ့ ဒေါသထွက်လာပြီ၊ နင့်ဘာသာ ထင်ချင်ရာထင်၊ ငါလည်း ကိုယ် လုပ်ချင်တာလုပ်မှာပဲ"

အနော်ဇာက စိတ်တိုတိုနဲ့ တဖောင့်ဖောင့် ထွက်သွားသည်။ မီးဖိုခန်း၀ ရောက်သည်အထိ နောက်က ခေါ်သံလည်း မကြား၊ ကိုယ့်နောက်က လိုက်ဖို့ ကြိုးပမ်းသည့် လှုပ်ရှားသံကိုလည်း မကြားဘဲ ရှိလျှင် မသိမသာ လှည့်ကြည့်လိုက်မိသော် စိတ်တိုသည့် မျက်နှာကြီးနဲ့ ပစ္စည်းတွေကို လိုက်လံသိမ်းဆည်းနေသည့် နီတွဒ်ကို တွေ့ရလေသည်။

ဒီတစ်ခါတော့ဖြင့် အရင်ကာလတွေတုန်းကလို အနော်ဇာက စိတ်ကောက်တာကို ပြုံးပြုံးပျာပျာ အရေးတယူနဲ့ လိုက်လျောချော့မည့်ပုံ မပေါ်တော့ပါလား။

ဒါဆိုရင်တော့ နီတွဒ် တကယ်ပဲ စိတ်ဆိုးနေတာ ဖြစ်ရလိမ့်မည်။







www.burmeseclassic.com

ညက တိတ်ဆိတ်နေပေမဲ့ လသာတာမို့ မှောင်မည်းလို့တော့ မနေချေ။ ပြီးတော့ နီဘွဒ်တို့ ခြံထဲမှာရော၊ အနော်ဇာတို့ ခြံထဲမှာရော မီးချောင်းတွေ ထိန်ထိန်ညီးအောင် ထွန်းထားတာမို့ ပတ်ဝန်းကျင်က လင်းလင်းချင်းချင်းရှိသည်။

ဝရံတာဘက် ထွက်သည့် တံခါးဘောင်ကို မှီထိုင်ရင်း အနော်ဇာက တွေတွေလေး ငေးနေမိလေသည်။

နီတွဒ် အခန်းက ခန်းဆီးတွေ အပြည့်ချကာ ညအိပ် မီးရောင် ပြာလဲ့လဲ့ မှိန်မှိန်ကလေး ထွန်းထားတာကလွဲပြီး မှောင်မည်းလို့နေသည်။





ညအိပ်မီးထွန်းထားသည်ဆိုတော့ အခန်းထဲမှာ သူရှိနေမှာ။ ဒါဆို နီတွဒ် တစ်ယောက် အခု ဘာလုပ်နေလေမလဲ။ အချိန်က ကိုးနာရီခွဲပဲ ရှိသေးတာမို့ အိပ်ရာဝင် နောက်ကျတတ်မြဲ နီတွဒ်တစ်ယောက် မအိပ်သေးလောက်တာတော့ သေချာသည်။

ခက်နေတာက ညအိပ်မီး မှိန်မှိန်လေးပဲ ထွန်းထားတာမို့ စာဖတ်နေတာတို့၊ ကွန်ပျူတာ လုပ်နေတာတို့၊ တီဗီကြည့်နေတာတို့လည်း မဖြစ်နိုင်ဘူးလို့ ယူဆရပြန်သည်။

ဒါဆို နီတွဒ် တစ်ယောက်တည်း ဘာလုပ်နေတာပါလိမ့်။

အနော်ဇာက အထဲပြေးဝင်ကာ အခန်းပြင်မှာ ထားသည့် ကော့ဒ်လက်(စ်)ဖုန်းကို ဆွဲယူပြီး ဝရံတာဘက် ပြန်ထွက်လာခဲ့သည်။

တစ်လုံး ... နှစ်လုံး ... သုံးလုံး ... လေးလုံး။

ဖုန်းခွက်မှာ ရှိသည့် နံပါတ်ကလေးတွေ လေးလုံးတိတိ လျှောက်နှိပ်ပြီးသွားသည့် အချိန်မှာ အနော်ဇာ့ ရင်ထဲ တစ်မျိုးဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါကတော့ကကဆ ဖြစ်ကြတာက ဟိုးအရင်လိုမျိုး ပြီး,ပြီးရော ဖြစ်ကြတာမျိုး မဟုတ်။ တစ်ယောက်ရဲ့ အမူအကျင့်၊ ခံယူချက်တွေပေါ်မှာ မူတည်ပြီး နက်နက်ရှိုင်းရှိုင်း ဖြစ်ထားကြတာ။

နီတွဒ် ကြည့်ရတာလည်း အနော်ဇာ့ကို တော်တော်လေး စိတ်နာသွားပုံပင်။

အရင်ကဆို ရန်ဖြစ်ကြတိုင်း၊ ဘယ်သူပဲမှန်မှန်၊ ဘယ်သူပဲမှားမှား၊ ချော့မော့တောင်းပန်ရမည့် သူဟာ သူပဲလို့ နီတွဒ်က ခံယူထားတာ။ ရန်ဖြစ်ပြီး တစ်ရက်နှစ်ရက်ထက် ပိုမကြာစေရဘဲ အနော်ဇာ စိတ်ပြေအောင် နီတွဒ်က နည်းလမ်းအမျိုးမျိုးသုံးကာ ချော့မော့နေကျ။

ဒီတစ်ခေါက်ကတော့ တစ်ပတ်ပင် ကျော်နေပြီ။ နီတွဒ်ဘက် လှုပ်ရှားမှုဆိုလို့ လုံးဝ မတွေ့ရ။ အနော်ဇာဟာ သူနဲ့ တစ်ပတ်လောက်ကြာ အောင် မခေါ်မပြောဘဲ နေနိုင်သူတစ်ယောက် မဟုတ်ဘူးဆိုတာ သိသိကြီးနဲ့ ဒီလောက် တင်းခံထားနိုင်ပုံထောက်





လျှင် သူ့ရင်ထဲက နာကျင်မှုအစိုင်အခဲဟာ အတော်ကြီးမားလို့ပဲ နေလိမ့်မည်။

သူ့ဘက်က ဒီလောက်တောင် ဖြစ်နေမှတော့ ကိုယ်က စဆက်သွယ်ဖို့ သင့်ပါသေးရဲ့လား။ ကိုယ့်ဘက်က အောက်ကျို့ကာ ပြန်ခေါ်သည့်တိုင်ရော နီတွဒ်ဘက်က စိတ်မှ ပြေလာပါ့မလား။

အနော်ဇာ စိတ်ပျက်အားလျော့စွာနှင့်ပင် ဖုန်းခလုတ်ကို ပြန်နှိပ်ကာ ခေါ်လက်စနံပါတ်ကို ဖျက်ပစ်လိုက်တော့သည်။

"ကလင် ... ကလင်"

အောင်မယ်လေး။ လန့်လွန်းလို့ လက်ထဲက ဖုန်းခွက်တောင် လွတ်ကျသည်။

ကိုယ့်ဖုန်းလည်း ပိတ်လိုက်ရော ဖုန်းခေါ်သံတစ်ခုက ချက်ချင်း လက်ငင်းကို ထွက်ပေါ်လာတော့တာလေ။ ကိုယ့်လက်ထဲမှာ ကိုင်ထားသည့် ဖုန်းကြီးက ကောက်ခါငင်ခါ ထ,မြည်လိုက်တာဆိုတော့ ဘယ်သူ မလန့်ဘဲ နေမလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းခွက်ကို ကြောင်ကြည့်နေမိပြီးမှ ကောက်ကိုင်ရမှာပါလားဆိုတာ သတိရသည်။

"ဟုတ်ကဲ့၊ အမိန့်ရှိပါရှင်"

"အမိန့်မရှိပါဘူးဗျာ၊ အမိန့်ပေးတာပဲ ခံချင်တာပါ"

ဟင် ... ခပ်တိုးတိုး။ ခပ်လေးလေး စကားသံကို ကြားလိုက်လျှင် ကြားလိုက်ချင်း၊ ဘယ်သူလဲဆိုတာ အနော်ဇာက မှတ်မိလိုက်ပြီ။

"ရှင်ပါလား"

"တို့နာမည် ရှင်ပါလားတော့ မဟုတ်ဘူးနော်၊ အဲ ... သေပါလားလည်း မဟုတ်ဘူး"

"မနောက်ပါနဲ့၊ အနော် သိပ်စိတ်ညစ်နေတာ"

"သိတယ်၊ သိနေတယ်လေ၊ အဲဒါကြောင့် အနော်ဇာ စိတ်ပျော်သွားအောင်ဆိုပြီး ဖုန်းလှမ်းဆက်လိုက်တာ"

ဟုတ်လား မဟုတ်လားတော့ မပြောတတ်။ ကိုယ့်စိတ်တွေ ထွေပြားညစ်ညူးနေချိန်မှာ သူ့ဖုန်းက ကွက်တိဝင်လာဘာကတော့ စိတ်ပြေရာပြောကြောင်း ဖြစ်သားပင်။





"အနော် စိတ်ညစ်နေတာကို သိရအောင် ရှင်က အကြားအမြင် ရနေလို့လား၊ ဗေဒင်ဆရာလား"

"မဟုတ်ဘူး၊ ဗိုက်ထဲမှာ ပုရွက်ဆိတ်လေးရှိတာ"

"ရှိုးနေပြီ ဒီစကားတွေ"

"တကယ်ပြောတာ၊ တို့ ဗိုက်ထဲမှာ ပုရွက်ဆိတ်လေး တကယ်ရှိတယ်၊ ညနေစာဟင်းက ငါးပုရွက်ဆိတ်ကြော်နဲ့ စားလာတာ၊ ငါးပုရွက်ဆိတ်က ဥအကြီးကြီးတွေနဲ့ဆိုတော့ စားကောင်းကောင်းနဲ့ လေးကောင်တောင် စားပစ်တာ၊ ဒီတော့ တို့ဗိုက်ထဲမှာ ပုရွက်ဆိတ်လေးကောင်ပေါ့"

"အို ... မုန်းစရာ"

"ဘာပဲပြောပြော အနော်ဇာ့ နှုတ်ခမ်းလေး ပြုံးပြီး တို့ကို မျက်စောင်းလေးထိုးသွားရပြီ မဟုတ်လား၊ ဒါ တို့ကို အသိအမှတ်ပြုတဲ့သဘောပဲ"

သူဟာ ဘယ်သူလဲတော့မသိ။ သို့သော် သူပြောတဲ့ စကားတွေဟာ အပြင်မှာဖြစ်ပျက်နေတာနဲ့ ဒက်ထိ၊ ကွက်တိ၊



www.burmeseclassic.com

www.burmeseclassic.com



ကိုက်ညီလို့နေပေရာ ဒီလူဟာ အနော်ဇာနဲ့ သိပ်ပြီး ဝေးဝေး ကွာကွာထဲက မဟုတ်ဘူးလို့တော့ ခန့်မှန်းလို့ရနိုင်သည်။

"ရှင် ဘယ်သူလဲ"

"အာ ... မမေးပါနဲ့လို့ဆို၊ ဘာလုပ်မှာလဲ၊ လူတစ်ယောက်ကို ဘယ်သူဖြစ်လို့ ဘယ်ဝါဖြစ်လို့ဆိုတဲ့ သတ်မှတ်ချက်ကြီးနဲ့မှ လက်ခံစကားပြောချင်တာလား"

"ဘာပဲဖြစ်ဖြစ် ကိုယ် ဘယ်သူနဲ့ စကားပြောနေသလဲဆိုတာကိုတော့ သိဖို့ လိုသေးတာပေါ့"

"မသိသေးတာကိုက အရသာရှိတာကွ၊ ဘာမှ ကွဲကွဲပြားပြား သတ်မှတ်မထားရသေးတဲ့ အရသာလေ၊ ချိုတယ်၊ ချဉ်တယ်၊ ခါးတယ် တစ်ခုခု သတ်မှတ်ပြီးသွားရင် အရသာကလည်း တစ်မျိုးတည်းပဲ ခံစားလို့ရတော့မှာ"

ဘာတွေပြောနေမှန်းတော့ မသိ။ ကြည့်ရတာ သူ ဘယ်သူလဲဆိုတာကိုတော့ ဘယ်လိုပဲ လှည့်ပတ်မေးမေး ပြောမည့်ပုံ မပေါ်။





အင်း ... ထားလိုက်ပါတော့လေ။ ကိုယ်ကလည်း သူ ဘယ်သူဆိုတာ သိချင်တာထက်စာလျှင် သူနဲ့ စကားပြောရလို့ ပျော်တာ၊ စိတ်ဝင်စားစရာ ကောင်းတာတွေကိုပဲ ပိုပြီးလိုချင်တာ မဟုတ်လား။

"တို့က အနော်ဇာ့ကို ပျော်စေချင်ရုံ သက်သက်ပါ"

"တခြား ဘာရည်ရွယ်ချက်မှ မပါဘူးပေါ့"

"အဲဒီလို ပြောရင်တော့ မုသားပါသွားတော့မယ်၊ အနော်ဇာပဲ စဉ်းစားကြည့်ကွာ၊ ယောကျ်ားလေးတစ်ယောက်ဟာ ကိုယ်နဲ့ သွေးသားမတော်စပ်တဲ့ မိန်းကလေးတစ်ယောက်ကို လှိုက်လှိုက်လှဲလှဲ ပျော်စေချင်တဲ့ စေတနာ ရှိနေတယ်ဆိုကတည်းက အဲဒါဘာသဘောလဲ၊ သင်ပုန်းကြီးကျေရုံ ပညာတတ်တယ် ဆိုရင်ပဲ သိလောက်ပြီ"

"ရှင်ကတော့လေ၊ အလကားနေရင်း ရယ်စရာတွေပဲ ပြောနေတာပဲ၊ ကြည့်ရတာ ရှင့်မှာ ဘာစိတ်ညစ်စရာမှ မရှိဘူးနဲ့တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုတော့လည်း မထင်လိုက်ပါနဲ့လေ၊ လူပဲ စိတ်ညစ်စရာ မရှိဘူးဆိုတာတော့ ရှိပါ့မလား၊ တို့က ကိုယ့်သောကတွေ သူများဆီ မကူးစက်ရအောင် အနော်ဇာ့ဆီ ဖုန်းဆက်တဲ့အချိန်မှာ သောကတွေ အကုန်ဖျောက်ပြီး ပျော်တဲ့ပုံ လုပ်ထားတာပေါ့"

"ဒါဖြင့် သူ့မှာလည်း စိတ်ညစ်စရာ ရှိတာပေါ့"

"ဒါပေါ့"

"အခုရောဟင်"

"အခုတော့ စိတ်ညစ်မနေပါဘူး၊ အနော်ဇာနဲ့ ဖုန်းပြောနေရတာပဲ စိတ်ညစ်ပါ့မလား"

"ဖုန်းပြောပြီးသွားရင်ကော"

"ဖုန်းပြောပြီးသွားရင်တော့ စိတ်ညစ်သွားမှာပေါ့၊ လွမ်းလို့လေ"

"အောင်မယ် ... မဟုတ်ပါဘူး"

"တကယ်ပါ၊ တို့ ပြောပြီးပါပကောလား၊ တို့ စကားပြောတဲ့ လေသံကို နားထောင်ပြီး တို့ရဲ့ခံစားချက်ကို အထင်မသေးလိုက်ပါနဲ့လို့"





အင်း ...။ သူနဲ့ စကားပြောရတာ ပျော်စရာတော့ကောင်းသား။

မှန်းရခက်တဲ့ သူ့ရဲ့အသံဟာ အနော်ဇာ့ ရင်ထဲက ဝေဒနာတွေကို စုပ်ယူသွားနိုင်သည့် အစွမ်းသတ္တိပဲ ရှိနေသလိုလို။

အနော်ဇာဟာ နီတွဒ် စွပ်စွဲသလိုပဲ ကြုံရာယောကျ်ားလေးတစ်ယောက်အပေါ်မှာ စိတ်ကစားတတ်သူ ဖြစ်နေပြီလား။

ဟင့်အင်း ...။ ဒီလောက်တော့ မဆိုးနိုင်သေးပါဘူး။ အလွန်ဆုံးဖြစ်ရင် သူ့အပေါ် စကားပြောကောင်းတဲ့ အထူးအဆန်း မိတ်ဆွေတစ်ယောက် အနေနဲ့ ခင်တွယ်မိတာပဲ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ … အဲဒါတွေက ဘာတွေလဲဟင်"

"ဂျာကာတာက ပြန်လာတဲ့ မေမေ့သူငယ်ချင်းတစ်ယောက် လာပေးသွားတာပါကွယ်၊ အင်ဒိုနီးရှားပါတိတ် **အစစ်တွေ** ပေါ့၊ မေမေ့မှာ အသိအကျွမ်းရှိရင် ဝယ်မလား စပ်ပေးပါတဲ့"

"ဟင် … မေမေ့မှာ အသိအကျွမ်းကဖြင့် ဒီလောက်ရှားတာ"

"သူက သူငယ်ချင်းတွေ အများကြီးကို လျှောက်ပေးထားပြီး ဒီလိုပဲ စပ်ခိုင်းတာပါကွယ်၊ မေမေကတော့ နှစ်ထည်လောက် ယူမလားလို့၊ ဘေးအိမ်က မလေးမွန်ကိုလည်း ပြကြည့်မလားလို့"





"ဩော် … ဟုတ်သားပဲ၊ အန်တီမွန် … သူက ပါတိတ်ဆို သိပ်ကြိုက်တာ၊ အပျော့သားတွေတောင် သိပ်ဝတ်တာမဟုတ်ဘူး၊ ပါတိတ်ဝမ်းဆက်တွေပဲ ဝတ်တာနော်၊ ပေး … ပေး … အန်တီမွန့်ကို သွားပြမဲ့ အစတွေက ဘာတွေလဲ၊ သမီး သွားပြပေးလိုက်မယ်"

"အောင်မယ် … ဒါက ဘာဖြစ်ရတာတုန်း"

"ဘာဖြစ်လို့လဲ … မေမေ ကိုယ်တိုင် သွားမလို့လား၊ ဒူးနာနေတယ်ဆို၊ ကိုယ်က ရောင်းချင်တာကို လာကြည့်လှည့်ဟေ့လို့ ခေါ်လိုက်လို့လည်း ကောင်းမှ မကောင်းတာ"

"အင်းပါ … ဟုတ်ပါတယ်၊ ကိုယ်ကပဲ သွားပြမှာပါ၊ ဒါပေမဲ့ မေမေက အပုပဲ လွှတ်လိုက်မလို့၊ သမီးကို ဒီကိစ္စမျိုး ဘယ်တုန်းက ခိုင်းလို့ရဖူးလို့လဲ"

"အရင်က မရပေမဲ့ အခု လုပ်ပေးမှာပေါ့ မေမေရဲ့၊ အန်ကယ်ဆက် နေမကောင်းတာလည်း သတင်းမေးဖို့ ပျက်



www.burmeseclassic.com

www.burmeseclassic.com



ကွက်နေတာကြာပြီ၊ ကြုံတုန်း သတင်းလည်း မေးခဲ့တာပေါ့၊ အပုကို လွှတ်လိုက်ရင် မအူမလည်နဲ့ အမှားတွေဖြစ်လာဦးမယ်”

“အေးပါ ... အေးပါ၊ သမီး ကိုယ်တိုင် သွားပေးမယ်ဆိုရင်တော့ ပိုကောင်းတာပေါ့၊ ဒါပေမဲ့ နည်းနည်းများ ထူးခြားနေသလားလို့”

“ဘာ ... ဘာလို့လဲ မေမေရဲ့”

မေမေ ဘာပြောတော့မယ်ဆိုတာ ကြိုတင်သိနေပြီမို့ အနော်ဇာက စကားပြောတာတောင် ထစ်ထစ်အ,အကလေးဖြစ်လို့နေရလေသည်။

“မသိပါဘူးကွယ်၊ အရင်က မေမေခိုင်းရင် သမီးဘာလုပ်ပေးတာ ရှိလို့လဲ၊ ဒီနေ့ကျမှ ကိုယ့်သဘောနဲ့ကိုယ် တက်တက်ကြွကြွ ဖြစ်နေတာ အကြောင်းထူး တစ်ခုခုများရှိမလားလို့”

“ဘာမှမရှိပါဘူး မေမေကလည်း”





“မသိပါဘူးကွယ်၊ ခုတလော နီတွဒ်ကလည်း အိမ်ဘက်ကူးလာတာတို့၊ ဖုန်းဆက်တာတို့ မရှိ၊ ငါ့သမီးလေးကလည်း အပြင်တောင် သိပ်မထွက်တော့ဘဲ ဟိုဘက်ခြံကို တမျှော်မျှော်နဲ့ဆိုတော့”

အဲတော့ ... မေမေက ဒီလောက်ထိတောင် သိနေတယ် ဟုတ်လား။

နီတွဒ် အိမ်ဘက်ကို ကူးမလာတော့တာ၊ ဖုန်းမဆက်တာတွေကတော့ သိသာထင်ရှားသည့် ဖြစ်ရပ်တွေပဲမို့ ထားပါတော့။

အနော်ဇာ အပြင်သိပ်မထွက်တော့တာတို့၊ ဟိုဘက်ခြံကို တမျှော်မျှော် လုပ်နေတာတို့ကျတော့ ဘယ်သူမှမသိဘူးလို့ပဲ ထင်ထားတာ။

အမေတွေများ ကိုယ့်သားသမီးနဲ့ ပတ်သက်လာရင် တယ်လည်း လျှင်တာပါလားနော်။ မေမေ့လို အိမ်ထဲက အိမ်ပြင် သိပ်မထွက်ဘဲ ခပ်အေးအေး နေတတ်သည့် အမေမျိုးတောင်မှ ဒီလောက်တော့ သိတတ်သေးသည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



"သမီးနဲ့ နီတွဒ် စိတ်ကောက်နေကြတာလား"

"အလကား မေမေ၊ သူကပဲ သမီးကို ပြောပြီး အပြောခံရတဲ့သူက စိတ်မကောက်ရဘူး၊ သူကချည်း ကောက်နေတာ"

"နီတွဒ်က စိတ်ကောက်တတ်တဲ့ ကလေးတော့ မဟုတ်ပါဘူးကွယ်၊ မေမေ ထင်တယ်၊ သူတကယ်ကောက်သွားတယ်ဆိုရင်လည်း သူ့အလွန်ပဲတော့ မဖြစ်နိုင်ဘူး၊ သမီးဘက်က လွန်တာပဲ ဖြစ်ရမယ်"

ကိုယ့်အမေကိုယ်တိုင်က ဒီလောက်တောင် အားပေးတာ။

ဟုတ်တော့လည်း ဟုတ်လောက်ပါရဲ့။ နီတွဒ်ဟာ အနော်ဇာ့ အပေါ် ဘယ်တော့မှ မကောင်းခဲ့တာ၊ အနိုင်ကျင့်ခဲ့တာမျိုး မရှိဖူး။ အနော်ဇာ့ဘက်ကပဲ အမြဲလိုက်ကာ အနော်ဇာ့အတွက်ပဲ ကြည့်ခဲ့သူ။

ကလေးဘဝကတည်းက ဆော့ကြ ကစားကြပြီဆိုလျှင် သူကပဲ အလိုလို အနစ်နာခံပြီးသား။ ဆိုကြပါတော့ စစ်





တိုက်တမ်း ကစားမည်ဆိုလျှင် အနော်ဇာက စစ်ဗိုလ်ကြီး၊ သူက ရန်သူ။ သူခိုး ပုလိပ်လုပ်တမ်းဆိုလည်း အနော်ဇာက ရဲမှူးကြီး၊ သူက သူခိုး။ ဆရာဝန်လုပ်တမ်းဆိုလည်း အနော်ဇာ့ကို ဆရာဝန်မကြီး ပေးလုပ်ကာ သူကတော့ လူနာ။ တစ်ခါတစ်ရံ ခြေကျိုးလက်ကျိုးလို့ ခေါင်းကွဲလို့ဆိုကာ သူ့တစ်ကိုယ်လုံး ပတ်တီးတွေဖွေးနေအောင် ပတ်ပေးထားပြီး တစ်နေကုန် မဖြုတ်ရဘူးဆိုလည်း နီတွဒ်ကတော့ ခပ်အေးအေးပင်။

ကစားရင်း ရန်ဖြစ်ကြပြီ ဆိုလျှင်လည်း အနော်ဇာက ခြေချင်းလိမ်ကာ တဂျိဂျိ ရှာဆူဆူနဲ့ ဆောင့်အောင့် စိတ်ကောက်ပြီ။ ကစားနေသည့် ပစ္စည်းတွေကို ဝုန်းဒိုင်းကြဲ ပစ်ချကာ ထွက်သွားပြီ။ နီတွဒ်သာလျှင် တစ်စစီ ဖြစ်နေသည့် ပစ္စည်းတွေကို ကောက်သိမ်း၊ ပြီးတော့ အနော်ဇာ စိတ်ကောက်ပြေသည့်အထိ လိုက်ချော့။ သူ့ဘက်က မှန်မှန်၊ မှားမှား အနော်ဇာ စိတ်ကောက်ပြီဆိုမှဖြင့် မရ,ရအောင် လိုက်ချော့ရတာဟာ နီတွဒ်ရဲ့ ဝတ္တရားပင်။ ဒါကိုလည်း နီတွဒ်က ငြူစူသည်ရယ်လို့ မရှိခဲ့၊ အမြဲတမ်း ကျေကျေနပ်နပ် လက်ခံခဲ့စမြဲပင်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ နီတွဒ်က တကယ်ပဲ စိတ်နာသွားခဲ့တာ ဖြစ်လိမ့်မည်။ ရှားရှားပါးပါး တစ်ခါတလေ စိတ်ကောက်တာမို့လည်း သူ့အလိုအလျှောက် ပြန်ပြေသွားစရာတော့မရှိ။

ဒါကြောင့်ပဲ အနော်ဇာက ကိုယ့်ဘက်က အခြေအနေကြည့်ကာ လိုက်ချော့ဖို့အတွက် အဝင်ကောင်းအောင် နီတွဒ်အမေကို ပါတိတ်ထဘီတွေ လိုက်ပြဖို့ အကြောင်းပြချက်ကို အရယူခဲ့တာပါပဲ။





"ဒါတွေကတော့ အန်တီမွန်ရယ်၊ မေမေ့သူငယ်ချင်း ကိုယ်တိုင် အင်ဒိုနီးရှားက ပြန်တော့ ဝယ်လာတာတွေဆိုတော့ မစစ်မှာ မပူရဘူး၊ အသားပဲ ကိုင်ကြည့်ပါလား၊ ချောပြီးအိနေတာ၊ အရောင်ကလည်းစိုစို၊ အသွေးကျကျ"

"အောင်မယ်လေး ... သမီးက ဒီလောက် စကားပြောတတ်နေပုံနဲ့ ကိုယ်တိုင်ပဲ ပါတိတ်ဆိုင် ဖွင့်လိုက်ပါတော့လားကွယ်"

အမှန်စကားတွေ ဒီလောက် ပြောနေဖို့ မလိုပါ။ ဒါလေးမွန် ဆိုတာကလည်း ပစ္စည်းကောင်း မသုံးဘူးသည့်သူမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာ။ ပစ္စည်းမြင်လိုက်တာနဲ့ ကောင်း၊မကောင်း၊ တန်၊ မတန်ကို ဒက်ခနဲ သိပြီးသား။

မဝယ်တော့ပါဘူးလို့ ငြင်းမှာလည်း မပူရ။ အဝတ်အစားသစ်ဝယ်ဖို့ ဝါသနာကြီးလှတဲ့ ဒေါ်လေးမွန်ဟာ တစ်ပတ်ကို ဝတ်စုံသစ်တစ်စုံလောက်ကတော့ အနည်းလေး ဝယ်တတ်မြဲမို့ ပါတိတ်အစစ်၊ ဒီဇိုင်းအသစ်တွေ တွေ့လျှင် တစ်ထည်လောက်ကတော့ အောက်ထစ် ဝယ်ပြီးသား ဖြစ်မှာ။

အဲဒါကိုပဲ မလိုအပ်ဘဲ စကားတွေ လျှောက်ပြောနေတာဟာ အနော်ဇာ့ဘက်က မရိုးသားတာ။

ဒါကို လူကြီးတစ်ယောက်ဖြစ်သော အန်တီမွန်များ ရိပ်မိနေမလား။

သိတော့ သိလောက်မည်။ ရှိုးသားအေးဆေးသည့် မေမေတောင်မှ သူတို့ကြားထဲက ပြဿနာကို သိနေသေးတာ။ ပါးနပ်ဖျတ်လတ်သည့် အန်တီမွန် ဆိုလျှင်တော့ ဘယ်လိုမှ မသိဘဲ နေမှာမဟုတ်။





ကဲပါလေ။ ဒီလောက်တောင် သိသာနေမှတော့ ဖုံးကွယ်မနေတော့ပါဘူး။ ပြောင်ပြောင်ပဲ မေးလိုက်တာကမှ ပိုပြီးတော့ သိက္ခာရှိဦးမည်။

"အန်တီမွန် ... နီတွဒ်ရောဟင်"

"သားလား ... မပြောတတ်ဘူးကွယ့်၊ ဒီကလေး ပြန်ရောက်ပြီလား မရောက်သေးဘူးလားတောင် မသိဘူး"

"သူက အလုပ်သိပ်ရှုပ်နေလို့လားဟင်၊ ခုတလော မတွေ့ရတာကြာလို့"

အန်တီမွန်က ပြုံးသည်။ ထိုအပြုံးဟာ သွေးရိုးသားသား မဟုတ်လှဘူးလို့တော့ အနော်ဇာက ထင်မိသား။

ဒါပေမဲ့ တစ်ခုခု စွပ်စွဲလိုက်ဖို့ကျတော့လည်း ခက်သေးသည်။

"သားက အလုပ်တော့ များနေတာပဲကွယ်။ သမီး အန်ကယ်ကမှ နေမကောင်းတာ၊ သူ့ခမျာ အဖေအလုပ်တွေ ကူလုပ်နေရတာ နားရတယ်လို့ကို မရှိပါဘူးကွယ်၊ ပြန်လာရင်



www.burmeseclassic.com

www.burmeseclassic.com



တော့ မောရှာတယ်နဲ့ တူပါရဲ့၊ တစ်ခါတလေ ထမင်းတောင် မစားနိုင်တော့ဘူး၊ သူ့အခန်းထဲ သူ ပြေးဝင်ပြီး အိပ်သွားရော"

"ဩော် ... ဟုတ်လား"

"တော်တော့ တော်သေးတာပေါ့၊ သူ့အဖေ နေမကောင်းတဲ့ အချိန်မှာ သားကလည်း အားကိုးလောက်တဲ့အရွယ် ရောက်လာပေလို့ပေါ့၊ သူ့ခမျာ အရင်ကတော့ ကလေးလို ပျော်ပျော်ရွှင်ရွှင် လွတ်လွတ်လပ်လပ် နေရတာပေါ့ကွယ်၊ ခုကျတော့လည်း တကယ့် လူကြီးလေးတစ်ယောက်လိုပဲ တာဝန်ကျေရှာပါတယ်"

အန့်တီမွန့် စကားဟာ သူ့သားကို ချီးကျူးရုံသက်သက်ပဲလား၊ ဒါမှမဟုတ် ဒီအသက်အရွယ် ရောက်သည့်တိုင် လူကြီးတစ်ယောက်လို ပြောင်းလဲမနေနိုင်သေးဘဲ၊ ကိုယ့်တာဝန် ကိုယ်မယူနိုင်သေးဘဲ ယောင်ခြောက်ဆယ် လုပ်နေသေးသည့် အနော်ဇော့ကို ဝေဖန်ချင်တာရော ပါသေးလား။





"သမီးက ဘာကိစ္စ ရှိလို့လဲ၊ မှာစရာရှိရင် မှာခဲ့လေ၊ သားပြန်လာတော့ အန့်တီမွန့် ပြောပေးမှာပေါ့"

"ဟင့်အင်း ... ဘာမှ မှာစရာမရှိပါဘူး၊ အခုတလော အိမ်ဘက်ကိုလည်း ကူးမလာလို့ သတိရတာနဲ့ မေးကြည့်တာပါ"

"ဒီရက်ပိုင်းအတွင်းကတော့ လာနိုင်ဦးမှာ မဟုတ်ဘူး သမီးရေ၊ သူ့ခမျာ ဒေါင်ချာစိုင်းအောင် အလုပ်များနေတော့ အလည်အပတ် သွားနိုင်မှာ မဟုတ်ဘူး"

သံသယမဝင်ချင်ပေမဲ့ ဝင်ဖို့ကတော့ ကောင်းနေပြီ။ အန့်တီမွန့် ပြောစကားတွေဟာ သွေးရိုးသားရိုးမဟုတ်ဘဲ အနော်ဇော့ကို တိုက်ခိုက်တာတွေ ပါနေလောက်ပြီ ထင်သည်။

"ကဲ ... သမီးရေ၊ အန့်တီ ဒီနို့ညှိလေးရယ်၊ ကျောက်စိမ်းရောင်လေးရယ် ယူထားလိုက်မယ်၊ အရောင်တွေကတော့ အကုန်အစုံ ရှိနေပြီမို့လို့ကွယ်၊ ဒါလေး နှစ်ထည်ကတော့ ဒီဖိုင်းလေး နည်းနည်းကြွတာနဲ့၊ အများစုကတော့ အန့်တီ



www.burmeseclassic.com

www.burmeseclassic.com



မွန့်မှာ ရှိပြီးသား ဒီဗိုင်းတွေမို့ မယူတော့တာပါလို့ သမီး မေမေကို ပြောလိုက်နော်၊ အန်တီ ငွေချေလိုက်မယ်၊ ခဏ စောင့်သွား၊ ဟုတ်လား"

အန်တီမွန်က သူမ အခန်းထဲ လှစ်ခနဲ ဝင်သွားလျှင် အနော်ဇာ တစ်ယောက်တည်း ဧည့်ခန်းထဲမှာ ထိုင်ကျန်ခဲ့သည်။

နီတွဒ်ရဲ့အိမ်ဟာ ကိုယ့်အိမ်လိုပဲ ဝင်ထွက်မွှေနှောက်သွားလာနေကျ ဖြစ်ပေမဲ့ အခုလိုအချိန်မှာတော့ ဘာကြောင့်မှန်း မသိဘဲ တစ်ခုခုက ဆုပ်ဆွဲထားသလို မသွားရဲ မလာရဲ တွန့်ဆုတ်နေမိသည်။

မဟုတ်သေးပါဘူး။ ဒီအနေအထားကြီးကတော့ အူကြောင်ကြောင် နိုင်လွန်းပါတယ်။ ငယ်ငယ်တုန်းကဆို စိတ်ကူးပေါက်တာနဲ့ ဒီဘက်အိမ်ကူးလာ၊ မီးဖိုချောင်ထဲ တန်းဝင်ပြီး အိုးလှန် ခွက်လှန်စား၊ နီတွဒ် အခန်းထဲ ဝင်ပြီးမွှေ။ ကြိုက်သလို နေနိုင်ခဲ့တာ။





အရွယ်လေး ရလာတော့ "မကောင်းတတ်ဘူး"ဆိုသည့်အသိ အလိုလိုရှိလာကာ နီတွဒ် အခန်းထဲ လှစ်ခနဲဝင်၊ စွတ်ကနဲ ပြန်ထွက် ဆိုတာမျိုး မလုပ်ဖြစ်တော့ပေမဲ့ တစ်အိမ်လုံး စိတ်ကြိုက် ဝင်ထွက်သွားလာကျင့်ကတော့ မပျောက်ခဲ့။

အခုမှ ဘယ်လိုဖြစ်ရတာလဲ မိနော်။ မရောက်ဖြစ်တာ နည်းနည်းလေး ကြာရုံနဲ့ပဲ ကိုယ်နဲ့ သူစိမ်းရပ်ကွက်တစ်ခုကို ရောက်နေရသလို ရှိုးတိုးရှန့်တန့် ခံစားနေရတာဟာ သဘာဝတော့ မကျပါဘူး။

အနော်ဇာက စိတ်ကူးပေါက်လာကာ ဖျတ်ခနဲထ,ပြီး နီတွဒ် အခန်းဆီ လျှောက်လာခဲ့လိုက်သည်။

အခန်းဝရောက်လျှင် တံခါးလက်ကိုင်ဖုကို ကိုင်ပြီး ဝင်ရကောင်းနိုး၊ မဝင်ရကောင်းနိုး ဇဝေဇဝါ။

အရင်ကတော့ ဒီအခန်းဟာ အဆီးအတားမရှိ ဝင်ထွက်နေကျ အခန်းပါပဲ။ နောက်ပိုင်း ကိုယ့်အသိစိတ်ဓာတ်နဲ့ ဆင်ချင်လိုက်ပေမဲ့လည်း အရေးကြုံလို့ ဝင်ဖို့ဆိုလျှင် နောက်တွန့်နေတာမျိုး မရှိခဲ့။



www.burmeseclassic.com

www.burmeseclassic.com



နီတွင်ဒ် အခန်းထဲဝင်ဖို့ ချီတုံချတုံ တွေဝေတွန့်ဆုတ်နေမိတာမျိုးဟာ ဒီတစ်ကြိမ် ပထမဆုံးပါပဲ။

အို ... ဘာဖြစ်သေးလဲ။ နီတွင်ဒ်ဟာ အနော်ဇာ့အတွက်တော့ ကိုယ်ခွဲတစ်ခုလို ရင်းနှီးရတဲ့သူပဲ။

သူ့အခန်းထဲ ဝင်မိတော့ရော ဘာများ ဖြစ်သွားမှာမို့လို့လဲ။

အနော်ဇာက စိတ်ကို တီခနဲ ပိုင်းဖြတ်လိုက်ကာ တံခါးလက်ကိုင်ကို ဖျတ်ခနဲ အလှည့် ...

"ဟ ... အနော်၊ ဒါက ဘာလုပ်တာလဲ"

အလန့်တကြား အော်သံကျယ်ကျယ်တစ်ခု။ သူ့အော်သံက ဘယ်လောက်များ အထိတ်တလန့် ပေါ်ထွက်လာသလဲဆိုလျှင် ကြားလိုက်ရသည့် အနော်ဇာ့မှာ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်သွားရသည့် အထိပင်။

"ဟယ် ... လန့်လိုက်တာ၊ နင်က ဘယ်အရပ်က ပေါ်လာတာလဲ နီတွင်ဒ်ရဲ့"





"ငါ အပြင်က ပြန်လာတာလေ၊ ဒီနားရောက်တော့ နင်ငါ့အခန်းတံခါး ဖွင့်မလို့ လုပ်နေတာ မြင်တာနဲ့ အော်မေးလိုက်တာ"

"အေးလေ ... အခန်းတံခါး ဖွင့်မလို့လေ၊ နင့်အခန်းထဲမရောက်တာကြာလို့ ဝင်မလို့ပေါ့၊ အဲဒါ ဘာဖြစ်သေးလဲ"

"မကောင်းဘူးလေဟာ၊ မဝင်နဲ့တော့လေ၊ နင်ပဲ ကိုယ့်ဘာသာ ဆင်ခြင်မိပြီး မဝင်တော့တာ ကြာပြီမဟုတ်လား"

"အဲဒါက တစ်သက်လုံးအတွက်မှ မဟုတ်တာ၊ ငါဝင်ချင်တဲ့အခါကျရင်တော့ ဝင်မှာပေါ့"

"ငါတို့တွေ ကလေးမှ မဟုတ်ကြတော့တာ၊ အရင်ကလိုမျိုး နေချင်သလို နေလို့မရတော့ဘူးလေ၊ ယောကျ်ားလေးမိန်းကလေးဆိုတဲ့ စည်းတော့ ထားမှ ဖြစ်တော့မှာပေါ့"

နီတွင်ဒ် မျက်နှာက မကြုံစဖူး တည်တံ့လှသည်။ ဒီစကားတွေကို သူ တကယ်ယုံကြည် လက်ခံလို့ ပြောနေသည်ဆိုတာ သူ့မျက်နှာ ကြည့်လိုက်တာနဲ့ သိသာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုခဏမှာ အနော်ဇာ ခေါင်းထဲ ဘယ်လိုအတွေးမျိုး ဝင်လာသလဲဆိုလျှင် နီတွဒ်ဟာ မရိုးသားသော အကြောင်းတစ်ခုခု ကြောင့် သူ့အခန်းထဲ ပေးမဝင်တာရယ်လို့ပင်။

နီတွဒ် ပြောသည့် ယောကျ်ားတစ်ယောက် အခန်းထဲ မဝင်သင့်ဘူးဆိုတာ သဘောတရားအရ ဟုတ်ပေမဲ့ မောင်နှမတွေလို ငယ်ငယ်လေးတည်းက အတူနေလာသည့် သူတို့နှစ်ယောက်ကြားမှာတော့ မရှိသင့်။ နီတွဒ်ကလည်း ဒီအကြောင်း တစ်ခုတည်းကြောင့်တော့ ဒီလောက် ကဲကဲဆတ် ဖြစ်နေမှာ မဟုတ်ဘူးထင်သည်။

တခြား ဖြစ်နိုင်စရာ အကြောင်းကို လိုက်ရှာကြည့်လျှင်တော့ သူ့အခန်းထဲမှာ ကောင်မလေးတစ်ယောက်ယောက်နဲ့ ပတ်သက်သည့် ပစ္စည်းတစ်ခု၊ ဒါမှမဟုတ် အများကြီး ရှိနေလို့ ဖြစ်နိုင်သည်။

ထိုအတွေးလည်း ဝင်လာရော ပူလောင်သည့် မနာလိုဝန်တိုခြင်း ဆိုသည့် ခံစားချက်က လူတစ်ကိုယ်လုံးကို လွှမ်းခြုံလိုက်ပါလေရော။





တကယ်လို့များ အန်တီမွန့် ခေါ်သံသာ ထွက်ပေါ် မလာခဲ့ဘူးဆိုလျှင် အနော်ဇာက နီတွဒ်ကို တွန်းဖယ်ပြီး အခန်းထဲ ဇွတ်ဝင်မိမလား၊ ဒါမှမဟုတ် ပေါက်ပေါက်ကွဲကွဲ ရန်လုပ်အော် ဟစ်မိမလား မသိနိုင်ချေ။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ဇာလေး လိုချင်တယ်ဆိုလို့ ကိုယ့်သူငယ်ချင်း ခြံကနေ တကူးတက သွားရှာလာခဲ့ရတာ၊ အရောင်တွေကတော့ ဇာလေး ကြိုက်ပါ့မလား မသိဘူး၊ ကိုယ်လည်း လှမယ် ဆန်းမယ် ရှားမယ် ထင်တဲ့ အရောင်တွေပဲ ရွေးယူလာတာ၊ မင်းမွေ့က ကိုယ့်သူငယ်ချင်း ပန်းအရောင်းဆိုင်ကို ကိုယ်တိုင်လိုက်ကြည့်ရင် ဇာလေး အရမ်းသဘောကျသွားမယ်၊ ကြိုက်တာလည်း ရွေးလို့ရမယ်၊ ဘယ်လိုလဲ၊ လိုက်ခဲ့မလား"





ထင်အောင်ဇော်က ရွှန်းရွှန်းဝေအောင် ပြောနေတာပါ။ သူက ဘယ်လောက်ပဲ ပြောပြော အနော်ဇာက စိတ်မဝင်စားနိုင်တာပဲ ခက်သည်။

နှင်းဆီပန်း လိုချင်တယ်လို့ ဘယ်တုန်းကများ ဘာစိတ်ကူးနဲ့ ပြောလိုက်မိပါလိမ့်။

ကြည့်ရတာတော့ တောင်စဉ်ရေမရ စကားတွေ လျှောက်ပြောကြရင်း ပန်းတွေအကြောင်း ရောက်သွားသည့်အချိန်မှာ နှင်းဆီပန်းကြိုက်တဲ့အကြောင်း ပြောမိတာပဲ ဖြစ်မည်။

နှင်းဆီပန်းကို ကြိုက်တယ် ဆိုပေမဲ့လည်း ပန်းအိုးထဲ ထိုးထားတာတို့၊ ပန်းစည်း၊ စည်းထားတာတို့ မြင်မှသာ လှတယ်ရယ်လို့ တခုတ်တရ အသိအမှတ်ပြု ကြိုက်နှစ်သက်တာမျိုး ဖြစ်ပြီး စိတ်ထဲ တသသ လိုချင်တပ်မက်နေတာမျိုးတော့ မရှိချေ။

စကားစပ်မိလို့ ပြောတုန်းကလည်း နှင်းဆီပန်းပင်ဆွ အိမ်မှာရှိရင် ကောင်းမှာပဲ ဆိုတာမျိုးလောက်သာ ပြောဖြစ်ခဲ့သည် ထင်ပါရဲ့။ နှင်းဆီပင် အရမ်းလိုချင်နေတယ်၊ ဝယ်ပေးမလားလို့တော့ လုံးဝမပြောမိတာ သေချာသည်။

www.burmeseclassic.com



သူ့ခမျာတော့ ဒါကိုပဲ တရားသေကြီး စွဲထင်ကာ တပင်တပန်း သွားဝယ်ချလာခဲ့ရှာတာ။

ဒီလိုအခြေအနေမျိုးမှာ ကိုယ့်ဘက်က သိပ်ကြီးလိုချင်မက်မောသည့်ပုံ၊ ဝမ်းသာအားရ ဖြစ်သွားသည့်ပုံ မပြဘူးဆိုလျှင် ဘယ်လိုမှ ကောင်းတတ်မှာမဟုတ်။

ကဲ ... ဒီတော့လည်း လာလေရော့ အကယ်ဒမီ အိုက်တင်။

"ပန်းတွေက လှလိုက်တာနော်၊ အရောင်လေးတွေကလည်း အဆန်းပဲ၊ အိမ်တော့ အရမ်းလှသွားမှာပဲ"

"ဓာလေး သဘောကျတယ် မဟုတ်လား"

"ကြိုက်တာပေါ့၊ အနော်တို့က ပန်းပင်ဆို သိပ်စိုက်ဖူးတာ မဟုတ်ဘူး၊ ကိုယ်စိုက်တဲ့အပင်က ပန်းတွေပွင့်လာရင် သိပ်စိတ်ဝင်စားဖို့ ကောင်းမှာပဲ"

အလို့ ...။ တယ်ဟုတ်တဲ့ ငါပါလား။ စိတ်ထဲဘာမှ မယ်မယ်ရရ မရှိသည့် ကိစ္စတစ်ခုကို အရမ်းပဲ ကျေနပ်ပျော်ရွှင်ဟန်ဆောင်တော့လည်း ပီရိသေသပ်ပေသား။





"ဓာလေး ကြိုက်တယ်ဆိုရင် ကိုယ့်သူငယ်ချင်းဆိုင်ကနေ သွားယူပေးဦးမယ်၊ အို ... သူ့ဆိုင်မှ မဟုတ်ပါဘူး၊ မင်းဓမ္မမှာ ပန်းခြံတွေမှ အများကြီးပဲ၊ ကိုယ်တိုင်လိုက်ကြည့်ပြီး ကြိုက်တာသာ လိုက်ရွေး၊ တစ်ခြံလုံး ပန်းခင်းကြီးဖြစ်သွားအောင်ဝယ်လည်း ရတယ်"

"အဲဒီလောက်ကြီးတော့ မလိုပါဘူး ကိုကြီးရဲ့၊ အနော်တို့က အစမ်းသဘော ခြေနိုင်လက်နိုင် စိုက်ချင်တာပါ၊ တစ်ခြံလုံး ပန်းခင်းဖြစ်အောင် ဆိုရင်တော့ မာလီတစ်ယောက်ထပ်ငှားမှပဲ ဖြစ်တော့မယ်"

"ရတယ်လေ၊ မာလီ အဖြစ်နဲ့ ကိုယ့်ကို ငှားလိုက်ပေါ့"

"အောင်မယ်လေး ... လေး ... သူဌေးမင်းကို တကယ်ခိုင်းဖို့မပြောနဲ့ စကားနဲ့တောင် အပြောမခံရဲပါဘူးရှင်၊ တော်ကြာ ကိုကြီး မိသားစုတွေ လိုက်လာပြီး အနော့်ကိုလည်ပင်းညှစ်သတ်နေကြပါဦးမယ်"

"ဒါမျိုးတော့ လုံးဝအဖြစ်မခံပါဘူး၊ ဓာလေးကို ဘယ်သူမှ မျက်စောင်းတောင် ထိုးမကြည့်စေရဘူး၊ စိတ်ချ"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာတည်တည်ကြီးနဲ့ စကားနုနုတွေ ပြောနေသော ထင်အောင်ဇော်ကို အနော်ဇာကတော့ ရယ်ပဲရယ်ချင်နေသည်။

ဒီလူကြီးဟာ လေးစားအထင်ကြီးဖို့ ကောင်းပြီး အားကိုး ယုံကြည်ချင်စရာ ဖြစ်တာတော့ သေချာသည်။ သူနဲ့ စကားပြောရလျှင် ကိုယ်မကြားဘူးသည့် အကြောင်းတွေ၊ ကိုယ်နဲ့မရင်းနှီးသည့် အသိုင်းအဝိုင်းတွေ၊ ကိုယ် အိပ်မက်တောင် မမက်ဘူးသည့် ပတ်ဝန်းကျင်သစ်တွေအကြောင်း နားထောင်ရတာ စိတ်ဝင်စားစရာတော့ ကောင်းသည်။

ဒါပေမဲ့ ကြာလာသည့်အခါကျတော့ လူကြီးဟာ သူကြီး၊ ကလေးဟာ ကလေးပါပဲ။ ကိုယ်စိတ်ဝင်စားသည့် ခေါင်းစဉ်ခြင်း မတူသည့်အခါ စကားကြာကြာ ပြောမိလေလေ တစ်ယောက်နဲ့ တစ်ယောက် ကွဲပြားတာတွေဟာ သိသာထင်ရှားလာလေလေ။

အနော်ဇာ စကားပြောပုံဆိုပုံဟာ ကလေးဆန်လွန်းသည်၊ ပေါ့ပေါ့တန်တန် နိုင်လွန်းသည်လို့ ထင်အောင်ဇော်က





ထင်သလို ထင်အောင်ဇော် ပြောသည့် စကားတွေဟာလည်း အနော်ဇာ့ အတွက် ပျင်းရိငြီးငွေ့စရာတွေ ဖြစ်ဖြစ်လာတတ်သည်။

"ဇာလေး ... ဘယ်လိုလဲကွာ၊ ကိုယ့်ကို အဖြေပြန်မပေးသေးဘူးလား"

"ကိုကြီးကလည်း ... စဉ်းစားတုန်းပါဆို"

"ကိုယ့်မှာ ဒီလောက် အချိန်ယူ စဉ်းစားစရာ ဘာတွေများရှိနေသလဲ"

ဟွန့် ... ပြောပုံကြီးက။

သူ့စကားကြီးကို အနော်ဇာက မခံချင်သလို ဖြစ်သွားရသည်။

ယောကျ်ားလေး တစ်ယောက်ဟာ ဘယ်လောက်ပဲ ဆောင်တော်၊ ဘယ်လောက်ပဲ ပြည့်စုံ ပြည့်စုံ မိန်းကလေး တစ်ယောက်အတွက်ကတော့ အသေအချာ စဉ်းစားပြီးမှ အဖြေပေးရမှာပဲ။ အပြေးပြိုင်ပွဲတစ်ခုမှာလို သတ်မှတ်ချိန်အတွင်း သတ်မှတ်ထားသည့် အကွာအဝေးတစ်ခုကို အမြန်ဆုံး ပြေးနိုင်သည့်



www.burmeseclassic.com

www.burmeseclassic.com



အရည်အချင်း ရှိတာနဲ့ပဲ ပထမဆုကို တန်းပြီးချီးမြှင့်လို့ ရတာမှ မဟုတ်တာ။

သူ ပြောပုံက သူ့အရည်အချင်း၊ သူ့ဂုဏ်သိက္ခာတွေကို ကြည့်ပြီး ဘယ်မိန်းကလေးကမဆို မဆိုင်းမတွ ခေါင်းညိတ်လက်ခံရမှာပဲဟု အသေအချာ ယုံကြည်နေသလိုမျိုး။

ဒီလိုအတွေးမျိုးရှိသည့် ယောကျ်ားတွေကိုတော့ အနော်ဇာက အမြင်ကတ်လှသည်။ ဘာဖြစ်လဲ။ သူတို့ပြည့်စုံနေတာနဲ့ပဲ မိန်းကလေးတွေက သူတို့ရဲ့ အလုအယက် ကျဆုံးရတော့မှာလား။

ဒီလို အပိုင်အနိုင် စိတ်ကူးမျိုးနဲ့ ချဉ်းကပ်လာတာ ဆိုလျှင်တော့ ဝေးပါသေး။

အနော်ဇာ မျက်နှာညိုသွားပြီဆိုတာ ပါးနပ်သော ထင်အောင်ဇော်က ချက်ချင်းပဲ သိလိုက်တာမို့ စကားကို ခပ်မြန်မြန် လျှော့ချကာ ...

"အင်းပါလေ၊ ဇာလေး စဉ်းစားချင်သေးတယ် ဆိုရင် စဉ်းစားပါ၊ ကိုယ့်ဘဝတစ်သက်လုံးစာအတွက် အရေးအခင်း





ဆိုတော့လည်း သေသေချာချာ စဉ်းစားကြည့်တာ ပိုကောင်းတာပေါ့"

အနော်ဇာက ဘာမှပြန်မပြောပေမဲ့ စိတ်ထဲကတော့ မျက်စောင်းအကြိမ်ကြိမ် ထိုးကြည့်ဖြစ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ကုမ္ပဏီကို မနက်စောစော လာပြီး ဒီနေ့အတွက် အရေးပေါ် ရှင်းရမည့် ကိစ္စတွေကို အပြတ် ဖြတ်လိုက်သည်။

ဒီနေ့က အလုပ်ပါးသည့်နေ့။ တချို့ဝန်ထမ်းတွေဆို နေ့တစ်ဝက်နဲ့တောင် ပြန်ခွင့်ပေးထားတာမို့ မနက်ခင်းတစ်ခင်းလုံး အားသွန်ခွန်စိုက် အလုပ်လုပ်လိုက်သည့်အခါ လုပ်စရာတွေက တော်တော်ရှင်းသွားသည်။

နေ့လယ် ထမင်းစားချိန်ကျတော့ နီတွဒ်က ရုံးခန်းကို သော့ပိတ်ကာ ချိန်းဆိုထားသော နေရာကို အရောက်လာနိုင်ပြီ၊





"ဆရာသမားက အချိန်တိကျသားပဲ၊ ကျွန်တော်က ပျင်းပျင်းနဲ့တော့ ထိုင်စောင့်ရတော့မယ် ထင်တာ"

"ဆိုင်ထဲဝင်ပြီး စားချင်တာ မှာစားနှင့်ပေါ့ ဖျံကြီးရ၊ မင်းကလည်း ... မင်းကို ဆိုင်ပြင်မှာ ရပ်စောင့်နေဖို့ ငါမခိုင်းခဲ့ပါဘူး"

"ဆရာသမားရယ် ... ဒီရုပ်ဒီရည်ကိုလည်း ကြည့်ပါဦး၊ ကျွန်တော် ဒီပုံနဲ့ ဆိုင်ထဲဝင်ပြီး ရေသန့်တစ်ဘူးမှာသောက်ရင်တောင် ဘယ်သူကမှ စိတ်ချလက်ချ ရောင်းမှာမဟုတ်ဘူး"

ဖျံကြီး ပြောတော့မှပဲ နီတွဒ်က သူ့ပုံစံကို အသေအချာ ကြည့်မိတော့သည်။

ဟုတ်တော့လည်း ဟုတ်တာပါပဲ။ ဂျင်းဘောင်းဘီက စတိုင်လ်ထွင်ဝတ်တာ မဟုတ်ဘဲ ဖြူဖတ်နွမ်းရိနေပြီ။ အပေါ်က တီရှပ်အနက်ရောင်ကလည်း အနက်ဖြစ်ခဲ့ဖူးသည်လို့ မှန်းလို့ရရုံသာ ရှိတော့လျက် မီးခိုးဖျော့မွဲမွဲ ဖြစ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားတင် စုတ်တာလား ဆိုတော့ မဟုတ်သေး။ ရုပ်ရည် ရူပကာကလည်း ဘယ်လိုမှ မသားနားချေ။ ဆီမကပ်သည့် ဆံပင်တွေဟာ ကောက်ကောက်နဲ့ မွဲခြောက်ခြောက်အသားအရေက ညိုမည်းလျက် လူက ပိန်လိန်ခြောက်ကပ်နေသည်။ မျက်နှာမှာ တင်းတိပ်၊ မှဲ့ခြောက်၊ ဝက်ခြံတွေက ဗရပွ။

ကဲ ... ဒီလောက် အရောင်အဆင်း မွဲခြောက် ပေတေလှသော လူတစ်ယောက်က အကောင်းစား ဟိုတယ်ထဲဝင်ပြီး အစားအသောက်တွေ မှာစားမည်ဆိုလျှင် ဘယ်လောက်ခွကျလိုက်မဲ့ အဖြစ်လဲ။ ဘယ်သူကရော ရောင်းချင်မှာလဲ။

"ကဲ ... လာ ... လာ"

နီတွဒ် ရှေ့က ဦးဆောင်ဝင်သွားလျှင်တော့ ဆိုင်ဝန်ထမ်းတွေက တံခါးဖွင့်ပေးကာ ပျာပျာသလဲ ဆီးကြိုကြပြီ။

"ဘယ်စားပွဲမှာ ထိုင်မလဲ ဆရာ"

"သီးသန့်ခန်း တစ်ခန်းလောက် ရဦးမလား"

"ရမယ်ခင်ဗျ၊ ဟိုဘက်ထောင့်မှာ သီးသန့်ခန်းတွေ ရှိပါတယ်"





"အေး ... ထောင့်အကျဆုံးအခန်း ပေးကွာ"

အခန်းထဲ ဝင်ထိုင်ပြီး စားသောက်စရာတွေ မှာပြီးတော့မှ ...

"ကျွန်တော်တို့ အလုပ်စ,ကြတော့မလား ကိုတွဒ်"

"အေးကွ ... ဒီအချိန်လောက် အလုပ်စတာ အကောင်းဆုံးပဲ ထင်တယ်၊ ဒီမှာ ငါ ကွန်ပျူတာနဲ့ စာတစ်စောင်ရိုက်လာတယ်၊ စာအိတ်ပေါ်မှာလည်း နာမည်တပ်ပြီးသား၊ မင်း လုပ်ရမှာက အဲဒီစာအိတ်ကို ဟိုလူ့ရုံးရှေ့က စာတိုက်ပုံးထဲ သွားထည့်ဖို့ပဲ"

"ဒီလောက်လေးများ ကိုတွဒ်ရာ၊ စိတ်ချ၊ ညနေ ရုံးဆင်းလို့ လူရှင်းတဲ့ အချိန်လောက်ကျ ကျွန်တော် သွားထည့်ထားလိုက်မှာပေါ့"

"ဟေ့ ... ဟေ့ ... ဒီလောက်နဲ့တော့ မင်းကို ခိုင်းပါ့မလား၊ ငါကိုယ်တိုင် သွားထည့်ရင်တောင် ရသေးတယ်"

ဖျံကြီးက နီတွဒ်ကို နားမလည်သလို ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို လူမမြင်အောင် ထည့်ခိုင်းတာ မဟုတ်ဘူး၊ လူမြင်အောင် ထည့်ခိုင်းတာ"

"ခင်ဗျာ ... လူမြင်အောင် !"

"ဟုတ်တယ်၊ အဲ ... အတိအကျကြီး မြင်သွားဖို့တော့လည်း မဟုတ်ဘူး၊ ငါ ဖြစ်စေချင်တာက မမြင့်တမြင်လေးကွာ၊ ကုမ္ပဏီရုံးရှေ့က စာတိုက်ပုံးနားမှာ လူတစ်ယောက်က လူအရှင်းချောင်းနေသလိုမျိုး ရစ်သီ ရစ်သီ လုပ်နေမယ်၊ လူရှင်းပြီလို့လည်း ထင်ရော၊ စာတစ်စောင်ကို လှစ်ခနဲထည့်ပြီး ထွက်သွားရမယ်၊ အဲ ... ဒါပေမဲ့ အဲဒီမသင်္ကာစရာမြင်ကွင်းကို လူအတော်များများ တွေ့သွားရမယ်၊ သဘောက လူမမြင်အောင် လုပ်ပေမဲ့ ကာယကံရှင်က မပိရိတော့ မြင်သွားကြတဲ့ သဘောပေါ့ကွာ"

ဖျံကြီးက လက်ဖျောက်တစ်ချက် တီးလိုက်ကာ ...

"အာ ... ပေါက်ပြီ ကိုတွဒ်၊ ကျွန်တော် ပေါက်သွားပြီ၊ ကိုတွဒ် ဆိုလိုတာ ဒီစာကို ဘယ်သူထည့်သလဲဆိုတာ သူတို့ကို ပေးသိစေချင်တာ၊ ဒါပေမဲ့ ပုံစံကတော့ မသိစေချင်သလိုမျိုး ခိုးကြောင်ခိုးဝှက် ဖြစ်စေရမယ်၊ ဟုတ်စ"





"အဟုတ်ပဲ"

ဒါမျိုးဆိုလျှင် ဖျံကြီးဟာ အကျွမ်းကျင်ဆုံး၊ စိတ်အချရဆုံးလူပင်။ ဖျံကြီးဟာ ရုပ်ရှင်ထဲက သည်းထိတ်ရင်ဖိုဇာတ်ကွက်ဆန်ဆန် အလုပ်မျိုး လုပ်ရဟာကို သိပ်ပြီးတော့ သဘောကျတတ်တာ။

"နောက်တစ်ခုကတော့ မင်း အခု သူ့ဆီ ဖုန်းဆက်ရမယ်"

"ဘာတွေ ပြောရမှာလဲ"

"စကားကို များများ မပြောနဲ့၊ ခင်ဗျား ဦးထင်အောင်ဇော်လား မေးပြီးရင် ကျွန်တော် တစ်ခွန်းပဲပြောမယ်၊ အနော်ဇာနဲ့ ကင်းကင်းနေပါ၊ အဲဒါပဲပြောပြီး ဖုန်းကို ခွပ်ခနဲချလိုက်"

"အသံနေ အသံထားက ဘယ်လိုလုပ်ရမလဲ၊ ဟိန်းဟောက်တဲ့ အသံမျိုးလား၊ စိတ်လှုပ်ရှားနေတဲ့ အသံလား၊ ဒါမှမဟုတ် ကြောက်ကြောက်နဲ့ ရဲဆေးတင်ပြီး ပြောရတဲ့အသံမျိုးလား"

"သံမှန်နဲ့ပဲပြော၊ ရုပ်ရှင်ထဲက လူမိုက်တွေလို အိုက်တင်ကြီး လုပ်ထားတဲ့ အသံမျိုးလည်း မဖြစ်စေနဲ့၊ သဘောပေါက်လား"

www.burmeseclassic.com



"ဟုတ်ကဲ့ ... ဟာ့ ဟား ဟား လို့တောင် တစ်ချက်လောက် ရယ်မပေးလိုက်ရတော့ဘူးလား"

"မင်းနော် ... ငါပြောထားတဲ့ကြားက ပေါကြောင်ကြောင်တွေ လျှောက်လုပ်လို့ ဟိုက အယုံအကြည်မရှိ ဖြစ်သွားရင် မင်းကို ငါ ကောင်းကောင်းဆော်မှာနော်"

"နောက်တာပါ ကိုတွဒ်ရ၊ ကျွန်တော်က တစ်ချိန်ကျရင် ရုပ်ရှင်ထဲမှာ လူကြမ်းနေရာက ဝင်ရိုက်ဖို့ စီစဉ်ထားတာ၊ အိုက်တင်ကတော့ ဘာပိုင်သလဲ မမေးနဲ့"

"တော်ပြီ ... တော်ပြီ ... ငါပြောတဲ့အတိုင်းပဲလုပ်၊ မင်းစိတ်ကူးနဲ့ ဘာမှ ထပ်မကွန့်နဲ့နော်၊ သဘာဝလွန်ကြီး ဖြစ်သွားရင်လည်း မကောင်းဘူး"

"အဟီး"

ဖျံကြီးက ကွမ်းချိုးတွေနဲ့ နီညိုမည်းချိတ်နေသော သူ့သွားတွေပေါ်အောင် ဖြဲလျက်ရယ်နေသည်။

ဒီကောင့်ပုံစံဟာ ကိုယ့်ကို လှောင်ပြောင်နေတာမှန်း သိပေမဲ့လည်း နီတွဒ်က ဘယ်လိုမှ မတတ်နိုင်ပါ။ ကိုယ့်ဘဝ အကျိုးပေးကိုက ဒီလိုပဲ ဖန်လာပေတာကိုး။





"ကျွန်တော် ဖုန်းဆက်ရမယ်ဆိုတာ အခုလား၊ ကိုတွဒ်မှာ လက်ကိုင်ဖုန်း ပါလာလား"

"ဘာလုပ်မလို့လဲ"

"အခု ဆက်မယ်လေ"

"ဟ ... ငါ့ဖုန်းနဲ့ ဆက်လို့ရမလားကွ၊ သူ့ဖုန်းမှာ ပေဂျာ တပ်ထားရင် မင်း ဘယ်ကဆက်သလဲဆိုတာ သိသွားမှာပေါ့"

"ဒါဆိုလည်း ဆိုင်ကဖုန်းနဲ့ ..."

"ဒါလည်း မဖြစ်ဘူး၊ ကိုယ်ပြောတဲ့စကားကို ဘေးလူမကြားတာ အကောင်းဆုံးပဲ၊ လမ်းဘေးမှာ ထီးနဲ့ စားပွဲချပြီး ဆက်ရတဲ့ အစိုးရဖုန်းတွေနဲ့လည်း ဆက်လို့မဖြစ်ဘူး၊ တော်တော် လူရှင်းပြီး သီးသန့်ကျတဲ့ ဥပမာကွာ ဖုန်းရုံနဲ့ထားတဲ့ ဖုန်းမျိုးမှာဆက်"

"နောက်ပြီးတော့ရော"

"ဟော့ကောင် ... မင်းမျက်နှာ အပိုးမကျိုးတဲ့ရုပ်ကြီး လုပ်မထားနဲ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုတွဒ်ကလည်းဗျာ၊ ကိုယ့်ဘာသာ အဖြစ်ရှိအောင်တော့ မကြိုးစားဘဲ အောက်လမ်းနည်းပဲ လိုက်လုပ်နေတာ၊ ကျွန်တော်က မရယ်ချင်ဘဲ ရှိမလားဗျ၊ တကယ်လို့ ကိုတွဒ်သာ ကိုယ့်အားကိုယ်ကိုးမယ်ဆိုရင် ကျွန်တော်တောင် မလိုဘူး"

ကိုယ့်အားကိုယ်ကိုးမယ် ဆိုရင် ... တဲ့။

ဖျံကြီးပြောတာလည်း ဟုတ်သလိုလို ရှိသားပင်။ ဒါပေမဲ့လည်း ကိုယ်တိုင် လက်နဲ့ရေးဆွဲထားခဲ့မိသော အဖြူရောင် စည်းရိုးကစ်ထပ်ကို ကိုယ်တိုင် အဖျက်ခက်လှတာကိုတော့ ဘယ်သူမှ သိနိုင်မှာ မဟုတ်ပါဘူးလေ။





ခုအချိန်လောက်ဆိုရင် ဖျံကြီးတော့ ဦးထင်အောင်ဆော်ဆီ ဖုန်းဆက်နေလောက်ပြီ။

ဟိုလူက ထူးဆန်းစွာ ရောက်ရှိလာသော တယ်လီဖုန်းကို ဘယ်လိုသဘောထားမလဲ။ အရေးမပါဘူးရယ်လို့ ဥပေက္ခာပြုထားလိုက်မှာလား၊ အနှောင့်အယှက်တစ်ခု အဖြစ်နဲ့ စိတ်တိုမှာလား၊ ဟာသတစ်ခုလို ရယ်မောနေမှာလား၊ အချက်အလက်သစ်တစ်ခုအနေနဲ့ အလေးအနက် စဉ်းစားနေမှာလား။

အခုအချိန်လောက်ဆိုရင် ...။

"ဆရာ"

"... ... ..."



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ"

"… … …"

"ဆရာ့ …"

တဖြည်းဖြည်း မြင့်မြင့်တက်လာသော ခေါ်သံကို နီတွဒ်က တော်တော်နဲ့ မကြားနိုင်။ ခေါ်နေသည့် ကောင်မလေးက နောက်ဆုံး စိတ်တိုတိုနဲ့ ဆောင့်အော်လိုက်လို့ "ဆရာ" ကနေ "ဆရာ့" ဖြစ်လာတော့မှပဲ နီတွဒ်လည်း ကြားနိုင်တော့ကာ အတွေးအိမ်ထဲကနေ အလန့်တကြား ရုန်းထွက်လိုက်ရလေသည်။

"ဩော် … ဘော်ဘော် … လာလေ၊ ဘာကိစ္စရှိလို့လဲ"

ဘော်ငွေစင် ဆိုသည့် ကောင်မလေးက တွန့်ဆုတ်ဆုတ်ကလေး ရှေ့တိုးလာသည်။

ကောင်မလေးဟာ လူကြောက်တတ်သည့် နေရာမှာတော့ နှစ်ယောက်မရှိ။ အလုပ်ကို စိတ်ဝင်တစား ကြိုးကြိုးစားစား လုပ်ပေမဲ့ ဆက်ဆံရေးကျတော့ ညံ့ဖျင်းလှသည်။ လူအများနဲ့ စကားပြောတတ်ဆိုတတ်ဖို့ မဆိုထားနဲ့ သူ့အထက်က အလုပ်





ရှင်အဖြစ် အမြဲတမ်း လက်တွဲလုပ်နေရသည့် နီတွဒ်ကိုတောင်မှ စေ့စေ့ကြည့်ကာ စကားမပြောရဲ။

ဘော်ငွေစင်ဟာ ဖေဖေ့ အချစ်ဆုံး သူငယ်ချင်းရဲ့ သမီးကလေးပင်။ အစကတော့ သူဌေးသမီးကလေး အဖြစ်နဲ့ မကောင့်မတ နေလာခဲ့ရပြီး သူ့အဖေ ဆုံးသွားသည့်အခါကျတော့ အခြေယိုင်လာကာ အိမ်ရဲ့စီးပွားရေး အထောက်အကူဖြစ်ဖို့အတွက် ဒီမှာ အလုပ်လာဝင်လုပ်နေတာ။

ကောင်မလေးဟာ ဖေဖေ နေကောင်းနေစဉ်ကတည်းက အလုပ်ဝင်လာခဲ့တာ ဖြစ်ပါသည်။ ဖေဖေနဲ့တော့ သားအဖအရွယ်မို့ ဘယ်လောက် တရင်းတနှီး ရှိခဲ့သလဲ မပြောနိုင်ပေမဲ့ နီတွဒ်နဲ့ကျတော့ အသက်ချင်း မတိမ်းမယိမ်း ဖြစ်နေကာ ရှိုးတိုးရှန့်တန့် ဖြစ်နေတာလည်း ပါသည်။

နီတွဒ်က ကောင်မလေး နေရဲ ထိုင်ရဲ ရှိပါစေတော့ ရယ်လို့ သူမကို သူ့အိမ်သားတွေ ခေါ်သလို ဘော်ဘော်လို့ တရင်းတနှီး လိုက်ခေါ်ခဲ့တာပါပဲ။ ဒါတောင် မရွှေချောလေးက ဝံ့မရဲ ရှိနိုင်တုန်း။

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"စင်ကာပူက ဖက်(စ်)ဝင်လာတာလေး၊ လာပေးတာပါ၊ နောက်ပြီးတော့ မနက်ဖြန် အစည်းအဝေးအတွက် လိုအပ်တဲ့ အချက်အလက်နဲ့ စာရွက်စာတမ်းတွေ ပြင်ဆင်ထားဖို့ သတိပေးပါဆိုလို့ လာသတိပေးတာပါ"

"ဟုတ်ပြီ ... ဟုတ်ပြီ၊ ဟ ... နေဦးလေ၊ ဖက်(စ်)က ဖတ်ပြီးရင် ဘာလုပ်ရမယ်ဆိုတာ ပြန်ပြောစရာ ရှိချင်ရှိဦးမှာပေါ့၊ စောင့်ဦး"

လက်ထဲကို ဖက်(စ်)စာရွက် ထိုးပေးပြီးတာနဲ့ လှစ်ခနဲ ပြန်လှည့်ထွက်သွားဖို့ ကြိုးစားသော ကောင်မလေးကို အမြန်တားဆီးရသေးသည်။ ပြီးတော့မှ ဖက်(စ်)ကို ဖတ်ရသည်။

"ကျွန်တော်တို့ မနေ့က တွက်ထားတဲ့ လုပ်ငန်းသစ်အတွက် ခန့်မှန်းကုန်ကျငွေစာရင်းနဲ့ လိုတဲ့ပစ္စည်းစာရင်း အဲဒါရှိသေးတယ် မဟုတ်လား"

"ဟုတ်ကဲ့ ... ဆရာသိမ်းခိုင်းထားလို့ ကျွန်မ ဖိုင်တွဲပြီး သိမ်းထားပါတယ်"





"အေး ... အဲဒါကို ခဏပြန်ပေး၊ အတိအကျ ပိုဖြစ်သွားအောင် စုံစမ်းစရာရှိတာ စုံစမ်းရမယ်၊ ပြီးရင် စင်ကာပူရုံးကို လှမ်းပို့ရမှာ"

"ဒီနေ့ပဲလား ဆရာ"

"ဒီနေ့ပြီးရင်လည်း ပြီးပေါ့၊ မပြီးလည်း မနက်ဖြန်မနက်စောစောလာပြီးပို့လေ"

"ဟုတ် ... ဆရာ"

ကောင်မလေးက တွန့်ဆုတ်ဆုတ်နဲ့ ခေါင်းညိတ်ပြီးမှ ဆက်မပြောရဲတော့သလို စကားကို ရပ်ထားလိုက်ပြန်သည်။

"ဘာလဲ ဘော်ဘော်၊ ပြောလေ အားမနာနဲ့ ဘာအခက်အခဲရှိသလဲပြော"

"ဟို ... ဖက်(စ်)က ညနေ ဘယ်အချိန်လောက်အထိ စောင့်ပြီး ..."

"သြော် ... ရပ်သွားရပြန်ပြီ၊ ပြောစမ်းပါ၊ အားနာစရာမရှိပါဘူးဆို"

"ဟိုလေ ... အမေ့ကို ဆေးခန်းပြဖို့ ရှိလို့ပါ၊ အဲဒါ"



www.burmeseclassic.com

www.burmeseclassic.com



“သိပြီ သိပြီ ... သဘောပေါက်ပြီ၊ ညနေ အလုပ်စောစော ဆင်းချင်တယ်ပေါ့၊ ဟုတ်လား”

“ဟုတ်ကဲ့”

“အမေက ဘာဖြစ်လို့လဲ၊ ဆေးခန်းက ဘယ်မှာ ပြရတာလဲ”

“နှလုံးနည်းနည်း မောတယ်ဆိုလို့ ဒေါက်တာဦးအောင်ချိန်နဲ့ ပြနေရတာပါ၊ မြို့ထဲက ပါရဂူဆေးခန်းမှာပါ”

“ရတယ်လေ ... ညနေ ဖက်(စ်)ပို့ဖို့လေး တစ်ခုတည်းအတွက်နဲ့တော့ စောင့်မနေနဲ့တော့၊ ပြန်သာပြန်၊ အဲ ... ဒါပေမဲ့ ရုံးကပြန်၊ အန်တီ့ကို အိမ်ပြန်ခေါ်ရဦးမှာ မဟုတ်လား၊ တောင်ဥက္ကလာကို တစ်ခေါက်ပြန်၊ ပြီးမှ မြို့ထဲပြန်လာပေါ့”

“ဟုတ်ကဲ့”

“ခရီးက ထောက်လိုက်တာဗျာ၊ ဒါဖြင့် ဒီလိုလုပ်၊ ညနေရုံးဆင်းရင် ကျွန်တော် ခင်ဗျားကို အိမ်ပြန်ပို့ပေးမယ်၊ ပြီး





ရင် အန်တီ့ခေါ်ပြီး ဆေးခန်းလိုက်ပို့ပေးတာပေါ့၊ အပြန်ကျရင်တော့ စောပြီးလည်းစောင့်မယ်၊ ကြာမယ်ဆိုရင်တော့ ကိုယ့်အစီအစဉ်နဲ့ကိုယ် ပြန်လိုက်တော့ပေါ့၊ ဟုတ်လား”

“နေပါစေရှင်၊ အားနာစရာ”

“အားမနာနဲ့၊ ဒါ ခင်ဗျားနဲ့ ကျွန်တော့်ကြားက အလုပ်ရှင်နဲ့ ဝန်ထမ်းဆိုတဲ့ ပတ်သက်မှုကြောင့် လုပ်ပေးတာ မဟုတ်ဘူး၊ ကျွန်တော့်အဖေကိုယ်စား သူ့သူငယ်ချင်းရဲ့ဇနီးနဲ့သမီးကို ကူညီတာ၊ ခင်ဗျားနဲ့ ဘာမှမဆိုင်ဘူး”

“အို ... ဒါပေမဲ့ ...”

“ဒါပေမဲ့တွေ ဘာတွေ လုပ်မနေနဲ့၊ ခင်ဗျားကို ညနေစောစော အလုပ်ပေးမဆင်းဘူး၊ အချိန်ကိုက်ပဲ ပြန်လွှတ်မယ်၊ ကျွန်တော် လိုက်ပို့တာကိုမှ မခံဘူးဆိုရင်တော့ ခင်ဗျားဆေးခန်းပြဖို့ နောက်ကျပေတော့”

ဘော်ငွေစင်က ဘာလုပ်ရမယ်မှန်း မသိ၊ ဇဝေဇဝါ ယောင်ချာချာကလေး ဖြစ်နေရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမအကြောင်းကဖြင့် သိနေပြီ။ ဒီလိုအချိန်မျိုးမှာမှ စကားကို နင်းပြီး အတင်းဖိမပြောထားဘူးဆိုလျှင် ကိုယ့်စကား အောင်မှာမဟုတ်။

"သွားတော့ ... သွားတော့ ... ညနေအပြန် စောင့်နေလိုက်"

နီတွဒ်က အဆုံးအဖြတ် ပေးသလို ပြတ်ပြတ်သားသား ပိတ်ပြောလိုက်တော့မှ ကောင်မလေး ယောင်တောင်တောင်နဲ့ ပြန်ထွက်သွားရှာတော့သည်။





ပျင်းလိုက်တာ။

ထိုင်စောင့်ရတဲ့ အလုပ်လောက် ပျင်းတာကိုမရှိ။ ဘယ်လိုဝင့်ကြွားကြောင့်များ ဒီလောက် အချိန်အကြာကြီး ထိုင်စောင့်ရတဲ့ တာဝန်ဟာ ကိုယ့်ပခုံးပေါ်ကို ရောက်လာရတာပါလိမ့်။

အရင်ကဆို ဒါဟာ အနော်ဇာ့ အလုပ်တွေလို့ ခေါင်းထဲတောင် မထည့်ခဲ့ဘူး။ သွားစမ်း နီတွဒ် ပခုံးပေါ်။

နီတွဒ် တစ်ယောက်ဟာ အခုတလော ဘယ်ချောင် ကပ်နေသလဲကို မသိ။ အန်တီမိမိကို ဆေးခန်းပြရမည့်နေ့ဟာ ဒီနေ့ဆိုတာ သူ အမှတ်မရတော့ဘူး ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲ ... ပြောရဦးမည်။ အန်တီမိမိ ဆိုတာက သူတို့နှစ်အိမ်ရဲ့ ရှေ့ကအိမ်မှာနေသည့် အပျိုကြီး တစ်ကိုယ်တည်းအန်တီ။ သူ့ခမျာ တစ်ကိုယ်တည်းနေရရှာတာမို့ အရေးဆိုအား ကိုးအားထားက မရှိ။ အိမ်နီးနားချင်းတွေကပဲ ဝိုင်းကြည့်စောင့်ရှောက်ထားကြရတာ။

အန်တီမိမိကလည်း တကယ့်ဂီလာန။ သူ့မှာဖြစ်လိုက်သမျှ ရောဂါတွေက အစုံ။ အဆိုးဆုံးကတော့ ကိုယ်လက်အဆစ်အမြစ်တွေ နာကျင်ကိုက်ခဲတာ။ ထိုရောဂါအတွက် သူ့ခမျာ ဆေးခန်းကို ပုံမှန်ပြနေရရှာတာ။

များသောအားဖြင့်တော့ အန်တီမိမိ ဆေးခန်းပြဖို့ အဖော်လိုက်ပေးရသူမှာ နီတွင်ဒ်သာလျှင် ဖြစ်လေသည်။

နီတွင်ဒ်က သွက်လက် ဖျတ်လတ်သည်၊ လူတစ်ယောက်ကို တွဲဖို့အားရှိသည်၊ အချိန်လည်း အားလပ်နေတတ်သည်။ အဲ ... အဓိက,ကတော့ စိတ်ရှည်သည်းခံနိုင်သည်။

ဒီနေ့တော့ အန်တီမိမိ ဆေးခန်းပြရမည့်ရက်မှာ ကိုရွှေနီတွင်ဒ် တစ်ယောက် အစအနကို ပေါ်မလာ။ ဖုန်းဆက်ကြည့်တော့ အလုပ်က ပြန်မလာသေးတဲ့။





ညနေခြောက်နာရီတောင် ကျော်နေပြီဆိုတော့ ဘယ်လိုမှ မတတ်သာစွာ အနော်ဇာကပဲ အန်တီမိမိကို ဆေးခန်းခေါ်လာရလေသည်။

လူကြီးတွေနဲ့ဆို ဖွယ်ဖွယ်ရာရာ စကားမပြောတတ်သည့် အနော်ဇာက အန်တီမိမိ ဘေးမှာထိုင်ကာ ငုတ်တုတ်၊ တစ်ကိုယ်တည်းသမားပီပီ နဂိုကတည်းက စကားနည်းသော အန်တီမိမိကလည်း အနော်ဇာ့ ဘေးမှာ ငုတ်တုတ်။

ကြာတော့ လိမ့်နေအောင်ကို ပျင်းလာသည်။ တာဝန်မကျေသည့် နီတွင်ဒ်ကိုပဲ စိတ်ထဲက အကြိမ်ကြိမ် အပြစ်တင်ရင်း ဆရာဝန်ပြဖို့ စောင့်ဆိုင်းရအောင်ထားသည့် ခုံတွေမှာ ငေးငိုင်ငိုင်ထိုင်နေဖြစ်သည့်အခိုက် ...

ဟင် ...။

အံ့သြစရာကောင်းပေစွ။ နီတွင်ဒ်က ဆေးခန်းကို ကြိုလို့တောင် ရောက်နေပါလား။

ကြည့်ရတာတော့ အန်တီမွန် ဖြစ်ဖြစ် တစ်ယောက်ယောက်က ဖုန်းဆက်လိုက်လို့ အန်တီမိမိ ဆေးခန်းပြရမှာကို သတိရသွားပြီး ကုမ္ပဏီကအပြန် ဝင်လိုက်လာတာပဲ ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



အတော်ပဲ။ နီတွဒ် ရောက်လာလျှင်တော့ အန်တီမိမိကို နီတွဒ်လက်ထဲပဲ လွှဲအပ်ကာ ပြန်လိုက်တော့မည်။ ခါးမတ်မတ်နဲ့ ထိုင်ခုံမှာ အကြာကြီးငြိမ်ပြီး ထိုင်စောင့်နေရတာမျိုး စိတ်မရှည်နိုင်တော့။

"အန်တီမိမိ၊ ဟိုမှာ နီတွဒ် လိုက်လာတယ် ထင်တယ်"

အနော်ဇာက ရှည်ကြောကာ အန်တီမိမိကိုပါ လက်တို့ပြီး ပြလိုက်မိသေးသည်။ အဲဒီလို ပြမိတာကြောင့်ပဲ မဟာအရှက်တော်ကြီးက ပိုကွဲတော့တာ။

အနော်ဇာ သေသေချာချာ မကြည့်မိလိုက်လို့သာ။ နီတွဒ်က တစ်ယောက်တည်း လာတာမှ မဟုတ်ဘဲ။ သူ့ဘေးမှာ အန်တီမိမိအရွယ် အမျိုးသမီးကြီးက တစ်ယောက်၊ ပြီးတော့ သူ့နဲ့ရွယ်တူလောက် ရှိမလား၊ နည်းနည်းပိုငယ်မလား မပြောတတ်သည့် ခပ်ချောချော ကောင်မလေးက တစ်ယောက်။

လက်စသတ်တော့ သင်းက တခြားလူတွေကို ဆေးခန်းလိုက်ပြပေးတာကိုး။





"မောင်တွဒ်က ကိုယ့်ကိစ္စနဲ့ကိုယ် လာတာထင်တယ် အနော်ရဲ့"

အန်တီမိမိက သဘောပေါက်စွာ ပြောလာလျှင် အနော်ဇာက ကိုယ့်ရဲ့ နီရဲပျက်ယွင်းနေမည်ဖြစ်သော မျက်နှာကြီးကို အကွင်းလိုက်သာ လှီးထုတ်ပစ်လိုက်ချင်တော့သည်။

နီတွဒ်ဟာ တခြားမိန်းမတစ်ယောက်ကို ဆေးခန်းလာပြပေးသတဲ့။ ဒါဟာ လက်ခံချင်ဖွယ် မကောင်းလွန်းသည့်ကိစ္စပဲ။

နီတွဒ် အလုပ်လုပ်နေသမျှတွေဟာ သူ့မိသားစုအတွက် မဟုတ်ဘူးဆိုလျှင် ကိုယ့်အတွက်ပဲ ဖြစ်စေချင်တာဟာ အနော်ဇာ့ရဲ့ အတ္တလို့ပဲ ဆိုကြပါစို့။

တော်ပါသေးရဲ့။ လှမ်းမခေါ်လိုက်မိတာ။ ကိုယ့်နောက်လိုက်လာတာ အသေအချာပဲရယ်လို့ လှမ်းသာခေါ်လိုက်မိလျှင် ကောင်းကောင်းကြီး အရှက်ကွဲမှာ။ အန်တီမိမိလို ဆွေမျိုးရင်းချာလိုနေသည့် မျက်နှာသိတွေရှေ့မှာတင်မဟုတ်၊ ကိုယ်နဲ့ တစ်



www.burmeseclassic.com

www.burmeseclassic.com



ခါမှ မကြုံဘူးသည့် သူစိမ်းသက်သက် မိန်းမနှစ်ယောက်ရှေ့မှာ အရှက်ကွဲရမှာ။

"သွားခေါ်လိုက်ပါလား အနော်ရဲ့"

"အို ... ဘာလို့ ခေါ်ရမှာလဲ၊ ဟိုလေ ... ခေါ်လို့လည်း အပိုပဲပေါ့ အန်တီမိမိရဲ့၊ သူက ဘာကိစ္စနဲ့လာမှန်းဖြင့် မသိဘဲနဲ့"

"ဆေးခန်းလာတာတော့ ဆရာဝန်ပြဖို့ပဲပေါ့၊ ဒါပေမဲ့ သူကိုယ်တိုင် နေမကောင်းလို့ လာပြရတဲ့ပုံစံမှ မရှိတာ။ သူ အဖော်လိုက်ပေးတဲ့သူတွေ ကြည့်ရတာလည်း အသည်းအသန် စိုးရိမ်ရတဲ့ပုံမှ မရှိဘဲ၊ နှုတ်ဆက်လို့ ရပါတယ်"

အန်တီမိမိကလည်း အခုမှ လူမှုရေး သိပ်သိတတ်နေပြန်သည်။ သူ့ကြည့်ရတာ အနော်ဇော့လို အကြင်နာတရားကင်းမဲ့ပြီး ဖော်ရွေလိုက်လှဲမှု မရှိသည့် မိန်းမနဲ့ အတူနေရတာ စိတ်ညစ်လာပြီ ထင်သည်။ သူ့အပေါ် စိတ်ရှည်သိတတ်သော နီတွဒ်ကို တွေ့တာနဲ့ အားကိုးရှာချင်ပြီ။





"မခေါ်ပါနဲ့တော့ အန်တီမိမိရယ်၊ ဟိုမိန်းမနှစ်ယောက်က သူနဲ့ ဘယ်လိုပတ်သက်နေမှန်းမသိ၊ တော်ကြာ အနော်တို့ကို တစ်မျိုးတွေ ထင်သွားရင် နီတွဒ် အတွက် ခက်နေပါဦးမယ်"

အနော်ဇော့ရဲ့ ကြုံရာဆွဲပေးလိုက်သော ဆင်ခြေကို အန်တီမိမိကတော့ ဘယ်လိုနားလည်ရှာသည် မသိ။ မျက်လုံးလေး ပုတ်ခတ် ပုတ်ခတ် လုပ်ကာ ဘာမှပြန်မပြောတော့ဘဲ ငြိမ်သက်သွားရှာသည်။

အန်တီမိမိက ငြိမ်သက်သွားသော်လည်း အနော်ဇော့ ရင်ထဲမှာတော့ ဘောင်ဘင်ခတ်အောင် လှိုင်းထန်ကျန်နေရစ်သည့်အကြောင်း ကိုယ့်ဘာသာပဲ သိလေသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေရဲ့ စူးရဲတောက်ပသော မျက်လုံးအစုံပေါင်းများစွာအောက်မှာ နေဖူးကြပါသလား။ အလွန်အနေရခက်ခဲသည်ဆိုတာ ကိုယ်တိုင်ကြုံဖူးသူတွေကတော့ သိကြလိမ့်မည်။

အနော်ဇာ့မှာတော့ ထင်အောင်ဇော်ရဲ့ အမေနဲ့ ကြီးတော်၊ အဘွား၊ အဒေါ်အငယ် လင်မယား၊ အစ်မလင်မယား စတာတွေရဲ့ မျက်လုံးပေါင်းများစွာအောက်မှာ ကျုံ့ကျုံ့ကလေး ရောက်နေရရှာတာ။

အဲဒါတွေကြောင့်ပေါ့ ဒီအလှူကို မလာချင်တာ။ ထင်အောင်ဇော်ကလည်း ဘယ်လိုမှ ပြောလို့မရ။ အနော်ဇာ့ကို သူ့မိသားစု အသိုင်းအဝိုင်း ရှေ့မှာ ပွဲထုတ်ချင်နေလိုက်တာ။





ကိုယ့်ဘက်က ဘာမှတိတိကျကျ အဖြေမပေးရသေးဘဲ ယောကျ်ားလေးဘက်က မိဘအသိုင်းအဝိုင်းရှေ့ မျက်နှာလိုက်ပြရတာဟာ အတော်နေခက်ချင်ဖွယ်ရာ ကောင်းသည်။

လူကြီးမိဘတွေနဲ့ တွေ့ပေးသည့် အဆင့်ဆိုတာ တစ်ယောက်နဲ့တစ်ယောက် ပွင့်ပွင့်လင်းလင်း ညှိနှိုင်းဆွေးနွေးကြပြီးသား၊ သဘောတူမှုကြပြီးသား ချစ်သူတွေအဆင့်။ အခု သူနဲ့ အနော်ဇာက အဲဒီအဆင့်မှ မရောက်ကြသေးပဲ။ ဒီလောက် အခြေအနေအထိ ဆွဲတင်ပစ်လိုက်တာကတော့ အပိုင်တွက်လွန်းအားကြီးရာ ရောက်ပါရဲ့။

“သမီးဖေဖေက နိုင်ငံခြားမှာ အလုပ်သွားလုပ်နေတာ ကြာပြီလား”

“ခြောက်နှစ်လောက် ရှိသွားပါပြီရှင့်”

“သမီးတို့က လိုက်သွားဖို့ အစီအစဉ် မရှိဘူးလား”

“ဟိုလေ ... ဘယ်လိုပြောရမလဲ၊ မေမေက သိပ်အေးတာ၊ ကိုယ့်တိုင်းပြည် ကိုယ့်ယဉ်ကျေးမှု အသိုင်းအဝိုင်းထဲမှာပဲ နေချင်တယ်တဲ့၊ သူများအသိုင်းအဝိုင်းထဲ ရောက်သွားရင်



www.burmeseclassic.com

www.burmeseclassic.com



အနေရခက်လို့တဲ့၊ ဖေဖေ့ဆီ အလည်အပတ်သဘောတော့ နှစ်ခေါက်လောက် ရောက်ဖူးပါတယ်"

"ဒီမှာ သားအမိနှစ်ယောက်တည်း နေတာပေါ့"

"ဟုတ်ကဲ့၊ အရင်ကတော့ အဘွားရှိပါသေးတယ်၊ ဆုံးသွားလို့"

"သမီးက ဘွဲ့ရပြီးပြီဆိုတော့ အလုပ်တွေ ဘာတွေ လုပ်ဖို့ စိတ်ကူးမရှိဘူးလား။ ဒါမှမဟုတ် ကွန်ပျူတာသင်တန်းတို့ ဘာသာရပ်ဆိုင်ရာ သင်တန်းတို့ တက်ဖို့ရော"

ဒါတော့ တဆိတ် လွန်လာပြီ ထင်သည်။ အခုတွေ့ဆုံနေကြတာဟာ (ထင်အောင်ဖော်ဘက်ကသာ တရားလွန်တွေ လျှောက်ပြောမထားဘူးဆိုလျှင်) ကိုယ့်သားရဲ့ မိတ်ဆွေသူငယ်ချင်းတစ်ယောက်နဲ့ တွေ့ဆုံကြသည့် သဘောလောက်ပဲဟာ။ အလုပ်ဝင်ဖို့ အင်တာဗျူးထိုင်သလိုမျိုး စစ်စစ်ပေါက်ပေါက်မေးခွန်းတွေ မေးနေစရာ မလိုအပ်ပါဘူး။

"သမီးက နိုင်ငံခြား လိုက်ချင်လိုက်သွားမှာဆိုတော့ ဒီမှာ သင်တန်းတွေ တက်ထားရင် အပိုဖြစ်နေမှာစိုးလို့ ဟိုရောက်မှပဲ ကိုယ်တက်မဲ့ကျောင်း၊ ဒါမှမဟုတ် ကိုယ်ဝင်မဲ့အလုပ်နဲ့ ကိုက်တဲ့ သင်တန်းကို ရွေးတက်တော့မလို့"

အနော်ဇာက ပါးစပ်ထဲတွေ့ရာ ကောက်ပြောလိုက်တာပင်။ တကယ်ကတော့ ခေါင်းထဲမှာ ဘာရည်ရွယ်ချက်မှရှိတာမဟုတ်။ ဒါကို ကြိုသိမထားသော ထင်အောင်ဖော်က အလန့်တကြားတွေ ဖြစ်သွားကာ ...

"ဟင် ... ဇာလေးက နိုင်ငံခြားသွားမှာ ... ဟုတ်လား၊ ပြောလည်း မပြောဘူးပါလား"

သူတို့သား၊ သူတို့မောင်၊ သူတို့တူရဲ့ အလန့်တကြားဖြစ်သွားသည့်ပုံစံနဲ့ "ဇာလေး"ဆိုသည့် အခေါ်အဝေါ်ကြောင့် လူကြီးတွေအားလုံး မျက်လုံးပြူးထွက်ကုန်ကြလေသည်။

"ကိစ္စတိုင်းတော့လည်း ပြောဖြစ်ပါ့မလား၊ အနော်က အစကတည်းက ဖေဖေ့နောက် လိုက်သွားဖို့ စိတ်ကူးရှိတာ"

အရင်က ဘယ်တုန်းကမှ မရှိခဲ့သော စိတ်ကူးတစ်ခုဟာ ချက်ချင်းလက်ငင်းကြီး ပေါ်ပေါက်လာပြီး သေသေချာချာကြီးကို တိကျခိုင်မြဲသွားသလိုလို။







www.burmeseclassic.com

www.burmeseclassic.com



"နိုင်ငံခြားမှာပဲ အမြဲနေသွားမလို့လား"

ထင်အောင်ဇော်အစ်မရဲ့ မေးခွန်း။ ဒါဟာ အဖြေရခက်သော မေးခွန်းတစ်ခု မဟုတ်ပေမဲ့ လူမှုရေးဆိုင်ရာ စွက်ဖက်မှုများလွန်းသည်လို့ ခံစားမိတာမို့ အနော်ဇာက မဖြေချင်။

"နိုင်ငံခြားမှာတော့ အမြဲတမ်း နေနိုင်ပါ့မလား မမရာ၊ ဒီမှာ သူ့အမေတစ်ယောက်လုံး ကျန်နေခဲ့တဲ့ဟာ"

အားမနာတမ်း ပြန်မဖြေဘဲ နေတော့မည့် အနော်ဇာ့ပုံစံကို သဘောပေါက်လိုက်သည့် ထင်အောင်ဇော်က အတင်းပဲဝင်ဖြေရှာသည်။

နေရင်း နေရင်း အခြေအနေက တင်းမာသလိုရှိလာသည်။ အနော်ဇာကလည်း ကိုယ်နဲ့ ဘာမှမဆိုင်ရသေးခင်ကတည်းက သူများကိုယ်ရေးကိုယ်တာတွေကို ပါဝင်စွက်ဖက်ချင်နေသည့် လူတွေကို သဘောမကျနိုင်သလို ဂျစ်ကန်ကန် ပေါက်ကတ်နဲ့ လူကြီးကို လူကြီးမှန်း မသိတတ်သည့် အနော်ဇာ့ကိုလည်း ထင်အောင်ဇော့်ဘက်က လူကြီးတွေက အမြင်ကတ်လာကြသည်။





ထိုစဉ်မှာပဲ အေးစက်စပြုလာသောစကားဝိုင်းထဲသို့ ည့်သည်တစ်ယောက်က ဖြုန်းခနဲ ရောက်ရှိလာလေသည်။

ဇေမင်းထွဋ်။

အိမ်ပေါ်သို့ လူရင်းတစ်ယောက်လို အေးအေးဆေးဆေး၊ သက်သောင့်သက်သာ တက်လာခဲ့သော ဇေမင်းထွဋ်ဟာ အနော်ဇာကိုလည်း မြင်ရော (တကယ်ဟုတ်,မဟုတ်တော့ မသေချာ) အလွန်အမင်း အံ့သြသွားဟန်ပြုလျက် ...

"ဟာ ... နော်နော်"

သူ့ပုံစံက အတင်းကြီး နှုတ်ဆက်တော့မည့်ပုံ။ နှစ်ပေါင်းများစွာ ကွဲကွာနေရသော မိတ်ဆွေရင်းချာ တစ်ယောက်ကို တွေ့လိုက်ရလို့ ဝမ်းသာအားရ ဖြစ်သွားသည့်ပုံ။

အနော်ဇာက မျက်စိမျက်နှာ ပျက်သွားရသည်။

ကိုယ်နဲ့သုံးလလောက် ချစ်သူဖြစ်ခဲ့ဖူးသောယောကျ်ားတစ်ယောက်ကို မကြာခင်အချိန်အတွင်းမှာ ချစ်သူအဖြစ် လက်ခံ စိတ်ကူးထားသော ယောကျ်ားနဲ့ သူ့မိသားစု (အရေးပါအရာ ရောက်သူအကုန်) ရှေ့မှာမှ ပက်ပင်းတွေ့လိုက်ရသည့် မိန်းကလေး

www.burmeseclassic.com



တစ်ယောက်အတွက် ဘယ်လောက်တောင် အနေခက်ရမလဲ တွေးသာကြည့်ပေတော့။

"အံ့သြစရာပဲ ... တိုက်တိုက်ဆိုင်ဆိုင် လာတွေ့ရတယ် မတွေ့တာတောင် ကြာပြီနော်"

မတွေ့တာကြာဆို သူနဲ့ အနော်ဇာတို့ အခြေအနေ အတင်းကြီး တွေ့ချင်လို့ ကြိုးစားယူမှသာ တွေ့ကြရမည့် အနေမျိုးပဲဟာ။ တွေ့ဖို့ စိတ်ကူးမရှိလို့ကတော့ တွေ့စရာအကြော မှ မရှိတာပဲ။

"နော်နော်က တစ်ယောက်တည်းပဲလား"

ဖေမင်းထွင့်က အခြေအနေကို သဘောပေါက်ထ ပုံရသည်။ အစိပ္ပာယ်အမျိုးမျိုး သက်ရောက်နိုင်သော မချို အပြုံးတစ်စနှင့် အနက်အမျိုးမျိုး ကောက်ယူလို့ရသော စကား ဆိုလေသည်။

"တစ်ယောက်တည်းပါပဲ"

"ဒါ တို့အဒေါ်အိမ်လေ၊ ကိုဇော်က တို့အစ်ကိုဝမ်းကွဲ"

"သြော် ... ဟုတ်လား"





အလိုက်သင့်လေး ပြန်ပြောနေရပေမဲ့ စိတ်ထဲက တော့ သွားပါပြီ၊ သွားပါပြီလို့ ရေရွတ်နေမိသည်။

ဖေမင်းထွင့်လို ကောင်မျိုးဟာ ကိုယ်နဲ့ ပြတ်သွား သည့် ရည်းစားဟောင်းကို ယောကျ်ားတန်မဲ့ အတင်းပြော အပုပ် ချဖို့ ဝန်လေးမှာ မဟုတ်။ သူ့ကိုယ်သူ ဂုဏ်တက်ဖို့အတွက် ပိုပို ထက် ဖြည့်စွက်စကားတွေ ထည့်ပြောဖို့လည်း နောက်တွန့်မှာ မဟုတ်။

အဲဒီလိုလူမျိုးက ထင်အောင်ဇော်ရဲ့ ညီဝမ်းကွဲ၊ ခင်မတန် စပ်စပ်စုစုနိုင်ကာ သူတစ်ပါးကိစ္စထဲ ဝင်စွက်ချင်လှ သော ထင်အောင်ဇော့်အမေရဲ့ တူအရင်းခေါက်ခေါက် ဖြစ်နေသည့် ... သွားပါလေရော။

ဟန်မပျက်အောင် မျက်နှာလေး ပင့်မောထားရပေမဲ့ ... ဆံစပ်မှာ ချွေးကလေးတွေ ဥ,ကာ မျက်နှာလေး မဆိုစလောက် ... သော အနော်ဇာ့ရဲ့ အခြေအနေကို ထင်အောင်ဇော်က ... ဘောပေါက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထင်အောင်ဖော်လိုပဲ ပါးနပ်သည့် လူကြီးတွေကလည်း ရိပ်မိမှာပင်။ ရှေ့တင်ကြီး မမေးကောင်းလို့သာ ငြိမ်နေကြရတာ။

အနော်ဇာကတော့ နဂိုတည်းက စိတ်ပျက်စရာကောင်းရသည့်ကြားထဲ ပိုဆိုးလာသော အဖြစ်အပျက်ကြီးကြောင့် အော်ဟစ်ငိုမိတော့မတတ်ပင် အနေရခက်နေတော့သည်။





"ဘော်ဘော် ... ရပြီနော်၊ ဒီလောက်ဆို သွားတတ်ပြီမဟုတ်လား"

"ဟုတ်ကဲ့ ဆရာ"

"အေး ... ပြီးရင် ကုမ္ပဏီကို ပြန်မလာနဲ့တော့၊ အိမ်ပဲတန်းပြန်လိုက်တော့ ဟုတ်လား၊ အန်တီလည်း နေကောင်းတာမဟုတ်တော့ စောစောပဲ ပြန်ကြည့်လိုက်"

"ရပါ့မလား ဆရာ"

"ငါက ရတယ်ဆို ရတယ်ပေါ့ဟာ၊ ဘာမှ နောက်ဆံငင်မနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဘော်ငွေစင်က အပြစ်လုပ်ထားသူ တစ်ယောက်ရဲ့ မျက်နှာမျိုးနဲ့ ကားပေါ်က ဆင်းသွားသည်။

ဘယ်လောက် ရယ်စရာကောင်းလိုက်တဲ့ ကောင်မလေးလဲလို့။ အလုပ်ရှင်က ခွင့်ပေးလို့ ပြန်ရတာတောင်မှ သူ့မှာ အပြစ်ပဲ မကင်းသလိုလိုမျိုးလေးနဲ့။

သနားစရာ ကောင်းလောက်အောင် ရိုးသားအေးဆေးပြီး အလုပ်အပေါ်လည်း တာဝန်ကျေလှသည့် ကောင်မလေးကို နီတွင်က ဘာရယ်မဟုတ် ငေးကြည့်နေမိပြီး သူမလမ်းကွေ့အတိုင်း ချိုးဝင်ပျောက်ကွယ်သွားတော့မှ ကားကို မောင်းထွက်ခဲ့လိုက်သည်။

ဘော်ငွေစင်ကျတော့လည်း ရိုးသားအေးဆေးလိုက်တာ။

အနော်ဇာတို့များတော့ ...။

သိပ်ကြီး သက်ဆိုင်လှတာ မဟုတ်သော်လည်း နီတွင်ရဲ့အကျင့်ကိုက ဒီလိုပဲ ဘာအကြောင်းတွေးတွေး အနော်ဇာ့အကြောင်းရောက်အောင် ချိတ်ဆက်ဆွဲလှဲ တွေးလိုက်မိတာပင်။





အနော်ဇာနဲ့ သူ စကားမပြောဖြစ်တာ ဘယ်လောက်ကြာသွားပြီလဲ မသိနိုင်တော့။

အရင်က ရန်ဖြစ်စိတ်ကောက်ကြပြီဆိုလျှင် သူက ချည်းပဲ လိုက်ချော့ကာ အနော်ဇာကလည်း ခပ်မြန်မြန် စိတ်လျှော့လိုက်တာနဲ့ပဲ သိပ်မကြာခင် ပြန်တည့်သွားတတ်မြဲ။

တကယ်တော့ ငယ်ငယ်လေးတည်းက မခွဲအတူနေခဲ့ကြသူတွေမို့ နီတွင်ကလည်း အနော်ဇာနဲ့ မခေါ်ဘဲ မနေနိုင်သလို အနော်ဇာကည်း နီတွင်နဲ့ ကြာကြာ စကားမပြောဘဲ မနေနိုင်ပါ။

ဒီတစ်ခါတော့ နီတွင်ကလည်း အနော်ဇာ့ကို တော်တော်လေး စိတ်ကုန်သွားပြီ။ အနော်ဇာ ကိုယ်တိုင်ကလည်း သူမအပြစ်ဆိုတာကို သဘောပေါက်နေသည့် ပုံစံနှင့် ရန်လည်းမလုပ်ရဲ၊ လာလည်း မခေါ်ရဲ။

စိတ်လျှော့ပြီး ပြန်ချော့လိုက်ရင် ကောင်းမလား။

စိတ်ကူးက အပြေးသွားနေတုန်း ခြေထောက်တွေကတော့ ကားဘာရိတ်ကို ကျွီခနဲနေအောင်ပင် ဆောင့်ဖမ်းပစ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း။ အနော်ဇာ ကြိုက်သည် ပုရစ်ကြော်တွေ။

ကြံကြံဖန်ဖန် ညစ်တီးညစ်ပတ် အစားသောင်းကျန်းတတ်လွန်းလှသည့် အနော်ဇာဟာ အီကုတ်ပိုးတို့၊ သင်ပေါင်းပိုးတို့၊ ပုရစ်ကြော်တို့ဆို သိပ်ကြိုက်။

နီတွဒ်ကတော့ ရှာရှာဖွေဖွေ၊ ကြံကြံဖန်ဖန် အစားအသောက်တွေဆို မစားတတ်တာနဲ့ပဲ ဝယ်ကျွေးဖို့ဝေးစွ အနော်ဇာ အဲဒါတွေ စားနေတာမြင်လျှင်တောင်မှ အော်ဟစ်ထွက်ပြေးတတ်သေးတာ။

အခုတော့ အနော်ဇာ့ကို ချော့ချင်သည့်စိတ် တစ်ခုတည်းနဲ့ပဲ ကိုယ်ဘယ်လိုမှ မကြည်ဖြူနိုင်သည့် ပုရစ်ကြော်တွေကို တစ်ထုပ်ကြီး ဝယ်မိပြီ။

ဒီကပြန်လျှင် ဝင်စရာ တစ်ခု နှစ်ခု ရှိသေးပေမဲ့ သိပ်အရေးကြီးတာတွေ မဟုတ်တော့ နီတွဒ်က အစီအစဉ်ကို ဖျက်လိုက်သည်။

အိမ်ကို ပြန်မည်။





ဒီအချိန်လောက်ဆိုလျှင် အနော်ဇာ အိမ်ကိုပြန်နားလောက်ပြီ။ အထူးတလည် သွားစရာမရှိဘူးဆိုလျှင်တော့ နေပူသောနေ့လယ်ခင်းတွေမှာ အနော်ဇာတို့ အလည်အပတ်ရပ်ကာ အိမ်မြဲလေ့ရှိသည်။ ဒါဟာလည်း အမေ အဖော်ရအောင်၊ အိမ်မှုကိစ္စလုပ်ရအောင် စသည့် အကြောင်းပြချက်တွေကြောင့် မဟုတ်။ နေပူထဲသွားလျှင် သူမအသားတွေ မည်းလာမှာ စိုးရိမ်တာ သက်သက်ကြောင့်သာ။

ပိုးကောင်ကြော်ထုပ်ကို မကိုင်ရဲ ကိုင်ရဲ ခပ်ရွရွဆွဲကိုင်ပြီး၊ ကိုယ့်အတွေးနဲ့ကိုယ် ပြုံးစိစိထွက်သွားသော နီတွဒ်ကို ဈေးသည်ခမျာ မနည်းပြန်ခေါ်ကာ ပြန်အမ်းငွေ ပေးရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ထူးဆန်းတဲ့ ဖုန်းနဲ့ စာတွေ လာလာနေတာ ဟစ် ကြိမ်မကတော့ဘူး ဇာလေး၊ ကိုယ် ဘယ်လိုနားလည်ရမှန်း မသိဘူး ဖြစ်နေတယ်"

လက်ထဲရောက်နေသည့် စာနှစ်စောင်ကို အနော်ဇာက ဘယ်နှကြိမ်မြောက်မှန်းမသိ ခပ်ကြောင်ကြောင် ကြည့်မိလေသည်။

ဘယ်ကစာလဲ၊ ဘယ်သူထည့်လိုက်တာလဲ ဆိုတာ သဲလွန်စ, ရှာကြည့်ရအောင်ကလည်း စာက ကွန်ပျူတာနဲ့ ရိုက်ထားကာ စာတိုက်ကထည့်ဟာလည်း မဟုတ်၍ ဘယ်လိုမှ ရှာမရ။





စာထည့်သူဟာ တော်တော်လေးတော့ ပိရိပုံရသည်။ သူ ဘယ်သူလဲဆိုတာ မှန်းလို့ရလောက်သည့် ဘာအချက်အလက်မှ မပါ။ စာနှစ်စောင်မှာ တစ်စောင်က "အနော်ဇာနဲ့ ခပ်ကင်းကင်းနေပါ" ဒါပဲ။ ဒုတိယတစ်စောင်ကတော့ "ပြောတဲ့အတိုင်း မလိုက်နာနိုင်ဘူး ဆိုရင်လည်း ကိုယ့်ဇနီးလောင်းအဖြစ် ရွေးချယ်ထားတဲ့ မိန်းမတစ်ယောက်အကြောင်း သေသေချာချာ စုံစမ်းဦး" တဲ့။

ဘာသဘောများလဲ။

သူ့စာထဲမှာ ရေးထားပုံအရဆိုလျှင် အနော်ဇာဟာ တော်တော်ဇာတ်ရှုပ်ပြီး အကျင့်စာရိတ္တ ပိုးထိုးလောက်ကိုက်နေသူ တစ်ယောက်လို့တောင်မှ ထင်ချင်ဖွယ်။

အံ့ဩစရာပဲ ။ ဒီလိုစာမျိုးကို ထည့်သည်ဆိုကတည်းက အဲဒီလူဟာ အနော်ဇာ့ကို အတော်မုန်းတီးသည့်သူ၊ အနော်ဇာရဲ့ ပျက်စီးရာ ပျက်စီးကြောင်းကို လိုလားနေသူပဲ ဖြစ်ရမည်။

ကိုယ့်မှာ ဒီလောက်ကြီးမားသည့် ရန်သူတစ်ယောက် ရှိနေသည်ဆိုကာ ကိုယ်တောင်မှ မသိလိုက်ရပါလား။

"ဖုန်းဆက်တဲ့ သူကရော ဘာစကားတွေ ပြောသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါမျိုးပဲ ကွက်တိပဲ၊ ပထမစာပေးတုန်းက စာထဲမှာပါတဲ့ စကားအတိုင်းပဲ ဖုန်းနဲ့ဆက်ပြောတယ်၊ ဒုတိယစာကျတော့လည်း စာရပြီး သိပ်မကြာခင်မှာ အဲဒီစာနဲ့ထပ်တူ စကားလုံးတွေ ဖုန်းဆက်တယ်"

"စဉ်းစားလို့ မရချင်စရာပဲနော်"

ထင်အောင်ဇော်က လက်ပိုက်လျက် မျက်လုံးမှေးစင်းကာ "ဟုတ်မှ ဟုတ်ရဲ့လား" ဆိုသည့် အကြည့်မျိုးဖြင့် အနော်ဇာကို စိုက်ကြည့်နေလေသည်။

သူ့အကြည့်ကြီး တစ်မျိုးဖြစ်နေတာကို သတိထားမိလိုက်သော အနော်ဇာက ရင်ထဲအောင့်ခနဲ ဖြစ်သွားရသည်။

ဒါက ဘာသဘောလဲ။ ဘယ်ကမှန်းမသိ၊ အခြေအမြစ်မရှိသော စာနှစ်စောင်နဲ့ ဖုန်းနှစ်ခုကြောင့် သူက အနော်ဇာကို သံသယဝင်ချင်လာတာလား။

"ဇာလေးက ကာယကံရှင်ပဲ ပိုပြီး စဉ်းစားတတ်ရမှာပေါ့"

"ဟင့်အင်း ... စဉ်းလည်း မစဉ်းစားတတ်ဘူး၊ စဉ်းလည်း မစဉ်းစားချင်ဘူး၊ ဒီကိစ္စ ထူးဆန်းနေတာမှန်ပေမဲ့ အတင်း





ကြီး လိုက်စုံစမ်းရလောက်အောင် အရေးမပါဘူးလို့ပဲထင်တယ်"

"အရေးပါတာပေါ့၊ ကိုယ့်အကျိုးကို ပျက်စီးရာ ပျက်စီးကြောင်း ကြံပမ်းနေတဲ့ ရန်သူတစ်ယောက် ရှိနေတာဟာ အရေးကြီးတဲ့ကိစ္စ မဟုတ်ဘူးလား"

တဖြည်းဖြည်းနဲ့ အနော်ဇာက ဒေါသတောင် ထွက်လာပြီ။ ဒီလူဟာ ဒီကလေးကလား ကိစ္စလေးတွေကိုပဲ အရေးတကြီး သဘောထားနေတာ ဘာကြောင့်လဲ။ သူ မသင်္ကာဖြစ်နေတာဟာ ကိုယ့်သိက္ခာကို စော်ကားနေတာပဲလို့ အနော်ဇာကတော့ ထင်သည်။

"ကိုယ့်အကျိုး ပျက်စီးတယ် ဆိုတာက ဘာလဲ၊ ကိုကြီးက သူ့စကားကို ယုံသွားပြီး အနော့်ကို စွန့်ပစ်သွားတာမျိုးကို ပြောတာလား၊ ဟား ဟား ... ဒါကတော့ ကိုကြီးအပေါ်ပဲ မူတည်နေပြီ၊ ဒီလိုကလေးကလား လုပ်ရပ်တွေကို ကိုကြီး အရေးထားတတ်သလား မထားတတ်ဘူးလား၊ ဒါပဲ လိုတယ်"

www.burmeseclassic.com



"ကိုယ်က ... ကိုယ်က သူ ပြောတာကို ယုံလို့တော့ မဟုတ်ဘူးပေါ့၊ ဒါပေမဲ့ အလကားသက်သက်ကြီးတော့ ထ,ပြောစရာ မရှိဘူးလေ၊ ဒါကြောင့် အကြောင်းရင်းကို စဉ်းစားသင့်တယ်လို့ ပြောတာ"

"တော်ပြီ ... တော်လောက်ပြီ ကိုကြီး၊ ဘယ်သူက ဘာ အကြောင်းကြောင့် အရှုးထမှန်း မသိတာကိုတော့ ဦးနှောက် ခြောက်ခံပြီး လိုက်စဉ်းစားမနေနိုင်ဘူး၊ ကိုကြီး စိတ်ဝင်စား တယ်ဆိုရင် ကိုယ့်ဘာသာစုံစမ်း၊ ပါးစပ်အားတိုင်း သူများ အတင်း လိုက်ပြောဖို့ အဆင်သင့် ဖြစ်နေတဲ့သူတွေလည်း ကိုကြီး အနားမှာ ရှိချင်ရှိမှာပေါ့"

"ဘယ်သူလဲ ... ဇေဇေ့ကို ပြောတာလား"

"အဲဒီနာမည် ကိုကြီး စ,ပြောတာနော်၊ အနော်က ဇေမင်း ထွဋ်ဟာ အနော့်အတင်း ပြောချင်ပြောလိမ့်မယ်လို့ လုံး၀ မပြောထားဘူး"

ထင်အောင်ဇော်က စိတ်ရှုပ်သည့် မျက်နှာနှင့် ခေါင်း ကို တဖျင်းဖျင်း ကုတ်လို့သာနေသည်။





အောင်မယ်လေး။ အကောင်းစား ဂျဲလ်တွေ နိုင်နေ အောင် ဆွတ်ထားပြီး ပုံကျအောင် မနည်းကြိုးစားဖြီးသင်ထားသည့် ဆံပင်တွေတော့ ပျက်ပါပြီ။

အနော်ဇာက သူ့ကိုကြည့်ကာ ခပ်ရွဲ့ရွဲ့ တွေးနေမိ သည်။

ထင်အောင်ဇော်ဟာ အဘက်ဘက်က ပြည့်စုံသော အားကိုးအားထား ပြုလောက်သော ယောက်ျားတစ်ယောက်လို့ သချာပေါက် ယုံထားခဲ့တာ။

အခုတော့ အဲဒီယုံကြည်မှုတွေ တဖြည်းဖြည်း ယိုင်နဲ့ သွားလောက်စရာ အချက်အလက်တွေ တစ်ခုပြီးတစ်ခု တွေ့လာ နေရပြီ။

သူ့ကို ချက်ချင်းလက်ငင်းကြီး အဖြေမပေးဖြစ်သေး ဘဲ စဉ်းစားဖို့အချိန်ယူထားလိုက်မိတာကပဲ မှန်နေသေးသည် ဆင်ပါရဲ့။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ကြောက်နဲ့ အားတင်းဆွဲကိုင်လာရသော ပိုးကောင်ကြော်ထုပ်ဟာ အလွန်ကြီးမားလေးလံသော ဝန်ထု ဝန်ပိုး ဖြစ်လို့လာပြီ။

ဒီထက်ဆိုးတာက အိတ်ထဲက သေပြီး၊ ကြော်ပြီ ကျက်ပြီးသား ပိုးကောင်တွေဟာ ပြန်လည်အသက်ဝင်ရှင်သ လာကြပြီး ကိုယ့်ပေါ် ခုန်တက်ကိုက်ခဲတော့ဖို့ ခြိမ်းခြောက်နေသ ပဲလို့ ထင်လာမိတာပင်။

လမ်းမှာတုန်းက ကြည်ကြည်နူးနူး စိတ်ကူးယ လာခဲ့သမျှဟာ သဲထဲရေသွန်သလို အစအနရှာမရအောင်ပျော ပျက်သွားခဲ့ပြီ။





အနော်နဲ့ ဟိုလူ။ အောင်မာ ... ခြံထဲမှာ ခုံတန်းလျားလေးပေါ် ခပ်နီးနီးထိုင်ပြီး စကားလက်ဆုံ ပြောမကုန်ဖြစ်နေလိုက်ကြတာများ။

လက်ထဲက ပုရစ်ကြော်ထုပ်နဲ့ ဟိုလူ့မျက်နှာကို ပိတ်ပေါက်ပစ်လိုက်ချင်သည်။ ဒါမှ အဲဒီကောင်တွေ အသက်ဝင်လာသည်ဆိုလည်း အမြင်ကတ်စရာ မျက်နှာကြီးကို ကိုက်ခဲသွားကြပစေပေါ့။

အဆစ်အဖြစ်နဲ့ အနော်ဇော့ကိုလည်း နှစ်ကောင်လောက် လက်ဆောင်ပေးလိုက်ချင်သေးသည်။ ဒါမှ သူပါရောပြီး အကိုက်ခံရမှာ။ အဲ ... သိပ်တော့ နာနာကျင်ကျင်ကြီး မဖြစ်ပါစေနဲ့ပေါ့။

အနော်ဇော့ကို ပုရစ်ကြော်ကျွေးပြီး ပြေလည်မှုရအောင် ညှိလိုက်ဦးမည်ဆိုသည့် စိတ်ကူးဟာ နေလာနှင်းပျောက်သလို ဒိတ်ပိတ်ပျောက်။

"ဟယ် ... နီတွဒ်"



www.burmeseclassic.com

www.burmeseclassic.com



စိတ်တိုတိုနဲ့ လှည့်ထွက်သွားတော့ဖို့ စိတ်ကူးနေစဉ် မှာပဲ အနော်ဇာက တွေ့သွားကာ အပြေးအလွှား အနားရောက် လာတော့သည်။

အောင်မာ။ အခုကျတော့လည်း သူ့ကို မြင်ရလို့ ဝမ်းသာအားရ ဖြစ်နေသည့်ပုံပါလား။

တစ်ခုခုတော့ တစ်ခုခုပဲ။ ကြည့်ရတာတော့ သူတို့ နှစ်ယောက် ရန်ဖြစ်နေတုန်းမို့ သူ့လူကြီး မခံချိမခံသာဖြစ်အောင် ကိုယ့်အနား အတင်းကပ်ပြတာပဲ ဖြစ်ရမည်။

အနော်ဇာဟာ သူ့ကို အဲဒီလိုပဲ ခုတုံးလုပ်နေကျ။ သူမရဲ့ အရင်ရည်းစားတွေတုန်းကလည်း သူတို့နဲ့ အဆက်ဖြတ် ချင်တာတို့ မခံချင်အောင် အစွဲ့တိုက်ပြချင်တာတို့ ရှိလာလျှင် နီတွဒ်ကို အသုံးချသွားတတ်စမြဲ။

အရင်ကတော့ နီတွဒ် ကိုယ်တိုင်ကပဲ အသုံးချခံ တာ ဖြစ်ချင်ဖြစ်ပစေ၊ အဲဒီလူတွေနဲ့ အနော်ဇာ ပြတ်သွားရင်ပြီး ရောဆိုသည့် သဘောနဲ့ ကျေနပ်နေခဲ့သေးသည်။





အခုတစ်ခေါက်ကတော့ မတူ။ ဒီလူကြီးနဲ့ အနော်ဇာ က အတိအလင်း ချစ်သူဖြစ်ကြသေးတာမှ မဟုတ်တာ။ ဒီတော့ အဆက်ဖြတ်ချင်လို့တော့ မဟုတ်နိုင်။ သူ့ခံစားချက်တွေ ပွင့်ထွက် လာအောင် တမင်တကာ ဆွပေးတာပဲ ဖြစ်နိုင်သည်။

ဒီလိုခုတုံးလုပ်တာမျိုးတော့ လုံးဝမခံနိုင်။ ကိုယ်ချစ် တဲ့ မိန်းကလေးတစ်ယောက် သူ့ချစ်သူနဲ့ အဆင်ပြေစေဖို့ ကိုယ် က ကြားခံပစ္စည်းအဖြစ် အသုံးချခံလိုက်ရသည်ဆိုတဲ့ အဖြစ်ဟာ ဘယ်လောက်ဆိုးဝါးလိုက်သည့် အဖြစ်လဲလို့။

"နင် ဘာလာလုပ်တာလဲဟင်၊ ဟယ် ... ပုရစ်ကြော်တွေ"

အနော်ဇာက ဆွေ့ဆွေ့ခုန် သဘောကျသွားသလို နီတွဒ်လက်ထဲ ပုရစ်ကြော်ထုပ်ကို ဆွဲယူဖို့ ကြိုးစားသည်။ နီတွဒ်က လက်ကို နောက်ကျောမှာကပ်လျက် ဖွက်ပစ်လိုက်ကာ ...

"ဘာမှမဟုတ်ဘူး၊ ငါ့ဘာသာ စားဖို့ဝယ်လာတာ"

"ညာမယ် မကြံစမ်းပါနဲ့၊ မပိရိပါဘူး၊ စားရအောင်၊ နင်က ပုရစ်ကို စေ့စေ့ကြည့်ရဲတာကျလို့"



www.burmeseclassic.com

www.burmeseclassic.com



"အခုကြည့်ရဲတယ်လေ၊ ကြည့်ရဲတဲ့အပြင် တဂျပ်ဂျပ်နဲ့တောင် ဝါးစားရဲသေးတယ်"

"ဒါဖြင့်စားပြ"

"အပိုတွေ လာလုပ်မနေနဲ့ မိနော်၊ နင့်လူကြီးဟိုမှာ လှမ်းကြည့်နေတယ်၊ နင်နဲ့ငါကို တစ်မျိုးထင်သွားရင် နင်ပါတောပိတ်သွားလိမ့်မယ်"

"ထင်ပါစေပေါ့"

"ထင်ရအောင် ဟုတ်မှာ မဟုတ်ဘဲကွ"

"မဟုတ်လည်း ဘာဖြစ်လဲ၊ နင် နစ်နာစရာမရှိပါဘူး"

နီတွဒ်က အမြင်ကတ်စရာကောင်းသည့် ရုပ်အချိုးနဲ့ပခုံးကို တွန့်ပစ်လိုက်ကာ ...

"ထင်လို့ဖြစ်မလား၊ နင်တို့ မိန်းကလေးတွေမှာမှ မိန်းကလေးသိက္ခာ ရှိတာမဟုတ်ဘူး၊ ငါတို့ယောက်ျားလေးတွေမှာလည်း ယောက်ျားသိက္ခာဆိုတာ ရှိသေးတယ်၊ ကိုယ့်မှာတကယ်ရည်းစားမရှိဘဲနဲ့တော့ ရည်းစားရှိတယ်၊ အထင်မခံနိုင်ဘူး"





"ဘာ"

နဂိုကတည်းက ထင်အောင်ဇော့်အပေါ် ဒေါသထွက်နေပြီးသား အနော်ဇာ တစ်ယောက် ပေါက်ကွဲစရာ ရှာတွေ့သွားသလို နီတွဒ် အပေါ်ပဲ ဒေါသအားလုံး ပုံချပစ်လိုက်ကာ ...

"နင်က ဒီလိုကြေးလား နီတွဒ်၊ ငါ့ကို နင် ဒီလောက်တောင် တန်ဖိုးမထားတော့ဘူးလား၊ အထင်သေးသလားရတယ် ... ဒီနေ့ကစပြီး နင်နဲ့ငါ သူငယ်ချင်းအဖြစ်နဲ့တောင် မပတ်သက်တော့ဘူးလို့ ဖြတ်ပစ်လိုက်လို့ရတယ်၊ နင် သွားတော့"

ရုတ်တရက်ကြီး အခြေအနေက ပြောင်းလဲသွားသည်။ နီတွဒ်ကလည်း အနော်ဇာ့ကို ချော့မော့နစ်သိမ့်ဖို့ စိတ်မဘူးမိ။ သူ့မှာလည်း သူ့နာကြည်းချက်နဲ့ သူပဲလေ။

"အေး ... သွားမယ်"

"ခဏနေဦး"

အနော်ဇာက ပါးစပ်က ပြောလည်းပြော၊ လက်ကလည်း နီတွဒ် လက်ထဲကအိတ်ကို သွက်လက်ဖျတ်လတ်စွာဆွဲယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အနော်ဇာ ဘာလုပ်မည်မှန်း မသိလိုက်တာမို့ နီတွတ်လက်ထဲက ပုရစ်ကြော်ထုပ်လည်း ပါသွားရော အနော်ဇာက ထိုအထုပ်ကို နီတွတ်ရဲ့မျက်နှာတည့်တည့်ဆီသို့ ချိန်ရွယ်ပစ်ပေါက်ထည့်လိုက်လေသည်။





"အံ့ဩစရာပဲ၊ ရှင်ဟာ အနော် သိပ်စိတ်ဆင်းရဲနေတဲ့ အချိန်တွေကို ဘယ်လိုလုပ်ပြီး သိတာလဲဟင်"

တစ်ဖက်က ဘာစကားသံမှ ပြန်ထွက်မလာ။

"တကယ်ပြောတာ၊ အခုလောလောဆယ် ကျွန်မ သိပ်စိတ်ဆင်းရဲပြီး သိပ်အထီးကျန်နေတယ်၊ တကယ်လို့ ရှင့်ဆီက ဖုန်းသာမလာရင် အနော် တစ်ယောက်တည်း တံခါးပိတ်ပြီး ငိုမိတော့မှာ"

"ငိုတော့ မငိုလိုက်ပါနဲ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက် ငိုချင်စရာ ဖြစ်နေတာကို ဘာလို့မငိုဘဲနေရမှာလဲ"

"ဒီထက်ပိုဆိုးတဲ့ ငိုစရာတွေအတွက် ချန်ထားရဦးမှာမို့လို့ပေါ့"

"ဒီထက်ပိုဆိုးတဲ့ အဖြစ်များ ရှိဦးမှာမို့လို့လား"

"အောင်မယ်လေး ... အများကြီး၊ မနေ့ကပဲ သူငယ်ချင်းအိမ် လမ်းထိပ်က ဆိုက်ကားဂိတ်မှာ ဆိုက်ကားနင်းတဲ့ လူတစ်ယောက် သူ့ဆိုက်ကား ဆယ်ဘီးကားကြီးနဲ့ ဝင်တိုက်တာ၊ တစ်ခါတည်း ခေါင်းပြားပြီးသေရော၊ သူ့မိန်းမက ရောဂါသည်၊ ကလေးသုံးယောက်ကျန်ခဲ့တယ်၊ ဆင်းရဲလိုက်တာလည်း အလွန်၊ အသုဘစရိတ်တောင် မရှိလို့ ရပ်ကွက်က ပံ့ပိုးပြီး ဝိုင်းချပေးလိုက်ရတယ်။ ကဲ ... ဒါမျိုးကျတော့ ဘယ်လိုပြောမလဲ"

"အင်း"

အနော်ဇာက ဘာမှပြန်မပြောနိုင်တာမို့ အင်း ... လို့ပဲ သံရှည်တစ်ချက်ဆွဲပြီး ညည်းပြနိုင်လေသည်။





"နောက်ပြီး ဟိုးတလောက ကလေးဆေးရုံကို သူများနဲ့ အဖော်လိုက်သွားရင်း တွေ့ခဲ့တဲ့ ကလေးလေး၊ အသက်က ငါးနှစ်လောက်ရှိပြီ၊ မွေးကတည်းက ခေါင်းထဲကို ရေဝင်ပြီး ခေါင်းကြီးက အရေခွံပါးပါးနဲ့ အကြီးကြီး ဖြစ်နေတာ၊ သူ့အမေကလည်း ရောဂါသည်ကလေးကို ဆက်မမွေးနိုင်လို့ ဆေးရုံမှာထားခဲ့ပြီး ပစ်ပြေးသွားတယ်။ ကလေးလေးခမျာ လမ်းလည်း မလျှောက်နိုင်ရှာတော့ အိပ်ရာထဲပဲ လှဲနေရတာ၊ စဥ်းစားကြည့်စမ်း၊ ခေါင်းကြီးက အရည်ပါးပါး သွေးကြောတွေထောင်ပြီး ဖောင်းကားနေတာ။ ခြေထောက်တွေကျတော့ လမ်းမလျှောက်ရလို့ သိမ်နေပြီး မွေးကတည်းက အိပ်ရာထဲပဲ နေရတဲ့ကလေး၊ တို့တွေ စကားသွားပြောတော့ ရယ်ရယ်မောမော ဖော်ဖော်ရွေရွေ ပြန်ပြောရှာတယ်၊ ပြီးမှ တစ်ဖက်လှည့်ပြီး ကျိတ်ငိုနေတာ၊ ဘာဖြစ်လို့လဲမေးတော့ ခေါင်းကိုက်လို့တဲ့လေ၊ ကဲ ... သူကလေးလောက်ဆိုးတဲ့ အဖြစ်မျိုးများ ရှိဦးမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်နော်၊ သနားစရာ ကောင်းလိုက်တာ၊ သူ့ကို ဆေးမကုကြဘူးလားဟင်"

"ဆေးကုမယ်ဆိုရင် စရိတ်က မနည်းဘူးကုန်မှာ။ ပြီးတော့ ဦးခေါင်းခွံကိုဖောက်ပြီး အရည်တွေကို စုပ်ထုတ်ရမှာဆိုတော့ အရမ်းအန္တရာယ်များတာ၊ ဦးနှောက်လို နုနယ်တဲ့ အင်္ဂါစိတ်အပိုင်းမျိုးက ရောဂါပိုးဝင်ဖို့ လွယ်သလို ဝင်သွားရင်လည်း တအားဆိုးမှာလေ၊ ဒီတော့ ကုတဲ့အတွက် အကျိုးအမြတ်ကလည်း များများစားစား ရှိနိုင်ဘူး"

"သနားစရာပဲနော်"

"ဒါပေါ့ ... စောစောက တို့ပြောတဲ့ ဆိုက်ကားဆရာမိသားစုနဲ့ ရောဂါသည် ကလေးလေးရဲ့ ဒုက္ခနဲ့စာရင် အနော်ဇာ့ ဒုက္ခက စာဖွဲ့လောက်လို့လား"

"ဟုတ်တော့ ဟုတ်သားပဲနော်၊ အနော်က ကိုယ့်ဒုက္ခသာ ဒုက္ခထင်နေတာ၊ တကယ်ကျတော့ ဒါတွေက ဘာမှပြောလောက်တာမှ မဟုတ်ဘဲ"

"ကဲ ... ဒီလိုဆိုတော့ စိတ်ချမ်းသာသွားပြီလား"





"မဟုတ်ဘူး၊ ရှက်သွားတာ"

"ဘာရယ်"

"ဟုတ်တယ်လေ၊ လောကကြီးမှာ တကယ်ဒုက္ခရောက်နေတဲ့သူတွေ အများကြီးရှိတဲ့အထဲမှာ မဖြစ်လောက်ကိစ္စလေးနဲ့ ဒုက္ခ ... ဒုက္ခ အော်ပြီး ငိုနေတယ်ဆိုတော့ ဘယ်လောက်ရှက်စရာကောင်းလဲ"

"အခုလို သဘောပေါက်သွားရင်ပဲ ဝမ်းသာပါပြီ၊ အနော်ဇာက အဲဒါတွေ ချစ်ဖို့ကောင်းတာ"

"ဘာပြောတယ်"

"တို့ ပြောတာကို သဘောပေါက်လွယ်လို့ ချစ်ဖို့ကောင်းတယ်လို့ ပြောတာလေ"

"အောင်မယ် ... အရေးထဲ အမြတ်က ထုတ်ချင်သေးတယ်၊ ရှင်နော် ... ကိုယ့်ကိုယ်ကိုယ် ဘယ်သူလဲလို့တောင် မပြောဘဲနဲ့ ကျုပ်ကို ရည်းစားစကား လာပြောဖို့တော့ မကြိုးစားနဲ့"

"ဟ ... တို့ ဘယ်သူလဲဆိုတာ ခုထက်ထိ မသိသေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့သိရမှာလဲ၊ ရှင်ဖြင့် မပြောထားဘဲနဲ့"

"တို့က မပြောလည်း သိမယ်ထင်နေတာ၊ တို့က အနော်ဇာ တို့အိမ်ရှေ့မှာ အမြဲတမ်း ရှိတယ်လေ"

"ဘာရယ် ... အနော်တို့ အိမ်ရှေ့မှာ၊ ဟုတ်လား"

သူ့စကားကြောင့် အနော်ဇာမှာ တော်တော်လေး တောင် ဦးနှောက်ခြောက်သွားရပါရဲ့။

အိမ်ရှေ့မှာ အမြဲရှိတယ်တဲ့။ ဟုတ်ရဲ့လား။ သူမတို့ အိမ်ရှေ့မှာ ဘယ်ယောက်ျားလေးမှ တစ်နေကုန် ငုတ်တုပ်ထိုင် နေတာ မရှိပါ။ တစ်ခါတစ်ရံ အိမ်ရှေ့မှာ ညဘက် ဂစ်တာလာ တီးတတ်တာမျိုးတွေ ရှိသော်လည်း သူပြောသလို "အမြဲတမ်း"ဆို သည့် အခြေအနေမျိုးတော့ မရှိ။

"ပြောစမ်းပါဦး၊ အိမ်ရှေ့မှာ အမြဲရှိတယ်ဆိုတော့ ရှင်က ဘယ်လိုပုံစံလဲ"

တစ်ဖက်က ရယ်သံညင်းညင်းသဲ့သဲ့တစ်ခု ထွက်ပေါ် လာပြီး ...





"ဘာလဲ ... မယုံလို့လား၊ မယုံရင် အပြင်ကိုကြည့်လိုက်၊ အခုတောင် ရှိသေးတယ်"

အခုရှိတယ်ဆိုသဖြင့် အနော်ဇာက စိတ်ဝင်တစားနှင့် ခြံရှေ့ကို မြင်သာသည့် ပြတင်းပေါက်ဆီ ပြေးလွှားကြည့်လိုက်ပါ သည်။

လမ်းမကြီးက တိတ်ဆိတ်မှောင်မည်းကာ ဘယ်သူမှ မရှိဘဲ ရှင်းလင်းလို့။

"မတွေ့ဘူး၊ ဘယ်မှာလဲ၊ ရှင့်ပုံစံက ဘယ်လိုလဲ ပြောဦး လေ"

"တို့လား ... တို့က အရပ်တအားမြင့်မြင့်၊ ပိန်ပိန်သွယ် သွယ်၊ အသားကဖြူဖြူ"

အရပ်မြင့်မြင့် အသားဖြူဖြူ လူတစ်ယောက်ဟာ အိမ်ရှေ့တည့်တည့်မှာ ရှိနေသည်ဆိုလျှင် မမြင်သာလောက်အေ. ၎င် ပျောက်ကွယ်နေပါ့မလား။

အနော်ဇာက အိမ်ရှေ့ကို ထပ်ကြည့်လိုက်သေးသည်။ တကယ်ကို ဘာမှမရှိ။ အိမ်ရှေ့တည့်တည့်မှာ သက်ရှိမပြောနဲ့ သက်မဲ့ဆိုလို့ ဓာတ်တိုင်ကြီးပဲရှိ ... ...



www.burmeseclassic.com

www.burmeseclassic.com



အဲ ... ခါတ်တိုင်။

တွေးရင်း တွေးရင်းနဲ့မှပဲ သဘောပေါက်လာသလို ရှိကာ အနော်ဇာက အပြင်ကို ပြေးကြည့်လိုက်သည်။

အိမ်ရှေ့တည့်တည့်မှာတော့ ထုံးဖြူအသစ်ပြန်သုတ်ထားသော ခါတ်တိုင်ပိန်ရှည်ရှည်ကြီးက ငုတ်တုတ်။

"ဟီး ... ဟီး"

ဖုန်းထဲက ခပ်ကျိတ်ကျိတ် ရယ်သံတစ်ခု ထွက်ပေါ်လာသည်။

"ဘာလဲ ... မရယ်နဲ့"

"ရယ်မှာပဲ၊ ကောင်မလေးတစ်ယောက် အညာမိပြီးမျှော်လင့်ချက်တွေနဲ့ ပြေးကြည့်လိုက်တာများကွာ၊ သနားစရာတောင် ကောင်းတယ်"

"တော်နော်၊ တော့်ဆိုတော်၊ မဟုတ်ရင် ..."

"ပြောလေ ... မဟုတ်ရင် ဘာလုပ်ချင်လဲ၊ ဖုန်းနဲ့ကောက်ပေါက်မှာလား"





အစကတော့ အနော်ဇာလည်း စိတ်တိုနေတာပါပဲ။ ကြာတော့ တဖြည်းဖြည်း ရယ်ချင်လာပြီကနေ နောက်တော့ ကိုယ့်အဖြစ်ဟာ ရယ်စရာပဲလို့ သဘောပေါက်လျက် အားပါးတရ ရယ်မောမိတော့သည်။

ဒီတော့မှပဲ တစ်ဖက်ကလူကလည်း လိုက်ရယ် ...။

နောက်ဆုံးတော့ သောကတွေ ပျောက်ဆုံးကုန်ရတော့တာပါပဲ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



"နီတွဒ်"

အလုပ်အားတာမို့ ကိုယ့်ဘာသာပဲ ခြံထဲမှာ စာအုပ်ဖတ်တော့မည်လို့ ခုံတစ်လုံးနဲ့ ဆင်းထိုင်လိုက်သော နီတွဒ်က မထင်မှတ်ဘဲ ကြားလိုက်ရသည့် ခေါ်သံကြောင့် တအံ့တသြဖြစ်သွားရသည်။

"အနော်"

"နင် ငါ့ကို စိတ်ဆိုးတုန်းပဲ မဟုတ်လား"

"မဆိုးပါဘူး"





"အောင်မာ ... ယုံချင်စရာ မရှိလိုက်တာ၊ နင့်မျက်နှာကြီး ဒီလောက် ပုပ်သိုးနေပြီး အသံကြီးကလည်း အောက်အက် အက်ကြီး ဖြစ်နေတာတောင် စိတ်မဆိုးသေးဘူး၊ ဟုတ်လား"

နီတွဒ်က စာအုပ်ကို ဘေးနားချထားလိုက်ကာ မျက်နှာတည်တည်နဲ့ ...

"အနော် ... အခုကိစ္စက စိတ်ဆိုး စိတ်ကောက်တာမျိုး မဟုတ်ဘူး၊ စိတ်ထိခိုက်တာ၊ ရှင်းရှင်းပြောရရင် စိတ်နာတာဟာ"

"စိတ်နာတယ်၊ ငါ့ကိုလား"

"နင့်ကိုချည်းပဲတော့ မဟုတ်ပါဘူး၊ တစ်ခါတလေတော့ ငါ့ကိုယ်ငါလည်း စိတ်နာပါတယ်"

"ဘာလဲ ... ငါလိုမိန်းမကိုမှ သူငယ်ချင်းတော်မိတဲ့ အတွက် လား"

မဟုတ်ဘူး။ ချစ်မိတဲ့အတွက်။ ဘာအကြောင်းကြောင့်နဲ့မှ ပျက်ပြယ်လျော့လျည်းမသွားနိုင်တဲ့ အချစ်မျိုးနဲ့ တစ်စွဲတလမ်း ချစ်မိတဲ့အတွက်။

www.burmeseclassic.com



နီတွဒ်က စိတ်ထဲကနေ ပြောနေမိပေမဲ့ ပါးစပ်က တော့ ဘာမှထွက်မလာပါ။

ချစ်တယ်ဆိုတဲ့ စကားတစ်ခွန်းဟာ သူတို့နှစ်ယောက် ကြားမှာ ဘယ်တော့မှ ထွက်ပေါ်လာဖို့ မသင့်တဲ့ စကားမျိုးပဲ လေ။

"ငါ သိပါတယ်၊ ဒီတစ်ခါ နင့်စိတ်ထဲ ခံစားသွားရတာ အရမ်းပြင်းထန်တယ် ဆိုတာ။ ဒါပေမဲ့ ဘာဖြစ်လို့ အဲဒီ လောက်အထိ ဆိုးဝါးသွားရသလဲ၊ ငါ စဉ်းစားလို့မရဘူး၊ အရင်ကလည်း ဒါမျိုးတွေ ကြုံဖူးတာပဲ၊ နင် ဒီလောက် မထိခိုက်ပါဘူး"

"ဒါတွေ ထားလိုက်ပါဟာ"

"မထားနိုင်ဘူး၊ နင် အခုလို ဖြစ်နေတာ ငါဘယ်လိုမှ ကြည့်မနေနိုင်ဘူး၊ ငါတို့ ရန်ဖြစ်ကြတိုင်း ဘယ်တုန်းကမှ ငါက စချော့ဖူးတာရှိလို့လဲ၊ ဒီတစ်ခါတော့ ငါ့ဘက်ကမှ မလျှော့ရင် နင် ပြေမှာမဟုတ်တော့ဘူး ဆိုတာသိလို့ လာ ခေါ်ရတာ"





"ငါ့ကို ဘာများ အသုံးချစရာ ရှိနေပြန်ပြီလဲ"

"အဲဒီစကားတော့ မပြောပါနဲ့ နီတွဒ်ရယ်၊ ငါအရမ်းဝမ်း နည်းတယ်၊ ငါ နင့်ကို အသုံးချခဲ့တယ်ဆိုတာ မှန်ပေမဲ့ စိတ်ယုတ်မာနဲ့တော့ မဟုတ်ပါဘူး၊ မရည်ရွယ်ဘဲ နင့်ကို ထိခိုက်စေခဲ့မိတာပါ"

"အင်းလေ ... ထားပါတော့"

"နင် စိတ်မပြေသေးဘူးလား"

"ပြေချင်ပါတယ်ဟာ"

"ပြေချင်တယ် ဆိုတော့ ပြေလို့ မရနိုင်သေးဘူးဆိုတဲ့ သဘောလား"

နီတွဒ်က ဘာမှပြန်မပြော။ ဟင်း ... အသည်းတောင် သားလာပြီနော်။ ကိုယ်က အပြစ်ရှိထားတဲ့သူ မို့လို့သာ ဒီလောက် သည်းခံနေတာ။ နဂိုစိတ်မျိုးနဲ့သာဆို ကိုနီတွဒ်တို့လည်ပင်းကို ညှစ်လိုက်မိပြီးပြီ။

"ဒီနေ့ ဟိုလူကြီး မလာဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ နင့်ကောင်မလေးနဲ့ အပြင်မထွက်ဘူးလား"

မေးခွန်းနှစ်ခုက ပြိုင်တူ။ နီတွဒ် မေးခွန်းအတွက် အနော်ဓာက မအံ့ဩလှပေမဲ့ အနော်ဓာ့ မေးခွန်းအတွက်တော့ နီတွဒ်က မျက်လုံးတွေ ကျွတ်ထွက်လောက်အောင် တအံ့တဩ ဖြစ်ရလေသည်။

"ဘယ်က ငါ့ကောင်မလေးလဲ"

"မုန်လာဉ လုပ်မနေစမ်းပါနဲ့၊ နင်နဲ့ ကောင်မလေး တစ်ယောက်ကို တွဲတွဲပြီး တွေ့ရတာ နှစ်ကြိမ်တောင်ရှိပြီ"

ကောင်မလေးတစ်ယောက်။ အံ့ဩစရာ။ အနော်ဓာ ပြောနေပုံလေးကလည်း နောက်ချင် ပြောင်ချင်သည့်ပုံ လုံးဝမရှိဘဲ မကျေနပ်သည့်ဟန်နဲ့ ခပ်တည်တည်ကလေးပဲမို့ နောက်နေတာ တော့လည်း မဟုတ်နိုင်ပြန်။

"ငါ ဘယ်ကောင်မလေးနဲ့မှ တွဲစရာမရှိပါဘူး"

"ဒါဖြင့် ပါရဂူဆေးခန်းက ကောင်မလေးကရော"





ရုတ်တရက်မို့ ဘော်ငွေစင်တို့ သားအမိကို ဆေးခန်း လိုက်ပို့ထားသည့် ကိစ္စကို မေ့နေပြီဖြစ်သော နီတွဒ်က တော်တော်နဲ့ နားမလည်နိုင်။

"ဒါဖြင့် မြို့ထဲမှာ နင့်ကားပေါ်က ဆင်းသွားတဲ့ ကောင် မလေးကရော၊ သံချေးနားမှာလေ"

"လုံးဝမဖြစ်နိုင်ဘူး၊ ငါ ဘယ်ကောင်မလေးမှ"

ပြောရင်း ပြောရင်းမှ ဘော်ငွေစင့်ကို သတိရသွား သော နီတွဒ်က မျက်လုံးပြူးထွက်လာကာ ...

"ငါ သတိရပြီ၊ အောင်မယ်လေး ... အဲဒါ ငါ့အဖေသူငယ် ချင်းရဲ့ သမီးလေး၊ ငါ့အလုပ်ထဲက ကောင်မလေး၊ ဆေး ခန်းသွားတယ် ဆိုတာ သူ့အမေကို ဆေးခန်းလိုက်ပြပေး တာပါဟာ၊ မြို့ထဲမှာ တွေ့တယ်ဆိုတာတော့ ငါ သိပ်မမှတ် မိတော့ဘူး၊ တစ်ခါတလေ အလုပ်ကိစ္စ သွားစရာရှိရင် သူ နဲ့အတူ သွားတတ်တာတော့ ရှိတယ်၊ နင် အဲဒါကို မြင် သွားတာပဲ ဖြစ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... ဟင်း ... နင့် ဝန်ထမ်းကလည်း ချောလိုက်တာ နော်၊ ရုပ်ရှင်မင်းသမီး ကျနေတာပဲ"

"ငါ ခန့်ထားတဲ့ ဝန်ထမ်းမဟုတ်ဘူး၊ ဖေဖေ ခန့်ထားတာ သူ့သူငယ်ချင်း ဆုံးသွားလို့ ကျန်တဲ့မိသားစုကို စောင့်ရှောက်တဲ့သဘောပဲ"

"ဟွန့် ... စောင့်ရှောက်လိုက်တာကလည်း စိတ်ပါလက်ပါ ကိုယ်ဖိရင်ဖိ"

"အပိုတွေ ... ငါ သူ့ကို ကူညီတာ လူမှုရေးသက်သက်ပဲ၊ စေတနာတော့ပါတယ်၊ ဒါပေမဲ့ဖြူစင်တယ်"

အနော်ဇာက နှုတ်ခမ်းလေး စူထားမိသည်။ စူရင်း စူရင်း ကိုယ့်ရင်ထဲ ဘာကြောင့် ဒီလောက် ပူလောင်လာရသလဲ ဆိုတာကိုလည်း အပြင်းအထန် စဉ်းစားကြည့်နေရလေသည်။

ထူးတော့ ထူးဆန်းသားနော်။ နီတွဒ်ကို တခြားကောင်မလေးနဲ့ ချစ်သူဖြစ်သွားမှာကို အနော်ဇာက ဘာကြောင့်များ စိုးရိမ်နေရတာလဲ။





ဖြစ်နိုင်တာ တစ်ခုကတော့ နှစ်ကိုယ့်တစ်စိတ် အတူတွဲလာသည့် သူငယ်ချင်းနှစ်ယောက် ကြားထဲကို သူစိမ်းတစ်ယောက် ဝင်လာမှာစိုးတာ။ ကိုယ့်အတွက်ပဲ အမြဲဦးစားပေးစဉ်းစား၊ ကိုယ့်အပေါ် အနွံအတာခံလွန်းသော နီတွဒ် တစ်ယောက် တခြားမိန်းကလေးတစ်ယောက်ကို ကိုယ့်ထက် အတွယ်အတာပိုသွားမှာ စိုးရိမ်တာပဲ ဖြစ်မှာ။

ဒီတော့မှ ကိုယ်ချင်းစာစိတ်လေးတစ်ခု လှစ်ခနဲဝင်လာတော့တာ။ နီတွဒ်ဟာလည်း သူမရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် ထားခဲ့တိုင်း အခုလိုပဲ မနာလိုဝန်တို ဖြစ်ခဲ့ရှာမှာပဲ။

"နီတွဒ် ... ငါ ရည်းစားထားတာကို နင် မနာလိုဖြစ်ဘူးလားဟင်"

"ဟာ ... ပေါက်ပေါက်ရှာရှာ၊ မနာလိုဖြစ်ရအောင် ငါက မိန်းမကြီးမှ မဟုတ်တာ"

"မိန်းမမှ မနာလိုဖြစ်တတ်တာ မဟုတ်ပါဘူး၊ ယောကျ်ားလေးတွေလည်း မနာလိုဖြစ်လို့ ရတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



နီတွဒ်က မျက်နှာကို တည်တည်ထားလိုက်ကာ ...

"အမှန်အတိုင်း ဝန်ခံရမလား"

"အင်း"

"ဖြစ်ကယ်"

"နည်းနည်းပဲ ဖြစ်တာလား"

"ဒါတော့ မပြောတတ်ဘူးဟာ၊ စိတ်ထဲမှာ အနေရအထိုင်ရ ခက်တာတော့ အမှန်ပဲ"

"ငါ ... ငါလေ ... အခုမှ ကိုယ်ချင်းစာတတ်လာတာ၊ သိလား ... နင် ရည်းစားထားသွားမှာကို ငါ သိပ်ကြောက်တာပဲ၊ ငါ့ထက် တခြားတစ်ယောက်ကို ဦးစားပိုပေးသွားမှာကို ငါ အရမ်းစိုးရိမ်တယ်"

"နင်က အတ္တသိပ်ကြီးတာကိုး"

"ငါအတ္တကြီးတယ်ဆိုတာ ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမဲ့ အဲဒါကလည်း အကြောင်းရှိတယ်၊ နင့်ကို ငါ အရေးထားလို့၊ တန်ဖိုးထားလို့၊ နင့်ဆီက သံယောဇဉ်ကို အရမ်းလိုချင်လို့"





ငါ့ကိုရှုံးအောင် သာလုပ်နေတာများလား အနော်ဇာရယ်၊ နင် ပြန်မချစ်နိုင်တဲ့ လူတစ်ယောက်ကို စိတ်ကူးယဉ်ချင်စရာ စကားတွေ လာပြောနေတာဟာ တမင်တကာ ရက်စက်ရာရောက်မနေပေဘူးလား။

ဘာပဲဖြစ်ဖြစ် အနော်ဇာ့ရဲ့ သူ့အပေါ်ထားတဲ့ သံယောဇဉ်ကို သိရလို့ နီတွဒ်က ကျေနပ်ရပါသည်။

"နင်ရော ... ငါ့ဆီက သံယောဇဉ်ကို တစ်ယောက်တည်း အပိုင်မလိုချင်ဘူးလားဟင်"

"ဒီမေးခွန်းမျိုး မမေးသင့်ဘူးလေ အနော်၊ နင့်မှာ ..."

"အိုး ... ဘာဆိုင်လဲ၊ နင်နဲ့ ငါ့ကြားကရှိတဲ့ သံယောဇဉ်က တခြား ဘာနဲ့မှ မတူဘူး၊ ဘာနဲ့မှ နှိုင်းလို့လည်း မရဘူး၊ အစားထိုးလည်း မရဘူး၊ ငါ့မှာ ရည်းစားတစ်ယောက်မကဘူး၊ အယောက်တစ်ရာပဲရရ သူတို့နဲ့နင်က တူနိုင်တာမှ မဟုတ်တာ"

"ဒါဆို ငါ့ကိုလည်း ဘာစိတ်ပူနေစရာ ရှိတော့လဲ၊ ငါလည်း ရည်းစားထားဖြစ်ရင်တောင်မှ နင့်ထက်တော့ ဘယ်သူ့အပေါ်မှ မပိုနိုင်တော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



နီတွဒ်က အာမခံချက်ပေးသည့်တိုင် အနော်ဇာ့ ရင်ထဲ ပေါ့ပါးရှင်းလင်းမသွား။

ဘာကြောင့်များလဲ။ ကိုယ့်အပေါ်ထားသည့် သံယော ဇဉ်တွေ ပြောင်းလဲမသွားပါဘူးလို့ အာမခံနေတာတောင် မကျေ နပ်နိုင်သေးဘူးဆိုလျှင် အနော်ဇာက နီတွဒ် ရည်းစားထားမှာကို တောင်မှ လက်မခံချင်တော့သည် သဘောပေါ့။

* * *





"ဖေဖေက ပြောတယ်၊ သူ့တုန်းက ဘယ်ကမှန်းမသိတဲ့ လူဆိုးတွေ ထွက်လာပြီး၊ အနော်ဇာ့ကို အဆက်ဖြတ်ချင် ဖြတ်၊ မဖြတ်ရင် အသက်ပျောက်သွားမယ်ဆိုပြီး ခြိမ်းခြောက် တယ်ဆို"

"အို ... ဘာတွေ လာပြောနေတာလဲ၊ အနော် မသိဘူး"

စိတ်ရှုပ်ဖို့ ကောင်းလိုက်တာ။ ဒီလူဟာ ရည်းစား မဖြစ်ရသေးခင်ကတည်းက ဟိုသံသယဝင်၊ ဒီသံသယဝင်နဲ့။ ရတုတုန်းက သံသယများတာ မှန်ပေမဲ့ ဟိုစုံစမ်း ဒီစုံစမ်း လိုက် လုပ်တာမျိုးတော့ မရှိခဲ့။ သူ့ဘာသာ ကျိတ်ပြီးခံစား၊ ကျိတ်ပြီး တော့ပဲ ဆုံးဖြတ်ချက်တွေ ချလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလူကြီးကျတော့ မဟုတ်။ အနော်ဇာ့ အကြောင်းတွေ လက်လှမ်းမီသလောက် လိုက်စုံစမ်းသတဲ့။ အနော်ဇာကလည်း အသိုင်းအဝိုင်းမဲ့မှ မဟုတ်တာ။ ကိုယ်ကို အကြောင်းစုံပြန်ပြောကြမည့်သူတွေမှ ဒုနဲ့ဒေး။

ကိုယ့်အကြောင်း သိချင်သည်၊ စုံစမ်းချင်သည်ဆိုလည်း ဇာတ်လမ်းမစခင်ကတည်းက စုံစမ်းထားပါလား။ ပြီးမှသူ စိတ်မကျေနပ်ဘူး ဆိုရင်လည်း ဘာမှနှုတ်မလွန်ခင် နောက်ဆုတ်သွားလိုက်တော့ပေါ့။

အခုတော့ သူ့ဘက်က အတင်းကြီး လာဆိုင်နေပြီးမှ သူကပဲ တစ်ပြန်တစ်စီး မယုံသင်္ကာလိုလို၊ သူ့မှာပဲ မယုံမကြည်လုပ်ဖို့ အခွင့်အရေး ရှိနေသလိုလို။ စိတ်နာဖို့ ကောင်းလိုက်တာများ။

"ကိုယ့်စိတ်ထင်တော့ ဇာလေးကို အရူးအမူး ကြိုက်နေတဲ့လူမိုက်တစ်ယောက် ရှိမယ်ထင်တယ်။ သူကပဲ လိုက်လိုက်ပြီး နှောင့်ယှက်နေတာများလား"





"ဟုတ်ချင်လည်း ဟုတ်မယ်၊ ဟုတ်ချင်မှလည်း ဟုတ်မယ်၊ အဓိက,က ကိုကြီး ဘာပြောချင်တာလဲ"

"ခြိမ်းခြောက်တာကို ကိုယ် မကြောက်ပါဘူး"

ထင်အောင်ဇော်က တိမထင်သည့် မျက်နှာနှင့်ဆတ်ခနဲ ပခုံးတွန့်လိုက်ကာ ...

"ကိုယ်က အဆင့်မရှိတဲ့ လူတစ်ယောက်ရဲ့ မတူမတန်တက်ပြီး ပတ်သက်ခံနေရတဲ့ အဖြစ်ကိုပဲ မကြိုက်တာ"

"မကြိုက်လည်း ကိုယ့်ဘာသာပဲ ဖြေရှင်းလေ၊ အနော့်ကိုလာပြောနေတော့ အနော်က ဘာလုပ်ရမှာလဲ၊ ဘယ်သူမှန်းတောင် မသိဘဲနဲ့ ဖြေရှင်းပေးလို့ရော ရမလား၊ သိရင်လည်းဖြေရှင်းဖို့တော့ စိတ်မကူးသေးဘူး"

"ဘယ်သူမှန်း သိရင်တော့ ဖြေရှင်းပေးသင့်တာပေါ့၊ ဇာလေးရဲ့လူပဲ၊ ဇာလေးပဲ ပိုင်မှာပေါ့"

"အဲဒီလိုတော့ မပြောနဲ့လေ၊ အနော့်လူ ဆိုတာက ဘာလဲ၊ သူ့ဘာသာ အနော့်ကို တစ်ဖက်သတ် ကြိုက်နေတာဆိုရင်ကော အနော့်လူလို့ သတ်မှတ်ရမှာပဲလား"



www.burmeseclassic.com

www.burmeseclassic.com



ထင်အောင်ဇော်က ဘာမှပြန်မပြော။ သူ့စိတ်ထဲမှာတော့ အနော်ဇာ့မှာ အတော်ဇာတ်ရှုပ်တွေ များတာပဲလို့ တွေးနေမိတာပင်။

သူ့ညီဝမ်းကွဲ ဇေဇေနဲ့ အနော်ဇာတို့ ရည်းစားဖြစ်ဖူးသည် ဆိုကတည်းက သူ့စိတ်ထဲမှာ အောင့်မျက်မျက်။

ကိုယ့်ရဲ့ မိန်းကလေးဟာ ခြောက်ပစ်ကင်း သဲလဲစင်ဖြစ်စေချင်လွန်းသည့် ထင်အောင်ဇော့် အတွက် အနော်ဇာ့မှာ ချစ်သူရှိခဲ့ဖူးသည်ဆိုသည့် အချက်ဟာ အတော်ပြင်းထန်သည့် တိုက်ခိုက်မှု ဖြစ်နေပြီ၊ အဲဒီချစ်သူဟာ သူ့ညီဝမ်းကွဲ ဖြစ်နေတာက ပိုတောင်ဆိုးသေးသည်။

ပိုပြီး ပိုပြီး ဆိုးတာ တစ်ခုက ...။

အနော်ဇာ ထားခဲ့သည့် ရည်းစားက ဇေမင်းထွဋ် တစ်ယောက်တည်းမှ မဟုတ်တာပဲ။ ဇေမင်းထွဋ် အရင်မှာ ကျော်စွာနိုင် ဆိုသည့်တစ်ယောက် ရှိသည်။ ဇေမင်းထွဋ် အနောက်မှာကျတော့ ရတုဆိုသည့် ဆေးကျောင်းသားတစ်ယောက် ရှိသည်။





ဒီကြားထဲ အနော်ဇာ့ အတွက်ဆို အသက်ပင်ပေးဖို့ ဝန်မလေးသည့် "သူငယ်ချင်း" အမည်တပ်ထားသော နီတွဒ် ဆိုသည့် တစ်ယောက်ကလည်း ရှိနေပြန်သေး။

တစ်ယောက်ပြီးမှ တစ်ယောက် ရည်းစားထားတာဆိုပေမဲ့ မိန်းကလေးတစ်ယောက်ဟာ ဒီလောက် ရည်းစားဆက်များဖို့ သင့်သလား။ တကယ်လို့ သူမနဲ့ချစ်သူဖြစ်ခွင့် ရမည်ဆိုလျှင် သူဟာ စတုတ္ထမြောက် ဖြစ်မည်။

ချစ်သူတစ်ယောက်နဲ့ ငါးလထက် ပိုမငြိဖူးဘူးဟု နာမည်ထွက်လှသော အနော်ဇာဟာ သူနဲ့ချစ်သူဖြစ်ပြီးတော့ရော ခံခြင့်ငြိမ်ပါ့မလား။ ဇေမင်းထွဋ်က သူနဲ့ပြတ်ရခြင်း အကြောင်းကို ပြောပြဖူးသလောက် အနော်ဇာ့ ဘက်က သစ္စာဖောက်တာမျိုး မဟုတ်ခဲ့ပေမဲ့ တခြားကောင်တွေနဲ့ ဘာကြောင့် ပြတ်ခဲ့ရသလဲ ဆိုတာကိုတော့ မသိရ။

တကယ်လို့များ အနော်ဇာက သူ့ကို စွန့်ပစ်သွားလျှင်၊ ဒါမှမဟုတ် ဘယ်လိုမှ မရှောင်လွှဲသာသော အကြောင်း

www.burmeseclassic.com



တစ်ခုခုနဲ့ အနော်ဇာ့ကို စွန့်ပစ်ဖို့ ဖြစ်လာခဲ့လျှင် သူဟာ အလကားနေရင်း ရည်းစားတစ်ခုလတ် ဖြစ်ရဦးမည်။ သူ တစ်သက်လုံး စောင့်ရှောက်ထိန်းသိမ်းလာခဲ့သော သိက္ခာတရားတွေလည်း သွားပေတော့။

"ကိုကြီးကို အနော် တစ်ခုပြောမယ်နော်၊ အခုအချိန်ဟာ အနော်တို့ နှစ်ယောက်စလုံးအတွက် ရှေ့တိုးသာ နောက်ဆုတ်သာ အခြေအနေ၊ ဒီအချိန်မှာ ကိုကြီး နောက်ဆုတ်သွားမယ်ဆိုရင် ဘယ်သူ့မှ ထိခိုက်စရာမလိုဘဲ ပြဿနာက ပြီးသွားမယ်၊ အခြိမ်းခြောက်ခံရတာတို့ အောက်တန်းစားတစ်ယောက်ရဲ့ အစော်ကား ခံရတာတို့လည်း ဖြစ်ဖို့ အကြောင်း မရှိတော့ဘူး"

"……………"

"ကိုကြီး အခု ပြန်ချင် ပြန်လိုက်ပါ၊ အိမ်ရောက်တော့ သေချာစဉ်းစားဦးပေါ့၊ ဒါ အနော်တို့ နှစ်ယောက်စလုံးအတွက် အရေးကြီးတဲ့ အနာဂတ်ပါ"





မိန်းကလေးတစ်ယောက်ရဲ့ အနှင်ခံလိုက်ရတာဟာ အဖော်အောင့်သီးအောင့်သက် နိုင်စရာကိစ္စ ဖြစ်ပေမဲ့ ထင်အောင်ဖော်က ဘာမှမပြောဘဲ ပြန်လာခဲ့ပါသည်။ သူကိုယ်တိုင်ကလည်း ပြန်စဉ်းစားဖို့ အခွင့်အရေးကို လိုချင်မိသေးသည်လေ။

❦ ✻ ❦



www.burmeseclassic.com

www.burmeseclassic.com



အနော်ဇာ့ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေသည်။

ကြားလိုက်ရသည့် သတင်းက မယုံချင်စရာ။

ထင်အောင်ဇော့် ရုံးခန်းက စာတိုက်ပုံးထဲကို ခြိမ်းခြောက်စာတွေ လာလာထည့်နေတာ၊ ထင်အောင်ဇော့်ဆီ ခြိမ်းခြောက်ဖုန်းတွေ ဆက်နေသူဟာ နီတွဒ်ရဲ့တပည့်ကျော် ဖျံကြီး ... တဲ့။

ဖျံကြီးဟာ အနော်ဇာ့ကို တိုက်ရိုက်သိရှိပတ်သက်ဖူးခြင်း မရှိတာမို့ သူ့စိတ်သူ့သဘောနဲ့တော့ ဒါမျိုးထ,လုပ်မှာ မဟုတ်။





ဒါဆို တရားခံဟာ နီတွဒ်။

ဒီလောက် တစ်သွေးတစ်သားတည်း ပေါင်းလာသည့် အနီးကပ်ဆုံး လူတစ်ယောက်က ကိုယ့်အပေါ် နောက်ကျောဓား နဲ့ထိုးသည့် အလုပ်မျိုး လုပ်ရသလား။

နီတွဒ်ဟာ ဘယ်လောက်များ ယုတ်မာကောက်ကျစ် လိုက်သလဲလို့။

အနော်ဇာ့ကို ပျော်ရွှင်ချမ်းမြေ့သွားမှာ စိုးရိမ်လို့ပဲ သား၊ အနော်ဇာ့ဘဝလေး တည်တည်ငြိမ်ငြိမ် တင့်တင့်တယ်တယ် ဖြစ်သွားမှာကိုပဲ မကြည့်ချင်လို့လား။

ပြောတော့ဖြင့် သူ့မှာ အတ္တမရှိသလိုလို ဘာလိုလို နဲ့။ မေးလျှင်လည်း ငြင်းဦးမည်။ ခုနေများ ဒီစာတွေ နင်ပေး၊ ဒီမုန့်တွေ နင်ဆက်ခိုင်းတာလား ဆိုလျှင် ဘယ်လိုမှ ဝန်ခံမှာ မဟုတ်။ ကိုယ့်ကို ပြန်ပြောသူဟာ ထင်အောင်ဇော် ကိုယ်တိုင်သာ မဟုတ်လျှင် သူ့စကားကို ယောင်ယောင်ချာချာနဲ့ ယုံစားသွားရလောက်အောင် မုသားသုံးပြဦးမည်။

www.burmeseclassic.com



အခုလည်း ကိုယ့်ဘက်က သက်သေအခိုင်အမာ မရှိသေးတော့ စွပ်စွဲဖို့ကခက်။

နေပါဦး ... ဟိုးတလောက သူ့အခန်းထဲ အနော်ဇာ ဝင်ဖို့လုပ်တန်းက နီတွဒ် ပျာပျာသလဲ တားနေသေးတာ။ ဒါဟာ ယောက်ျားလေးအခန်းထဲ မိန်းကလေးဝင်ဖို့ မသင့်တော်သည့် အကြောင်းတစ်ခုတည်းကြောင့် မဟုတ်ဘဲ နောက်ထပ်အကြောင်း တစ်ခုခုများ ရှိနေဦးမလား။

ဖြစ်နိုင်သည်။ လောလောဆယ်အားဖြင့်တော့ နီတွဒ်ကို အမိဖမ်းဖို့အတွက် သဲလွန်စ,ရှာဖို့ နေရာဟာ သူ့ရဲ့အိပ်ခန်းပဲ။





ကံကောင်းထောက်မစွာနဲ့ အန်တီမွန် မမြင်ခင် အိမ်ထဲကို ဝင်ရောက်နိုင်ခဲ့ပြီ။

အခုတလော အနော်ဇာ့ကို သိပ်မကြည်ချင်သည့် အန်တီမွန်ဟာ သူ့သားအိပ်ခန်းထဲ အနော်ဇာ ဝင်မွှေတာကိုသာ သိသွားလျှင် ဘယ်လောက် စိတ်ဆိုးလိုက်မလဲ။

နီတွဒ်ကတော့ အိမ်မှာမရှိတာ သေချာတာမို့ အနော်ဇာက မီးဖိုချောင်ထဲကဝင်၊ အိမ်ရှေ့ကို ခပ်ရှောင်ရှောင်ပတ်ထွက် ပြီးတော့မှ နီတွဒ် အခန်းရှိရာ အပေါ်ထပ်သို့ ပြန်တက်လာခဲ့ သိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နီတွဒ် အခန်းထဲက သဲလွန်စ တစ်ခုခုကို ဘယ်လိုများ ရှာဖွေရမလဲလို့ ကြိုတွေးပူပန်လာခဲ့သော အနော်ဇာ တစ်ယောက် အခန်းတံခါး ဖွင့်လျှင်ဖွင့်ချင်း မြင်လိုက်ရသည့် မြင်ကွင်းကြောင့် အသက်ရှူမှားမတတ် လန့်ဖျပ်တုန်ခိုက်သွားရလေသည်။

အခန်းထဲမှာ နီတွဒ်ရဲ့ အိမ်ခန်းနံရံအနှံ့မှာ ဘာတွေကပ်ထားသည်လို့ ထင်ပါသလဲ။ တခြားမဟုတ်။ အနော်ဇာရဲ့ အဝတ်အစား အမျိုးမျိုး၊ အနေအထား အမျိုးမျိုးနဲ့ ဓာတ်ပုံတွေပင်။

ထိုဓာတ်ပုံတွေဟာ တမင်တကာ အလှပြပြီး ရိုက်ထားသည့်ပုံတွေ မဟုတ်။ အနော်ဇာ့ဘာသာ အိမ်ထဲ၊ ခြံထဲမှာ သွားရင်း လာရင်း၊ နေရင်း ထိုင်ရင်း ရိုက်ထားသည့်ပုံတွေ။

ဒီလောက်များပြားသည့် ပုံတွေကို ရိုက်ထားဖို့ဆိုတာ တစ်နေ့တစ်ရက်တည်းနဲ့ ဘယ်လိုမှ မဖြစ်နိုင်။ ရက်ပေါင်း လပေါင်းများစွာ အချိန်ယူစုဆောင်းထားမှပဲ ဖြစ်နိုင်မှာ။

ဒီဓာတ်ပုံတွေဟာ နီတွဒ် ရိုက်ခဲ့တာတဲ့လား။ အနော်ဇာရဲ့ နေ့စဉ်လှုပ်ရှားမှုတွေကို နီတွဒ်က စိတ်ရှည်လက်ရှည်နဲ့ မှတ်တမ်းတင်ခဲ့သတဲ့လား။





များပြားလှသည့် ဓာတ်ပုံတွေကို ကြည့်ရင်း အနော်ဇာ့ ရင်ထဲမှာ ကြည်နူးသလိုလို၊ လိုက်ပိုတုန်ယင်နေသလိုလို။

တကယ်တော့ လုံးဝမျှော်လင့်မထားခဲ့သည့် ဖြစ်ရပ်ပါပဲ။

နံရံမှာ၊ အဝတ်ဗီရို၊ မှန် အစရှိသည့် နေရာအစုံမှာ အနော်ဇာ့ ဓာတ်ပုံတွေ အပြည့်လျှောက်ကပ်ထားတယ် ဆိုကတည်းက နီတွဒ်ရဲ့ အနော်ဇာ့ အပေါ်ထားသည့် သဘောထားဟာ "ဖြူစင်ရိုးသားသော သူငယ်ချင်း အချစ်" တော့ ဘယ်လိုမှ မဖြစ်နိုင်တော့တာ သေချာနေပြီ။

မကြာခဏ စိတ်လွတ်ကိုယ်လွတ် ဖျတ်ခနဲ ဖြိုးခနဲ ဝင်နေကျ အခန်းထဲကိုပင် အနော်ဇာက မနည်းအားကင်းပြီး ဝင်ခဲ့ရသည်။

နီတွဒ်က သူ့အခန်းကို ဘယ်သူမှဝင်ပြီး အရှင်းမခံဘူးဆိုတာ ဒါကြောင့်ကိုး။

သူ့အခန်းကို သူ့ဘာသာ ရှင်းလင်းထားရတာဖြစ်မှာမို့ နီတွဒ်က စည်းကမ်းရှိပါသည်။ သူ့အခန်းလေးဟာ အိမ်



www.burmeseclassic.com

www.burmeseclassic.com



ထောင်မှ နိုင်နင်းသည့် အပျိုမလေးတစ်ယောက်ရဲ့ အခန်းလိုပဲ သန့်ရှင်းသပ်ရပ်လို့ နေသည်။

စာရေးစားပွဲလေးပေါ်မှာ သေသေသပ်သပ် စီထပ်ထားသော စာအုပ်များ၊ ဘောလ်ပဲန်စိုက်ဖို့ထားသည့် ကြောင်ရုပ်ပုံ ကြွေခွက်လေးတစ်ခု၊ စာကြည့် မီးအုပ်ဆောင်းလေး တစ်လုံး၊ အဲ... ပြီးတော့ ပွင့်နေသော စာအုပ်တစ်အုပ်။

အနော်ဇာက ပွင့်လက်စစာအုပ်ကလေးကို သွားပြီး ငုံ့ကြည့်လိုက်ပါသည်။

တိုက်တိုက်ဆိုင်ဆိုင်ပဲ ထိုစာအုပ်ကလေးဟာ နီတွဒ်ရဲ့ ဒိုင်ယာရီစာအုပ်ကလေး ဖြစ်လို့နေလေသည်။





ဒိုင်ယာရီ ဆိုပေမဲ့ နေ့စဉ်မှတ်တမ်း သက်သက်တော့ မဟုတ်။

နားရှုပ်မသွားကြပါနဲ့ဦး။ နေ့စဉ်မှတ်တမ်းဆိုတာက တစ်နေ့တာအတွက် ကိုယ် ဘာတွေလုပ်စရာရှိသည်။ ဘာတွေဖြစ်ခဲ့သည်ဆိုတာ မှတ်တမ်းတင်သည့်သဘော။ ထိုမှတ်တမ်းထဲမှာ အကြောင်းအရာတွေ အမျိုးမျိုး စုံလင်အောင်ပါမည်။

နီတွဒ်ရဲ့ ဒိုင်ယာရီကတော့ အဲဒီလိုမဟုတ်။ နေ့စွဲရက်စွဲ ဆက်တိုက်မဟုတ်သော်လည်း အကြောင်းအရာ အဖြစ်အပျက်တွေက ဆက်တိုက်။ သူရေးထားပုံက စနစ်တကျ အစီ



www.burmeseclassic.com

www.burmeseclassic.com



အစဥ်မိလွှန်းအားကြီးတာမို့ နီတွဒ်နဲ့ အနော်ဇာတို့ နှစ်ယောက်ရဲ့ အဖြစ်အပျက် ဇာတ်လမ်းစဥ် တစ်ခုလုံးကို ရုပ်ရှင်တစ်ကားပြသလို သေသေချာချာ မြင်နိုင်လေသည်။

စာအုပ်ရဲ့ ပထမစာမျက်နှာမှာ နေ့စွဲတစ်ခု အောက်က စာပုဒ်က ...

အနော့်ကို ငါ ဘယ်လောက်အထိ စွဲလမ်းမက်မောမိတယ် ဆိုတာ ဒီနေ့ အသေချာဆုံးပဲ။

ကျော်စွာနိုင့် ကားပေါ် ပါသွားတဲ့ အနော့်ကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့ရတဲ့အချိန်မှာ ငါ အသည်းတွေ နာကျင်စွာ ခုန်ပေါက်နေကြတာကို တွေ့တော့ အချစ်ဆိုတာကို ငါသဘော ပေါက်သွားတယ်။

ဘုရား ... ဘုရား။ တကယ်ပါပဲလား။ နီတွဒ်ဟာ အနော်ဇာ့ကို သေသေချာချာကြီးကို ချစ်နေခဲ့တာပါလား။

ဒုတိယစာမျက်နှာ ...။

ကျော်စွာနိုင် ဆိုတဲ့ကောင်ဟာ ငါ့ထက် ဘယ်နေရာမှာသာလို့ အနော်ဇာက သူ့ကို ချစ်သွားရတာတဲ့လဲ။





ငါ သိပြီ။ သူပိုသာတဲ့ တစ်နေရာရှိတယ်။ အဲဒါက ဘာလဲဆိုတော့ သတ္တိ။ အနော် မုန်းသွားမှာ၊ စိတ်ဆိုးသွားမှာကို မကြောက်ဘဲ ရင်ဖွင့်ပြရဲတဲ့ သတ္တိ။

ဒါမျိုး ငါ့မှာ မရှိဘူး။

တတိယ ... စတုတ္ထစာမျက်နှာတွေကို ခပ်သွက်သွက် ကျော်ဖြတ်သွားရင်း တစ်နေရာရောက်တော့ ...

သားကိုရည်းစားမထားရ၊ ဘယ်ကောင်မလေးနဲ့မှ အပတ်သက် အဆက်သွယ်မလုပ်ရလို့ တင်းတင်းကျပ်ကျပ် တားမြစ်ထားတဲ့ မိဘတွေကို ဆန့်ကျင်ဖို့ သတ္တိမရှိတဲ့ ကောင်၊ မင်း အခုတော့ မှတ်ပြီလား။

ဟင် ... ဒါက ဘာပါလိမ့်။ အရင်းမရှိ အဖျားမရှိ ကြိမ်ဝါးထားလိုက်တာ။

ကျော်စွာနိုင့်မိဘတွေတော့ ဘယ်လောက်သောင်းကျန်းကုန်ကြမလဲ ...။ သွားတောင်ကြည့်လိုက်ချင်သေး။ ပြီးတော့ မိဘစကား နားထောင်ဖို့ပဲ သိပြီး အင်မတန်ပျော့ညံ့တဲ့ကောင်တော့ ဘယ်လို ဆုံးဖြတ်မလဲ။



www.burmeseclassic.com

www.burmeseclassic.com



လုံးဂုဠသုံ့ နားမလည်နိုင်သေးပေမဲ့ ခပ်ရေးရေးတော့ သဘောပေါက်သလို ရှိလာပြီ။

လက်စသတ်တော့ အနော်ဇာတို့ ကိစ္စကို ကျော်စွာနိုင့်အိမ်က သိသွားတာ နီတွဒ် သွားပြီး အစထောင်လိုက်လို့ကိုး။

ကျော်စွာနိုင်နဲ့ အနော်ဇာ့ ကိစ္စကို ဒီလောက် လျှို့လျှို့ဝှက်ဝှက် လူသူမသိအောင် ဖုံးဖိထားသည့် ကြားထဲက ကျော်စွာနိုင့် မိဘတွေ သိသွားကြတာ။ သိလည်းသိရော ဝုန်းဒိုင်းတွေကြဲပြီး သူတို့သားကို နိုင်ငံခြား ပို့ပစ်လိုက်တာ။ အဲဒီအချိန်တုန်းကတော့ အချစ်ဦးမို့ မမြင်ဖူး မူးမြစ်ထင်နေခဲ့သေးသော အနော်ဇာဟာ ချစ်သူနဲ့ ကွေကွင်းရသည့် ဝေဒနာကို အလူးအလိမ့် ခံစားခဲ့ရသေးတာပါ။

ဒါတွေဟာ ဘယ်သူ့လက်ချက်လဲ ဆိုတာ အရင်တုန်းက စဉ်းစားမရခဲ့။ နီတွဒ် တစ်ယောက်ကလွဲပြီး ဒီကိစ္စကို ဘယ်သူမှ သိတာလဲ မဟုတ်။ နီတွဒ်ကတော့ ကိုယ့်ရဲ့အရင်းချာဆုံး လူသားမို့ သူက ဖော်ကောင်လုပ်လိမ့်မည်ရယ်လို့တော လုံးဝကို ထင်မထားခဲ့တာ။





အနော်ဇာက နောက်ထပ် ငါးမျက်နှာလောက်ကို ကျော်ပစ်လိုက်သည်။ သိပ်မထူးခြားတာကွေလေ။ ကျော်စွာနိုင်နဲ့ ခွဲရလို့ အနော်ဇာ ခံစားနေရတာတွေအကြောင်း၊ သူဘယ်လောက် မကြည့်ရက်ဖြစ်ရသည့် အကြောင်း။ ဒါတွေက ခုပြန်တွေးတော့ ရယ်ချင်စရာ။

အနော်ဇာ့ ခေါင်းထဲမှာဖြင့် ကျော်စွာနိုင် ဆိုတာ မရှိတော့တာ ကြာပြီ။

တစ်နေရာ အရောက်မှာတော့ ...။

ဇေမင်းထွဋ်တဲ့။ အမြင်ကတ်စရာ ကောင်းလိုက်တာကွာ။ လုံးဝကို အပိုးမကျိုး၊ ထောင့်မကျိုးတဲ့ရုပ်။ လက်သီးစာ ကျွေးပစ်ချင်စရာရုပ်။ ဖနောင့်နဲ့ ပေါက်သတ်ချင်စရာရုပ်။

အေးဆေးသိမ်မွေ့တဲ့ ကျော်စွာနိုင့်လို ကောင်နဲ့တောင် အနော့်ကို မကြည်ဖြူနိုင်ခဲ့သေးတာ။ ဇေမင်းထွဋ်လို ကိုယ့်အပေါ် ဖြိုင်ချင် ဆိုင်ချင်၊ ကျောချင်တဲ့ကောင်မျိုး ဆိုရင်တော့ ဝေးပါသေး ...။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အနော်က သူ့ကိုချစ်သတဲ့။ ငါဘာလုပ်
ရမလဲ ...။

နောက်ထပ် ဆယ်မျက်နှာလောက်အတွင်းကတော့ အနော်နဲ့ ဇေမင်းထွဋ်တို့ ချစ်သူဖြစ်သွားကြပုံတွေနှင့် သူဘယ်လောက် ခံစားရသည်ဆိုတာတွေကိုပဲ ရေးထားတာ။

အဲ ... တစ်နေရာရောက်တော့ ထူးဆန်းတာတွေ ပါပြီကော ...။

ဖျံကြီးက ဒါမျိုး သိပ်အားကိုးရတာ ။ သူ့မှာအဖွဲ့က
အတောင့်အတင်းပဲ ။ ဟိုကောင် ဇေမင်းထွဋ်ကဖြင့် လေပဲ
ရှိတာ၊ လူက ပျော့စိစိ ။ နှစ်ခါမခြောက်လိုက်ရဘူး အတော်
လန့်သွားပြီ ။ လန့်ဖျားတောင် ဖျားယူရသေးတယ် ။

လာပြန်ပြီ နားမလည်ချင်စရာ စာသားတွေ။

ဖျံကြီးဆိုတာ နီတွဒ်ရဲ့တပည့် လူမိုက်တစ်ယောက်ဖြစ်တာကိုတော့ အနော်ဇာက သိထားသည်။ တပည့်ဆိုပေမဲ့လည်း ပုံမှန်ခိုင်းစားဖို့ လက်သပ်မွေးထားတာ မဟုတ်ဘဲ ကျေးဇူးရှိထားလို့ ခိုင်းသမျှ လုပ်ပေးနေတာမျိုး ဖြစ်သည့်အတွက် အနော်ဇာက ဘာမှဝေဖန်တားဆီးတာမျိုး မလုပ်တာ။





ဖျံကြီးဆိုသည့် လူမိုက်၊ လူကြမ်း နာမည်ရယ်၊ ဇေမင်းထွဋ် ငြိမ်သွားတာပဲ ဆိုတာရယ်၊ တစ်ခါက ထင်အောင်ဇော် ပြောဖူးသည့် "ဇေဇေ့တုန်းကလည်း အနော်ဇာနဲ့ မပတ်သက်နဲ့လို့ ခြိမ်းခြောက်ခံခဲ့ရဖူးတယ်" ဆိုသည့်အကြောင်းရယ်၊ အားလုံးကို ဆက်စပ်ကြည့်လိုက်လျှင် ...။

ဒီတစ်ချီလည်း ငါအောင်မြင်ပြန်ပြီ... ။ အနော် ...
နင့်မျက်နှာလေး ညှိုးနေတာကိုတော့ ငါ မကြည့်ရက်ပါဘူး
ဟာ၊ ဒါပေမဲ့ နင့်ကို ဘယ်သူမှ မပိုင်ဆိုင်စေချင်တဲ့အတွက်
ငါ အတ္တကြီးပါရစေ ။

နောက်ထပ် စာမျက်နှာတချို့ကို ကျော်လှန်သွားပြန်သည်။ နောက်ထပ် နေ့စွဲအသစ်တစ်ခု တပ်ထားသော စာမျက်နှာမှာတော့ ...

နင် ချစ်နိုင်တဲ့သူတွေကလည်း ကုန်ပဲမကုန်နိုင်
သေးဘူးလား အနော်ရယ် ။ ရတု ... တဲ့ ။ ဆေးကျောင်း
သား ... တဲ့ ။ ချောလိုက်တာလဲညီး မှန်လို့တဲ့ ။ သူ့
ကျောင်းမှာတော့ သူ့လောက် နာမည်ကြီး တာမရှိဘူးဆိုပဲ ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီလူ့ကို အနော်ဇာက စပြီး ချစ်ခဲ့တာတဲ့။ မသိမသာ တစ်မျိုး၊ သိသိသာသာ တစ်မျိုး လမ်းကြောင်းပေးခဲ့တာ ... တဲ့။ ငါ ရင်နာရပြန်ပြီကော။

နောက် တစ်မျက်နှာ ...

ကိုရတုကို အဖြေပေးဖို့ သွားမဲ့ နင့်ကို လိုက်ပို့ခဲ့ရတဲ့ ငါ့အပြစ်က မဏိစန္ဒာကို အနော်ရထာဘုရင်ဆီ ဆက်သဖို့ စောင့်ရှောက်ကာကွယ်ပြီး ခေါ်လာခဲ့ရတဲ့ ကျန်စစ်သားနဲ့ များ ခပ်ဆင်ဆင် တူနေမလား။

မြူးပျော်ရွှင်မြူးနေတဲ့ နင်ဟာ ငါ့ရင်ထဲက ခံစားချက်တွေကို တစ်လှည့်လေး ငုံ့စောင်းကြည့်ဖို့တောင် အချိန်မရခဲ့ပါဘူး။

နောက် ဆယ်မျက်နှာ အကျော် ...

အားတက်စရာ သတင်းတစ်ခု ...။ ရတုဟာ သိပ်သဝန်တိုတတ်သတဲ့။ သူ့ကိုယ်သူ အစွန်းအထင်း မရှိအောင် ထိန်းသိမ်းသလို သူ့ပတ်ဝန်းကျင်က လူတွေကိုလည်း သူ့လိုပဲ ခြောက်ပစ်ကင်း သဲလဲစင် ဖြစ်စေရမတဲ့။





ဟား ... ဟား ... ငါ့ရဲ့ မိရွှေနော်က သူ့ရှေ့မှာ ရည်စားကြီး နှစ်ယောက်တောင်မှ။ ပြီးတော့ ငါနဲ့ကလည်း အများအမြင်မှာတော့ မရှင်းမရှင်း။

တွေ့ကြသေးတာပေါ့ကွာ။

ဆက်ဖတ်စရာတောင် မလိုတော့ပါ။ ဒီလောက်ဆို ...င်ပဲ အနော်ဇာ၍ သဘောပေါက်လိုက်ပြီ။

ကိုတု သူမကို စိတ်ပျက် စွန့်ခွာသွားတာဟာ ...ကြောင်းမဲ့မှ မဟုတ်ဘဲကိုး။ ကြားထဲက ကုန်းတိုက် ခြေထိုးမဲ့ ...ရှိလို့ကိုး။ အဲဒီသူဟာလည်း အနော်ဇာ အားအကိုးဆုံး စိတ် ...ချ အယုံကြည်ဆုံး နီတွဒ်ပဲကိုး။

သုံးကြိမ် သုံးခါတိတိ ကိုယ့်ကို ဒုက္ခပေးခဲ့သော၊ ...ယ့်အချစ်ရေးကို နှောင့်ယှက်ဖျက်ဆီးခဲ့သော လူတစ်ယောက်ကို ...နော်ဇာက စိတ်မနာသင့်ဘူးလား။

နာသင့်တာပေါ့နော်။ သို့သော် အလွန်ထူးဆန်းစွာပဲ ...နော်ဇာ့ စိတ်ထဲမှာ ဘယ်လိုခံစားချက်မျိုးမှ ဖြစ်ပေါ်မလာချေ။

www.burmeseclassic.com



ဒီနေရာမှာ နီတွဒ် မဟုတ်လို့ကတော့ အနော်ဇာင်
စိတ်ဆိုးလိုက်မည့်အမျိုး။ နာကြည်း ဒေါသထွက်လိုက်မည့် အမျိုး
နီတွဒ်ကိုကျတော့ စိတ်မဆိုးသည့်အပြင် သူ့ရဲ့လု
ရပ်အတွက် ကျေနပ်မိသလိုလိုတောင် ဖြစ်လိုက်ချင်သေး။

ထူးဆန်းလိုက်တာနော်။ အဲဒါ ဘယ်လိုခံစားမှုမျိုး
လဲ။

ကျန်သည့် စာရွက်တွေမှာတော့ အပြင်းအလဲ သိ
မရှိ။ ထင်အောင်ဇော်နဲ့ စ,တွေ့သည့်နေ့မှာတော့ လာပြန်ပြီနော
တစ်မျိုး ဆိုပြီး မကျေနပ်ချက်တွေ ရင်ဖွင့်ထားပြန်သည်။

နောက်ပြီးတော့ ... နောက်ပြီးတော့။

ဖုန်းခွက်ကို ကောက်ယူလိုက်တဲ့ အချိန်မှာ ရင်ထဲ
ခုန်လိုက်တာ ...။

အရင်က အနော်ဆီ အကြိမ်ကြိမ် ဖုန်းဆက်နေကျ
ပေမဲ့ အခုလောက် ခက်ခဲတွန့်ဆုတ်တဲ့ ခံစားချက်မျိုး မပေါ်
ခဲ့ဖူးပါဘူးနော်။ ငါ ဘယ်လိုဖြစ်နေတာလဲ။ ရူးများသွား
ပြီလား။





ငါ့ကိုယ်ငါ, ငါမဟုတ်သလို နေရတာ ထူးဆန်းပြီး
ရူးသွပ်ရာ ရောက်လွန်းပါတယ်။ ဒါပေမဲ့ ငါ့ရင်ထဲက တင်း
ကျပ်နေတဲ့ ခံစားချက်တွေကို ငါမဟုတ်တဲ့ သူတစ်ယောက်
အနေနဲ့မှပဲ ရင်ဖွင့်ပို့ ရနိုင်မယ်လေ။

ဖတ်ကာစ,ကတော့ နားမလည်။ တဖြည်းဖြည်း
နောက်တိုး ဖတ်ရင်း ဖတ်ရင်းနဲ့မှပဲ အနော်ဇာက တစ်စုံတစ်ခုကို
သဘောပေါက်လိုက်လေသည်။

အနော်ဇာ့ဆီ တိုးဖျဖျ လေးဆွဲဆွဲ အသံမျိုးနဲ့ ဖုန်း
ဆက်တတ်သော၊ အနော်ဇာရဲ့ သောကတွေကို ဖြေဖျောက်ပေးတတ်
ပြီး သူ့ရဲ့အချစ်ကိုတော့ သိမ်မွေ့တိုးတိတ်စွာပဲ ရင်ဖွင့်တတ်သော
အမည်မသိ ကောင်ကလေးဟာ နီတွဒ် ... နီတွဒ် ပဲပေါ့။

အံ့သြစရာ ကောင်းလိုက်တာ။ ဒီလိုအဖြစ်မျိုး ရှိလိမ့်
မည်လို့ ထင်တောင် မထင်ခဲ့။

နီတွဒ်ဟာ သူမဘဝထဲကို စိတ်ကူးယဉ်ဆန်စွာ
ဝင်ဖို့ ကြိုးစားခဲ့ဖူးသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်မှ ဟုတ်ရဲ့လား။ အို ... ဟုတ်တာတော့ သေ
ချာပါတယ်။ သူ့စာထဲမှာ ရေးထားသည့် အဖြစ်အပျက်တွေဟာ
အနော်ဇာတို့ ဖုန်းထဲမှာ ပြောခဲ့ကြတာတွေပဲဟာ။

သနားစရာကောင်းလိုက်တဲ့ နီတွန်ရယ်။ သူ့အနေနဲ့
ဖွင့်ပြောလိုက်မယ်ဆိုရင် ရှိရင်းစွဲ သူငယ်ချင်း သံယောဇဉ်လေး
ပျက်သွားမှာစိုးလို့၊ အနော်ဇာက သူ့ကို မုန်းသွားမှာစိုးလို့
မပြောရဲရှာဘဲ တခြားလူတစ်ယောက် အနေနဲ့ပဲ ရင်ဖွင့်ရရှာ
သတဲ့။

ဖုန်းထဲက ကြင်နာတတ်တဲ့ လူသားလေးကို သတိ
ရသည်။ နှစ်လိုခင်မင်ဖွယ် ထိုလူသားလေးဟာ နီတွန်ပဲ ဆိုတာ
လည်း သိလိုက်ရော စောစောကတည်းက ထားရှိတဲ့ တွယ်တာ
မှုတွေဟာ ဆတက်ထမ်းပိုး ပိုပြီးတိုးလာကြပါလေရော။

နီတွန်ရယ် ... နင် ငါ့ကို ချစ်နေတဲ့အကြောင်း
သာ ငါ စောစောကတည်းက သိခဲ့ရင် စိတ်ဆိုးပြတ်တောက်သွား
ဖို့ထက် နင့်ကိုပဲ ပြန်ချစ်မိမှာပါ။ အဲဒီလိုသာဆိုရင် အနော်
ဆိုတာ ရည်းစားများတဲ့ ခပ်ရှုပ်ရှုပ် ကောင်မလေးတစ်ယော





လည်း မဖြစ်တော့ဘူးပေါ့။ ငါ့ဘဝထဲမှာလည်း နင်ဟာ ဝေးလံ
လှတဲ့ နံပါတ်တစ်ခု မဖြစ်တော့ဘဲ အရင်ဆုံးနဲ့ တစ်ဦးတည်းသော
လူသားလေးပဲ ဖြစ်လာမှာပါ။

အခုတော့ ...။



www.burmeseclassic.com

www.burmeseclassic.com

"ရက်လနှစ်တို ... ပြောင်းတဲ့အခါ

နင်ပြန်ချစ်မယ် ... ဆုတောင်းရင်းနဲ့သာ

ငါ့ရဲ့အချစ် ဖွင့်မပြောခဲ့တာ ...

ငါ ညံ့ဖျင်းတယ်လို့ပဲ သိလိုက်ပါ

ငါလိုလူကို မချစ်ရင် ...

ဘယ်သူ့ကို မင်းလေးချစ်ချင်သလဲ ဖြေပါ ...

ဘယ်သူ့မှ ငါ့လို မချစ်ဘူးကွာ ...

နင် ယုံနေပါကွာ ...

ငါလိုလူကို မချစ်ရင် ...





ဘယ်သူ့ကို မင်းလေး ချစ်ချင်သလဲ ...

ဒီလိုမေးခွန်းလေးတစ်ခု ချစ်တဲ့သူ ဖြေပါ ..."

ထမင်းစားပြီးတော့ ကွန်ပျူတာဖွင့်ပြီး အင်တာနက်ဆေး ဘာလေး ကြည့်မလားရယ်လို့ စာကြည့်ခန်းထဲ ဝင်လာခဲ့သော အနော်ဇာ တစ်ယောက် ဂီတာသံတိုးတိုးကြောင့် နားစွက်လေးတွေပင် ထောင်သွားသလိုလို။

ဂီတာသံကို အသေအချာ မမှတ်မိနိုင်ပေမဲ့ သီချင်းဆိုသံကတော့ နီတွဒ်အသံမှအသံ။

သေသေချာချာ နားထောင်ကြည့်လိုက်တော့ သူ့ရဲ့အသံဟာ ဖုန်းထဲကလူရဲ့အသံနဲ့ တူနေသလိုလို။

ဆွဲငင်အား ကောင်းလှသော သူ့ရဲ့အသံလေးဟာ ကွန်ပျူတာခလုတ်ကို ဖွင့်မည့်ဆဲဆဲ အနော်ဇာ့ရဲ့ လက်တွေကို ငြိမ်တန့်သွားစေရုံသာမက ခြေလှမ်းတွေကိုပါ ခြံပြင်သို့ ရွေ့လျားသွားစေတော့သည်။

"မနေ့ တစ်နေ့ကမှ သိလိုက်တာ ...

နင် ပြန်ချစ်နိုင်သူတစ်ယောက် ... ငါ မဟုတ်ခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဝင်းထဲ ခေါင်းငိုက်စိုက်သာ ...

ငါလေလွင့်နေချိန်ကျ ... မင်း မရှိပါ ...

ငါလိုလူကို မချစ်ရင် ...

ဘယ်သူကို မင်းလေးချစ်ချင်သလဲ ဖြေပါ”

ခြံထဲက သရက်ပင် အကြီးကြီးအောက်မှာတော့ ဒီဘက်ခြံကို ကျောပေးရင်း ဂီတာတစ်လုံးပိုက်ကာ ထိုင်နေသော နီတွင်ရဲ့ အရိပ်က အမှောင်ထဲမှာ မှုန်ရိုးရိုးတဝါး။

သူ့ရဲ့သီချင်းသံကတော့ ရင်ထဲခံစားရသည့် နာကျင်ထိရှမှုကြောင့် လိုက်ဖိုတုန်ယင်လို့ နေရှာလေသည်။

“ဘယ်သူ့မှ ငါ့လို မချစ်ဘူးကွာ ...

နင် ယုံနေပါကွာ ...

ငါလိုလူကို မချစ်ရင် ဘယ်သူ့ကို ...

မင်းလေး ချစ်ချင်သလဲ ...

ဒီလိုမေးခွန်းလေးတစ်ခု ... ချစ်တဲ့သူဖြေပါ”

သီချင်းကို အဆုံးအထိ ဆက်မတီးတော့ဘဲ ဂီတာလေးပိုက်ကာ ငေးငိုင်နေသော နီတွင် ဘေးသို့ အနော်ဇာက အသာလေး ကပ်ထိုင်ချလိုက်ပါသည်။





သူ့ဘေးမှာ နွေးခနဲ ဖြစ်သွားသော ခံစားမှုကြောင့် နီတွင်က အလန့်တကြား လှည့်ကြည့်လိုက်လျှင် လပြည့်ညအလင်းရောင်အောက်မှာ လမင်းနဲ့အပြိုင် ရွှန်းရွှန်းမြမြ သာနေသော နောက်ထပ် လမင်းလေးတစ်စင်းကို တွေ့လိုက်ရလေသည်။

“အနော်”

နီတွင်ရဲ့ ခေါ်သံက တကယ့်ကို တိုးတိုးဖွဖွကလေး။

“နီတွင်”

အနော်ဇာက နီတွင် ပိုက်ထားသော ဂီတာလေးကို အသာအယာ ပွတ်သပ်ကြည့်ရင်း တိုးတိုးကလေးပဲ ပြန်ထူးလိုက်ပါသည်။

“နင့် သီချင်းသံကြားလို့ ဆင်းလာတာ”

“ဘာရယ်”

“ဒီနေ့မနက်က အန်တီမွန် မရှိတုန်း နင့်အခန်းထဲကို ငါ ခိုးဝင်ခဲ့သေးတယ်”

“ဘာ ... ငါ့အခန်းထဲကို ... ဟာ ... ဒါဆို နင် ... နင်”



www.burmeseclassic.com

www.burmeseclassic.com



နီတွဒ်က ထခုန်တော့မတတ် အထိတ်တလန့်တွေ ဖြစ်နေတော့တာမို့ အနော်ဇာက ပြန်ဆွဲထားရသေးသည်။

"ဘာလို့ ဒီလောက်တောင် လန့်သွားရတာလဲ"

"နင် ... ဟိုပုံတွေကို မြင် ... မြင်သွားပြီပေါ့"

"ပုံတွေတင်မကဘူး နင့် ဒိုင်ယာရီစာအုပ်ကိုပါ ငါ ဖတ်ခဲ့ပြီးပြီ"

"ဟာ ... သွားပြီ ... သွားပြီ၊ ဒါဆို နင် ငါ့ကို အရမ်းစိတ်ဆိုးနေပြီပေါ့"

အနော်ဇာက တမင်ဟန်လုပ်ယူရတာ မဟုတ်ပါဘဲ မှုန့်နှဲ့နှဲ့ကလေး ပြုံးလိုက်ကာ ...

"ဘယ်သူပြောသလဲ၊ ငါ စိတ်ဆိုးသွားတယ်လို့"

"နင် သိသွားရင် သေချာပေါက် စိတ်ဆိုးမှာပဲ၊ သူငယ်ချင်းစည်းကို ဖောက်ဖျက်တာကတစ်မှု၊ နင်နဲ့ နင့်ရည်းစားတွေ ပြတ်ပြတ်သွားအောင် လုပ်မိတာက တစ်မှု၊ အဲ ... တစ်မှုမကဘူး ... သုံးမှု"





"လေးမှုပါ၊ ကိုထင်အောင်ဇော်ကိုလည်း နင်ခြိမ်းခြောက်ခဲ့တာပဲ မဟုတ်လား"

"ဒါပေမဲ့ သူနဲ့ နင်က ပြတ်မှမပြတ်သေးတာ၊ ငါ ...ငါ နောင်တတော့ ရပါတယ် အနော်ရယ်၊ ငါ ကတိပေးပါတယ်၊ နင်တို့နှစ်ယောက် ကြားထဲမှာ ငါ ဝင်မရှုပ်တော့ပါဘူး၊ လိုအပ်ရင် ငါ လိုက်ရှင်းဆို ရှင်းပြပေးပါ့မယ်"

"ဘာလို့ ရှင်းရမှာလဲ"

"နင်တို့ နားလည်မှု ရသွားအောင်လေ၊ တော်ကြာ ကိုထင်အောင်ဇော်က နင့်ကို တစ်လွှဲချက်လုံး မကောင်းမြင်သွားမှာပေါ့"

"ဘာဖြစ်လဲ ... သူနဲ့ ငါနဲ့ ဆိုင်မှမဆိုင်တာ"

"ဟင် ... မဆိုင်တော့ဘူး၊ ဟုတ်လား၊ ဒါဆို နင်တို့နှစ်ယောက် ပြတ်သွားပြီလား"

"ပြတ်ရအောင် ငါတို့က ရည်းစားမှ မဖြစ်ကြသေးတာ၊ သူ့အကြောင်း တဖြည်းဖြည်း သိလာလို့ သိပ်သဘောမကျတော့တာနဲ့ပဲ ငါ ငြင်းလွှတ်လိုက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



နီတွဒ်က လှိုက်ခနဲ ဝမ်းသာသွားပြီးမှ ဒါဟာမတရား ဘူးလို့ သဘောပေါက်လိုက်ကာ ...

"ငါ စိတ်မကောင်းဘူးဟာ၊ ငါ သူ့ကိုသွားရှင်းပြပြီး နင်တို့ အဆင်ပြေအောင် လုပ်ပေးပါ့မယ်"

"အို ... ဘာကြောင့် ရှင်းရမှာလဲ၊ ငါမှ သူ့ကိုမချစ်တာ"

"သေချာရဲ့လားဟာ"

"သိပ်ကို သေချာတာပေါ့၊ ငါ မချစ်နိုင်လို့ ငြင်းပစ်လိုက်တာပေါ့"

"ဒါဆို နင့်မှာ လောလောဆယ် ချစ်ရမဲ့သူ မရှိသေးဘူးပေါ့"

"ရှိတယ်"

"ဟင် ... ရှိသွားပြန်ပြီ"

ကြည့်ပါလား ... ပြောပုံကိုက။ နီတွဒ်ဟာ အနော့်ကို လုံးဝ ယုံကြည်စိတ်ချမှု ရှိပုံမပေါ်။

"ဟုတ်တယ် ... ရှိသွားပြီ"





"ဘယ်တုန်းကလဲ၊ ဘယ်သူနဲ့လဲ၊ ငါလည်း မသိလိုက်ရပါလား"

"အခုပဲ ... ဘယ်သူနဲ့လဲဆိုတော့ ငါ့ကို ဟိုးအရင်ကတည်းက တိတ်တိတ်လေး ကြိုက်လာခဲ့ပြီး ခုထက်ထိ ဖွင့်မပြောရဲသေးတဲ့ ကောင်ကလေးတစ်ယောက်နဲ့"

"အနော် ... အနော် ... အဲဒါ ငါလားဟင်"

နီတွဒ်က ဂီတာကို ပိုက်လျက်သား အနေအထား အနေ လူးလိမ့်ထ,ကာ အနော်ဇော့ မျက်နှာရှေ့တည့်တည့် ရောက်အောင် ပြောင်းထိုင်လျက် မျှော်လင့်တကြီးမေးရှာလေသည်။

"နီတွဒ်ရယ် ... ငါအချစ်သင့်ဆုံးလူဟာ နင်ကလွဲလို့ ဘယ်သူများ ရှိဦးမှာလဲ၊ နင်က ငါ့ကို ဖွင့်မပြောခဲ့လို့သာ ငါ့စိတ်တွေ ထွေပြားပြီး ရည်းစားတွေ လျှောက်ထားမိခဲ့တာပါ"

"ဟာကွာ ... ငါ ပျော်လိုက်တာ၊ စောစောက ပြောပါတော့လား မိနော်ရယ်၊ အဲဒီလိုသာဆို နင့်ကို ငါ ဟိုးအစောကြီးကတည်းက ဖွင့်ပြောလိုက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင်ကဖြင့် အတွေးခေါင်ပြီး ကြောက်နေပြီးတော့"

"ကြောက်ရတာပေါ့ အနော်ရယ်၊ နင်နဲ့ ငါက သူစိမ်းတွေမှ မဟုတ်ဘဲ၊ နှစ်ကိုယ့်တစ်စိတ် နေလာကြတဲ့ သူငယ်ချင်းတွေလေ၊ သူစိမ်းက ငြင်းလိုက်ရင်လည်း အရင်းပဲ၊ သူငယ်ချင်းကျတော့ နင်ကသာ စိတ်ဆိုးပြီး ငြင်းလိုက်ရင် နဂိုရှိရင်းစွဲ သံယောဇဉ်လေးတောင် ရှုံးရဦးမှာ"

"နဂိုရှိရင်းစွဲ သံယောဇဉ်ဆိုတာ ရှေ့တစ်ဆင့်တက်ဖို့ ပိုလွယ်စေတဲ့ လှေကားထစ်ပဲလို့များ မတွေးမိဘူးလား"

"ငါ အကြောက်လွန်ခဲ့တာပါ အနော်ရယ်၊ နင့်စိတ်ထဲမှာ ငါ့လို မရိုးမသား ပြောင်းလဲမှုတွေ ရှိနိုင်တယ်ဆိုတာ ငါ လုံးဝမတွေးရဲခဲ့လို့"

"ကြည့်စမ်း ... အချိန်တွေ ဘယ်လောက်တောင် ကုန်သွားပြီလဲ"

"ကုန်သွားတဲ့ အချိန်တွေက နှမြောစရာ မဟုတ်ပါဘူး၊ ရှေ့လာမဲ့ အချိန်တွေကိုပဲ ငါတို့ တန်ဖိုးထားကြရမှာ"





ခုမှလာပြီး အပြောကောင်းနေသော နီတွဒ်ကို အနော်ဓာက မျက်စောင်းလေး တထိုးထိုး။

နီတွဒ်ကတော့ ထိုမျက်စောင်းလေးကိုပဲ အဖိုးမဖြတ်နိုင်သော ဆုလာဘ်တစ်ခုလို တန်ဖိုးထားနေမိလေသည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



"နီတွဒ်ရေ … စက်ဘီး ထွက်စီးကြရအောင်"

အိမ်ရှေ့က ထွက်ပေါ်လာသည့် ခေါ်သံလွင်လွင်ဖေး ကြောင့် ဧည့်ခန်းထဲမှာ ဖေဖေနဲ့အတူ ထိုင်ရင်း လုပ်ငန်းတိုးချဲ့ဖို့ကိစ္စ တွက်ချက်တိုင်ပင်နေသော နီတွဒ်က ဆတ်ခနဲ ဖြစ်သွားရသည်။

အရင်ကဆိုလျှင်တော့ အနော်ဇာ့ ခေါ်သံ ကြားတာနဲ့ နီတွဒ်ကလည်း ကောက်ခနဲ။

အခုကတော့ ဖေဖေနဲ့ လုပ်ငန်းကိစ္စ တိုင်ပင်နေခိုက်မို့ ချက်ချင်းလက်ငင်း ထွက်မသွားသာ။





"နီတွဒ်ရေ … ငါ ဖိနပ်မချွတ်ချင်တော့လို့ မဝင်လာတော့ဘူး၊ ကြားရင်လည်း ထွက်ခဲ့လေဟာ"

"သား … အနော် ထင်တယ်၊ အိမ်ရှေ့မှာ တအားအော်နေတာ"

"ဟုတ် … ဟုတ်ကဲ့မေမေ"

မေမေ့ မျက်နှာထားက တစ်မျိုးပဲလို့ နီတွဒ်က သိလိုက်သည်။ မေမေ ဘာကိုမကြိုက်တာလဲ။ အလုပ်ကိစ္စ ဆွေးနွေးနေတုန်း လာခေါ်တာကိုလား၊ အိမ်ရှေ့ကနေ ခုနစ်အိမ်ကြား၊ ရှစ်အိမ်ကြား သံကုန်ဟစ်တာကိုလား၊ ဒါမှမဟုတ် နီတွဒ်တို့ကြားထဲက အရင်းနှီးလွန်သော ဆက်ဆံရေးကိုပဲလား။

ဟိုကောင်မလေးကလည်း အခြေအနေ မကြည့်ဘဲ စွတ်ကို အော်နေတော့တာ။

ဟုတ်တော့လည်း ဟုတ်တာပါပဲလေ။ အနော်ဇာ့အတွက်ကတော့ ဒီအိမ်ဟာ သူမရဲ့အိမ်လိုပဲ နေချင်သလိုနေ၊ လုပ်ချင်ရာ လုပ်ခွင့်ရနေခဲ့တာ မဟုတ်လား။ ငယ်ငယ်လေးကတည်းက သူမ ဘာလုပ်လုပ် ပြုံးပြုံးကြည့်မည့်သူ၊ တားဆီးမည့်သူ မရှိခဲ့တော့ အခုလည်း အရင်အတိုင်းပဲလို့ ထင်နေရှာတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



နီတွဒ်တို့ဘက်က ပြောင်းလဲလာသည့် သဘောထားကိုတော့ ခမျာ မသိရှာ။ သိနေမြင်နေရသည့် နီတွဒ်မှာသာ အနေရခက် အထိုင်ရခက်။

ဖင်တကြွကြွ ဖြစ်နေသော နီတွဒ်ရဲ့ အခြေအနေကို ဖေဖေက နားလည်လိုက်ပုံ ရပါသည်။ အလိုက်သိစွာနဲ့ပဲ ...

“သား သွားချင် သွားလိုက်လေ၊ ကုန်ကျစရိတ်ကိစ္စ ဖေဖေ့ဘာသာ နည်းနည်းစဉ်းစားလိုက်ချင်သေးလို့ ဒီနေ့ တစ်နေ့လုံး အားနေတာပဲကွာ၊ တို့သားအဖ ဖြည်းဖြည်း ဆွေးနွေးကြတာပေါ့”

“ဟုတ်”

နီတွဒ်က အခွင့်ရလျှင်ရချင်း ကလေးတစ်ယောက်လိုပဲ ပြေးထွက်သွားတော့ကာ အနော်ဇာ့ကို ခဏစောင့်ဖို့ ထွက်ပြောရသည်။ ပြီးလျှင် အိမ်နေရင်း ဝတ်ထားသည့် ပုဆိုးကို စကဘောင်းဘီတိုနဲ့ ပြေးလဲ၊ ဖိနပ်စီးပြီး အမြန်ပြန်ထွက်ဖို့ ပြင်ရသည်။

ဒါတောင် ...





“အန်တီမွန် ... ဒီနေ့ ဘာဟင်းချက်လဲ၊ သမီး အိမ်မှာ ဟင်းမကောင်းလို့ လာစားမလို့”

အနော်ဇာရဲ့ အမေးစကားသံကို ကြားတော့မှ ကိုယ့်နောက်မှာ မေမေ ရောက်နေပါလားလို့ သိတော့သည်။

အနော်ဇာက ရယ်ကာမောကာ နှုတ်ဆက်နေပေမဲ့ မေမေ့ မျက်နှာက ခပ်တည်တည်။ ပါးနပ်သူ တစ်ယောက်သာ ဆိုလျှင်တော့ သတိထားမိချင်စရာ။

အနော်ဇာလည်း လူကဲခတ် ညံ့ဖျင်းတာတော့ မဟုတ်လောက်ပါဘူး။ မေမေဟာ ငယ်ငယ်လေးတည်းက သူမအပေါ် သမီးရင်းလို ချစ်ခင်ကြင်နာလာတာမို့ သံသယဝင်စရာရယ်လို့ လုံးဝမတွေးမိရှာတာပဲ ဖြစ်မည်။

“တကယ်ပြောတာ အန်တီမွန်ရဲ့၊ ဒီနေ့ အိမ်မှာ ငါးကြော်တာ၊ သမီးအတွက် တစ်ခုခု လုပ်ပေးပါဆိုတာ ဈေးသွားနောက်ကျလို့ ဘာမှမရလာဘူးဆိုပြီး ဘဲဥပဲ ကြော်ပေးထားတယ်၊ သမီးကလည်း မမှုပါဘူး၊ အန်တီမွန်တို့အိမ်ပဲ ကူးစားတော့မယ်လို့ အစတည်းက စဉ်းစားထားပြီးသား”



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးဆိုတာ ဟိုအိမ် ဒီအိမ် လျှောက်ကူးပြီး ထမင်းစားတာမျိုး မကောင်းဘူးနော်၊ အပြင်စာတွေ လျှောက်စားပြီး အိမ်ထမင်း အိမ်ဟင်းကို မတွယ်တာ,တာလည်း မကောင်းဘူး၊ သမီးက အိမ်ထောင်ပြုရမဲ့အရွယ်လည်း ရောက်တော့မယ်၊ ဒါတွေ ဆင်ခြင်သင့်ပြီ"

မျက်နှာတည်တည်ကြီးနဲ့ ပြောချလိုက်သော မေမေ့ လုပ်ရပ်ကြောင့် နီတွဒ်က ကြားထဲက အားနာသွားရပါသည်။ ဒီလောက်ဆိုလျှင်တော့ မေမေ့ရဲ့ မကြည်လင်တဲ့ သဘောထားကို အနော်ဇာ တစ်ယောက် သဘောပေါက်လောက်ပြီလို့ နီတွဒ်က သေချာပေါက် ထင်ထားတာ။ မရွှေနော့်ဘက် လှည့်ကြည့်လိုက်တော့ အောင်မယ် ... မမက ပြုံးစိစိမျက်နှာထားကလေးနဲ့။ ဟန်ဆောင်နေတာလည်း မဟုတ်။ တကယ့်ကို အရိုးခံပုံစံလေး။

"ကဲ ... ကဲ ... သွားကြ သွားကြ၊ သိပ်တော့မကြာစေနဲ့"

နှစ်ယောက်သား စက်ဘီးပြိုင်နင်း ထွက်လာကြပြီး ခြံဝရောက်တော့ အနော်ဇာက ...





"တွေ့လား ... အန်တီမွန်က ငါ့ကို ဆုံးမနေတာ၊ ဟီဟိ အိမ်ထောင်ပြုသင့်တဲ့အရွယ် ရောက်ပြီတဲ့၊ ငါ့ကို အဲဒါ သူ့ချွေးမလောင်းကို အိမ်ထောင်ရှင်မကောင်း ဖြစ်အောင် ဆုံးမနေတာ ကြိုပြီး ပုံစံချနေတာဟ"

သနားဖို့ ကောင်းလိုက်တဲ့ ကလေးမ,ပါလား။ လူကြီးရဲ့ အရိပ်အကဲကိုလည်း နားမလည်။ သူ့ဘာသာ ကိုယ်လိုရာဆွဲတွေးပြီး ကျေနပ်နေလိုက်တာ။

ဒါလည်း တစ်ခုတော့ ကောင်းတာပါပဲ။ အချိန်မတိုင်သေးခင်မှာ အနော်ဇာ တစ်ယောက် ကြိုတင်စိတ်ဆင်းရဲပူပန်ရတာမျိုး မရှိတော့ဘူးပေါ့။

"နီတွဒ် ... ပြိုင်မယ် ပြိုင်မယ် ... လမ်းထိပ်ကိုနင်းပြီး ဒီကို အရင်ဘယ်သူ ပြန်ရောက်လဲ ပြိုင်မယ်၊ နောက်ကျတဲ့သူ ကြေးအိုး ... အဲ ... အန်တီမွန်က အပြင်စာမမက်ရဘူးလို့ မှာထားတယ်၊ ယောက္ခမကြီးစကား နားထောင်လိုက်ပါဦးမယ်၊ ကြေးအိုးတော့ မတိုက်နဲ့၊ အိမ်မှာပဲ သံပရာရည် ဖျော်တိုက်ကြေးဟာ"



www.burmeseclassic.com

www.burmeseclassic.com



အနော်ဇာက ပြောပြောဆိုဆို ပေါ့ပါးသွက်လက်စွာနဲ့ စက်ဘီးနင်းပြီး ထွက်သွားပါလေရော။

နီတွဒ်မှာသာ စိတ်ထဲ လေးလေးလံလံရှိလှတာနှင့် ခြေထောက်တွေကပါ လေးလံကာ အနော်ဇာ့ကို မီအောင်မလိုက်နိုင်။

"ဟေး ... ငါ အရင်ရောက်ပြီ"

အိမ်ထဲ ကွေ့ဝင်လိုက်သည့် အချိန်မှာ အနော်ဇာ့ စက်ဘီးက တော်တော်လေး စောရောက်သွားပြီး နောက်က လေးကန်ကန် နင်းလိုက်လာသော နီတွဒ်ကို အော်ဟစ်နောက်ပြောင်နေတော့သည်။

အနော်ဇာ့ အသံကျယ်ကျယ်ကို စိတ်ညစ်ရင်း နီတွဒ်လည်း အိမ်ရှေ့ရောက်ကော မေမေ အိမ်ထဲက ထွက်လာကာ ...

"သားရေ ... နီတွဒ်၊ ဘော်ဘော်တို့အိမ်ကို အမြန်လိုက်သွားစမ်း"

"ခင်ဗျာ ... ဘော်ဘော်တို့အိမ်"





"အေးလေ ... ဘော်ဘော့်အမေ အတော်နေမကောင်းဖြစ်နေတယ်တဲ့၊ သားလိုက်သွားပြီး လိုတာရှိ အားလုံးလုပ်ပေးလိုက်၊ ဆေးရုံတွေ ဘာတွေ တင်စရာရှိလဲ တင်ပြုပေးပြီးသား သေချာစောင့်ပေး၊ ဟိုက သားအမိနှစ်ယောက်တည်း မလုပ်တတ် မကိုင်တတ်နဲ့ ငွေလည်း လုံလုံလောက်လောက်ယူသွား၊ အရေးပေါ် လိုတာမှန်သမျှ ကိုယ်ပဲစိုက်ပေးလိုက်"

"ဘော်ဘော်"

တစ်ခါမှ မကြားဘူးသည့် နာမည်တစ်ခုမို့ အနော်ဇာက တီးတိုးလိုက်ပြီး ရေရွတ်ကြည့်ရင်း စိတ်ထဲ တစ်မျိုးကြီးပဲဖြစ်နေသည်။

နီတွဒ် ကိုယ်တိုင်လည်း အံ့သြနေတာပင်။ မေမေဟာ ဘော်ငွေစင့်ကို သိပ်တောင်သိသေးတာ မဟုတ်။ ဖေဖေ့သူငယ်ချင်းရဲ့သမီး၊ အဖေဆုံးသွားလို့ ဒုက္ခရောက်နေသည့် မိန်းကလေးတစ်ယောက်၊ ရောဂါသည် အမေကြီးကို ရှာဖွေကျွေးမွေးပြုစုစောင့်ရှောက်နေသည့် လိမ္မာသိတတ်သော သမီးတစ်ယောက်အဖြစ်နဲ့ပဲ သိထားတာ။



www.burmeseclassic.com

www.burmeseclassic.com



ဘော်ငွေစင့်အမေရဲ့ ကျန်းမာရေးကို သိထားပေမဲ့လည်း မေမေဟာ ထွေထွေထူးထူး ဂရုစိုက်လှတာတော့ မဟုတ်ပါ။ သူက ဆေးခန်းလိုက်ပြပေးခဲ့တယ်ဆိုလျှင် ဟုတ်လား၊ နေကောင်းရဲ့လား၊ ဒီလောက်ပဲ သတင်းမေးရုံ။

အခုမှ ဘာတွေ ဒီလောက် ပျာယာခတ်အောင် စိုးရိမ်တကြီး ဖြစ်ပြနေတာလဲ။ နောက်ပြီး ကိုယ်တိုင် အစအဆုံး လိုက်လုပ် စောင့်ရှောက်ပေးဖို့ရော၊ ပိုက်ဆံစိုက်ပေးထားဖို့ရော စုံတကာစေ့အောင် မှာနေသေးတာ။

ဖေဖေက ဒီလောက် ဖြစ်ပြနေတာဆိုလျှင် နီတွဒ်အတွက် မထူးဆန်းပေမဲ့ အရေးတကြီး ဖြစ်နေသူဟာ မေမေ ဖြစ်နေတာမို့ ထူးဆန်းအံ့သြဖွယ် ကောင်းနေရတာ။

"ဟုတ်ကဲ့ မေမေ၊ သား ရေချိုးပြီးရင် သွားလိုက်ပါ့မယ်"

"ရေက ဘာလို့ချိုးတော့မှာလဲ၊ ဟိုက အရေးကြီးပါတယ်ဆိုတာကို၊ ကိုယ်ရေချိုးလို့ တစ်ခုခု နောက်ကျသွားတော့ ကောင်းပါဦးမလား"

"အနော်ပါ လိုက်ခဲ့ပေးရမလားဟင်"





အနော်ဇာက မျက်နှ ငယ်ကလေးနဲ့ ဝင်မေးရှာသည်။ သနားစရာကောင်းလိုက်တဲ့ ကလေးမ။

"ရတယ်၊ အနော်က နေခဲ့ပါ၊ သံပရာရည်ကို အကြွေးမှတ်ထားလိုက်၊ ငါ ပြန်လာမှ တိုက်မယ်နော်"

"သမီး အနော်က ပြန်ချင်ပြန်လိုက်တော့လေ၊ သားကအခု သွားမှရမှာ"

အိမ်မှာ ထမင်းစားမယ်လို့ ပြောထားတာကိုတောင်မှ မသိဟန်ဆောင်ကာ ပြန်ခိုင်းလိုက်သေးသည်။ တော်ပါသေးရဲ့။ အနော်က မသိနားမလည်စွာ ပြန်သွားရှာပေလို့။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲကနေ အပြင်းမောင်းထွက်သွားသော နီတွဒ်ရဲ့ကားလေးကို ငေးကြည့်ရင်း အနော်ဇာက ဘာရယ်ကြောင့်မှန်းမသိ ဝမ်းနည်းသွားမိသည်။

ဗိုက်ထဲကလည်း ဆာလိုက်တာ။

ဒီနေ့ အိမ်မှာ ဟင်းမကောင်းလို့ နီတွဒ်နဲ့အတူ စက်ဘီးထွက်စီးပြီး အပြန်ကျလျှင် သူတို့အိမ်မှာပဲ ဝင်စားလိုက်တော့ဖို့ အနော်ဇာက စိတ်ကူးထားခဲ့တာပါ။ တကယ်လို့ နီတွဒ်တို့အိမ်ကဟင်းကပါ မကောင်းဘူးဆိုလည်း နှစ်ယောက်သား အပြင်ထွက်ပြီး တစ်ခုခု စားကြမယ်ပေါ့။





အခုတော့ဖြင့် နီတွဒ်က အပြင်ထွက်သွားခဲ့ပြီ။ သူ အပြင်ထွက်သွားသည့် အကြောင်းကလည်း တခြားမိန်းကလေးတစ်ယောက်ရဲ့ အမေ နေမကောင်းတာကို သွားကူညီစောင့်ရှောက်ဖို့တဲ့။

အန်တီမွန်ကလည်း အိမ်ပြန်ဖို့ အတင်းတိုက်တွန်းလိုက်သေးသည်။ ထမင်းစားပါမယ်လို့ သေချာပေါက် ပြောထားသူ တစ်ယောက်ကို ပြန်တော့ဆိုကတည်းက "ထမင်းမကျွေးနိုင်ဘူး"လို့ ငြင်းပယ်လိုက်တာနဲ့ အတူတူပဲ မဟုတ်လား။

ဒီမှာတင် အန်တီမွန့် သဘောထားက ပေါ်လွင်နေပြီ။ အန်တီမွန်ဟာ သူ့သားနဲ့ အနော်ဇာတို့ရဲ့ ရင်းနှီးပတ်သက်မှုကို မလိုလားတော့တာ၊ တဖြည်းဖြည်း ဖြတ်တောက်ပစ်ချင်နေတာ။

ဟိုးအရင်ကတည်းက သတိထားမိခဲ့ပေမဲ့ ခုနောက်ပိုင်း (နီတွဒ်နဲ့ ချစ်သူတွေ ဖြစ်သွားကြပြီးသည့် နောက်ပိုင်း) အနော်ဇာက သူတို့အိမ်ဘက်ကို ပိုပြီးအကူးအသန်း များလာတာ နီတွဒ်နဲ့အတူ သွားတာလာတာတွေလည်း ပိုများလာသည့် အချိန်



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ အန်တီမွန့်ဘက်က တင်းမာမှုကလည်း ပိုပြီးသိသာလာတော့တာ။

ဒီနေ့အတွက်တော့ အပြင်စာလည်း တစ်ယောက်တည်း ထွက်မစားချင်၊ အိမ်မှာ ကိုယ့်အတွက် ချက်ထားသည့် ဘဲဥကြော်လည်း မစားချင်တာနဲ့ပဲ အနော်ဇာတို့ ဗိုက်ဟောင်းလောင်းနဲ့ ဝင်ခံပေတော့။

ဗိုက်ဆာတာက အကြောင်းမဟုတ်။ ရင်ထဲက နာတာကသာ အကြောင်း။ ကိုယ့်ချစ်သူကို တခြားမိန်းမတစ်ယောက်အတွက် လိုအပ်တာ သွားလုပ်ပေးစေဖို့ ယောက္ခမလောင်း ကိုယ်တိုင်က ကြည်ကြည်ဖြူဖြူ တိုက်တွန်းလွှတ်လိုက်တာကို လက်ပိုက်ကြည့်ပြီး ကျန်ခဲ့ရသည့် မိန်းကလေးတစ်ယောက်ရဲ့ အဖြစ်မှာ ဘယ်လောက်တောင် ဆိုးဝါးလိုက်သလဲလို့။

အိမ်ရှေ့လမ်းမပေါ်ကို မြင်နိုင်သော ဝရန်တာမှာ ထိုင်ပြီး နီတွဒ် ပြန်အလာကို ထိုင်စောင့်နေခဲ့တာ။ ညနေစောင်းသည်အထိ နီတွဒ်က ပြန်မလာ။





မျက်ရည်တွေက ဘယ်ကဘယ်လို ရောက်လာမှန်း မသိဘဲ ပါးပြင်ပေါ်သို့ တစိမ့်စိမ့် စီးကျလာခဲ့ပြီ။

အန်တီမွန့်လို သွေးသားရင်းချာသဖွယ် တရင်းတနှီး နေခဲ့သူတစ်ယောက်ကတောင် သူ့သားနဲ့ သဘောမတူနိုင်တော့ဘူးဆိုတော့ အနော့် အခြေအနေဟာ သိပ်ကြီး ဆိုးဝါးသွားခဲ့လို့လား။

ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် ထားခဲ့ပေမဲ့ အနော်ဇာက ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်ထိန်းသိမ်းခဲ့ပါသည်။ အနော်ဇာ တွဲခဲ့သမျှ ရည်းစားတွေဟာလည်း ဟော့ဟော့ရမ်းရမ်း၊ စည်းကမ်းမဲ့အစားထဲက မဟုတ်ခဲ့။ "ဒီမိန်းကလေးကတော့ ဘယ်သူနဲ့ ကြိုက်ခဲ့ဖူးတာလေ" လို့ မေးငေါ့ကဲ့ရဲ့ချင်စရာ လူမျိုးတွေ မဟုတ်ခဲ့။

ဒါပေမဲ့လည်း မိဘဆိုတာကတော့ ကိုယ့်သားကို ခြောက်ပစ်ကင်း သဲလဲစင် မိန်းကလေးမျိုးနဲ့ပဲ သဘောတူချင်မှာပေါ့လေ။ အနော်ဇာ့ကို သမီးရင်းတစ်ယောက်လို ချစ်နိုင်ပေမဲ့ ချွေးမတစ်ယောက်လိုတော့ သဘောမထားနိုင်သည့် အန်တီမွန့်ကိုလည်း နားလည်ပေးရမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ကိုယ့်ရဲ့မိုက်မဲမှုအတွက် ကိုယ့်ဘာသာပဲ ပြန်အပြစ်တင်ရတော့မှာပေါ့။

❖ ❖ ❖





"မကြည်ပြာ့ အခြေအနေက သိပ်တော့ အားရစရာမရှိလှဘူး ထင်တယ်နော် သား"

"ဟုတ်တယ် ဖေဖေ၊ ဘော်ဘော်လည်း သနားစရာပဲ၊ ငယ်ငယ်လေးနဲ့ အဖေမရှိဘဲ နေလာရတာ၊ အခုအမေကလည်း အခြေအနေ မကောင်းဘူးဆိုတော့ အရမ်းအားငယ်ရှာမှာ"

"အေး … အဲဒါပြောမလို့ သားရဲ့၊ တကယ်လို့များမပြောကောင်း မဆိုကောင်း မကြည်ပြာ မရှိတော့ရင် ဒီကလေးမလေး အားကိုးရာမဲ့သွားပြီ၊ ဝင်ငွေကတော့ သူကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ရှာနိုင်လို့ မဆိုးသေးဘူးပဲထား၊ နေဖို့ကျတော့ ခက်ပြီ၊ နဂိုနေတဲ့အိမ်က သူတို့အပိုင်ဖြစ်ပေမဲ့ အဖော်အလျော်မရှိဘဲ မိန်းကလေးတစ်ယောက်တည်းနေဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး”

“အမျိုးထဲက အဒေါ်အပျိုကြီးတို့ အစ်မဝမ်းကွဲ အပျိုကြီးတို့ မရှိဘူးလား၊ သူတို့ကို ခေါ်ထားလိုက်ပေါ့၊ ဒါမှမဟုတ်လည်း နီးနီးစပ်စပ် ဆွေမျိုးအိမ်တစ်အိမ်မှာနေပေါ့၊ အလကား မနေချင်ရင်လည်း စားစရိတ် နေစရိတ်ပေးပြီး နေလိုက်ပေါ့”

“ခက်တာက သူတို့တွေက ဆွေနည်းမျိုးနည်းကွ၊ ကိုအောင်ငွေကလည်း တစ်ဦးတည်းသောသား၊ မကြည်ပြာကလည်း ညီအစ်မနှစ်ယောက်တည်း ရှိတဲ့ဟာ၊ အစ်မကြီးက ကင်ဆာနဲ့ဆုံးသွားပြီ၊ ဒီတော့ ကျန်မယ်ဆိုရင်တောင် ဝမ်းကွဲတွေကပဲ စကျန်မယ်၊ တချို့ဝမ်းကွဲတွေကျတော့လည်း အနေဝေးမယ်၊ တချို့ကျတော့လည်း မိသားစုတစ်ပြုံကြီးနဲ့ သူတို့ဘာသာတောင် စားဝတ်နေရေး မပြေလည်တာ ရှိမယ်၊





တချို့ကျတော့ လူပိုလက်ခံနိုင်လောက်အောင် အိမ်ကမကျယ်ဘူး၊ မိန်းကလေးဆိုတော့လည်း ယောကျ်ားလေးတွေလို ခေါင်းဝင် ကိုယ်ဆန့် မဖြစ်ဘူးပေါ့ကွာ”

ဖေဖေ ဘာတွေ လာပြောနေတာပါလိမ့်။

ဘော်ငွေစင့်ကို နီတွဒ်က မသနားမဟုတ် သနားပါသည်။ သူမရဲ့ အခက်အခဲတွေကိုလည်း ကိုယ်ချင်းစာမိပါသည်။ ဒါပေမဲ့ ကိုယ်နဲ့ တိုက်ရိုက်သက်ဆိုင် ပတ်သက်တာမှ မဟုတ်တာ။ ကိုယ်က သူမနဲ့ ဆွေမျိုးသားချင်း တော်တာလည်းမဟုတ်။ သူမရဲ့ ဘဝရှေ့ရေးကို ဘယ်လိုလုပ်ပြီး ဝင်စီစဉ်ပေးလို့ရမှာလဲ။

“အဆောင်ကောင်းကောင်းရှာပြီး အပ်ထားပေးလိုက်ပေါ့ ဖေဖေရာ”

“ဒါကလည်း ပြောတော့သာ လွယ်တာ၊ အဆောင်ကောင်းကောင်း မင်းရှာမလား”

“ရှာမယ်လေ၊ ကျွန်တော့်ကို အချိန်နည်းနည်းတော့ပေး”

“သား … မင်းက ဘာတွေ ပြောနေတာလဲ၊ ဖေဖေပြောမဲ့ စကားကို လိုက်ပိတ်နေတာလား”



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာ၊ ဖေဖေကလည်း ဖေဖေ ဘာပြောမယ်မှန်း တောင် မသိဘဲနဲ့ ကျွန်တော်က ဘာကိုလိုက်ပိတ်ရမှာလဲ"

သူတို့ သားအဖနှစ်ယောက် သောက်ဖို့ သံပရာရည် နှစ်ခွက် ဖျော်ယူလာသော မေမေက ဖျော်ရည်ခွက်တွေကို ချပေး ရင်း အနားမှာ ဝင်ထိုင်သည်။

အရင်က နီတွဒ်တို့သားအဖ အလုပ်ကိစ္စ ဆွေးနွေး ကြပြီဆိုလျှင် မေမေဟာ ဘယ်တော့မှ အနားမလာတတ်။ တမင် တကာ ရှောင်ပေးတာမျိုး မဟုတ်ပေမဲ့ အလိုက်သိတတ်စွာ တသီးတသန့်ပဲ နေပေးတာပင်။

ဒီတစ်ခါ မေမေ စကားဝိုင်းမှာ ဝင်ထိုင်လိုက်ပြီ ဆိုကတည်းက သူလည်း ဝင်ပြောစရာရှိနေတာ သေချာသည်။

ထူးတော့ ထူးဆန်းသားပဲ။ ဒီတစ်ခါ ဘော်ငွေစင့် အမေကိစ္စမှာ မေမေဟာ စိတ်ပါလက်ပါ၊ လှိုက်လှိုက်လှဲလှဲ ဖြစ် နေတာ သိပ်တော့သဘာဝမကျ။

"ဖေဖေနဲ့ မေမေ့မှာ စိတ်ကူးတစ်ခု ရထားလို့ သား၊ အဲဒီစိတ်ကူးကို မကြည်ပြာကိုတောင် ပြောပြလိုက်သေး တယ်၊ သူကလည်း ဝမ်းသာအားရတွေ ဖြစ်လို့"





"ဘာလဲ ... ဘော်ဘော့ကို ခေါ်မွေးစားမလို့လား"

"အဲဒီသဘောမျိုးပဲ၊ ဒါပေမဲ့ မိန်းကလေးတစ်ယောက်ကို အသက်နှစ်ဆယ်ကျော်မှ ကောက်ပြီး မွေးစားတယ်ဆိုတာ မျိုးက သိပ်တော့ အဓိပ္ပာယ်မရှိဘူး၊ နောက်ပြီး အိမ်မှာက ရွယ်တူသားပျိုလေးတစ်ယောက် ရှိနေတော့ တစ်အိမ်ထဲ ထားဖို့ ပိုလို့တောင် မသင့်တော်ဘူး"

ဖေဖေနဲ့ မေမေရဲ့ ဆိုလိုရင်းကို နီတွဒ်က ခုထက် ထိ ဘယ်လိုမှ သဘောမပေါက်နိုင်သေးပါ။

"ဒီတော့ ဖေဖေတို့ စိတ်ကူးတာက သားနဲ့ဘော်ဘော့ကို အိမ်ထောင်ချပေးလိုက်ပြီး"

"ဘာ ... ဗျာ ... ဗျာ ... ဖေဖေ ဘယ်လို ပြောလိုက် တယ်"

လုံးဝထင်မှတ်မထားသော စကား။

သူ့မိဘတွေဟာ ဒီလိုစိတ်ကူးမျိုး ကူးတတ်ကြလိမ့် မယ်လို့ နီတွဒ်က လုံးဝမထင်ထားခဲ့တာပါ။ ဖေဖေရော မေမေပါ သားဖြစ်သူကို သိပ်ချစ်ကာ သိပ်တိုထွာတာ။ သူတို့ကစ,ပြီး အိမ်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ပြုရေးစကား ကမ်းလှမ်းဖို့ဝေးစွ မိန်းကလေးရှင်တွေဘက်က တစ်စွန်းတစ်စ စကားစ,လာလျှင်တောင်မှ လှလှပပလေး ရှောင်ထွက်သွားတတ်ကြတာ။

အခုတော့ ဖေဖေတို့ဟာ သူ့ကို ...။

"ဟုတ်တယ် ... ဒီအစီအစဉ်ဟာ သားအတွက်ရော ဘော်ဘော့် အတွက်ပါ အကောင်းဆုံး ဖြစ်လိမ့်မယ်လို့ ဖေဖေတော့ ထင်တာပဲ"

"မဟုတ်သေးပါဘူး ဖေဖေရာ၊ မိန်းကလေးတစ်ယောက် အားကိုးရာမဲ့နေတာနဲ့ပဲ သားက ကောက်ယူပြီး သူ့ပြဿနာ ကို ဖြေရှင်းပေးလိုက်ရရောလား၊ ဒါဆို အားကိုးရာမဲ့တဲ့ မိန်းကလေး သုံး,လေးယောက်လောက်သာ ပြိုင်တွေ့လို့ ... တော့ ဒုက္ခပဲ"

"စကားကို ပေါ့ပေါ့တန်တန် လုပ်မပစ်နဲ့သား၊ ဘော်ဘော် ဟာ ဖေဖေ့ အခင်ဆုံး သူငယ်ချင်းရဲ့သမီး၊ ဘော်ဘော့် အဖေ အောင်ငွေ့ရဲ့ ကျေးဇူးတွေ ဖေဖေမှာ ရှိခဲ့ဖူးတယ် သူ ဒုက္ခရောက်တဲ့ အချိန်မှာ ဖေဖေတို့ စောင့်ရှောက်ကြ...





မယ်၊ နောက်ပြီး ကလေးမ,လေးကလည်း တော်လိုက် လိမ္မာလိုက်၊ ဣန္ဒြေရှိလိုက်တာအလွန် တခြားဘာအကြောင်းမှ ထည့်မတွက်ဘူး ဆိုရင်တောင် သူလိုမိန်းကလေးမျိုး ဟာ ရွေးမတော်ချင်စရာ မိန်းကလေးမျိုးပဲ"

ပြဿနာကတော့ စ,လာပြီ။

ဖေဖေနဲ့ မေမေဟာ ဘာကြောင့်များ ဘော်ငွေစင့် ကိစ္စကို ရုပ်တရက်ကြီး ဖော်ထုတ်လာကြတာပါလိမ့်။

ခက်နေတာက ကျွန်တော့်မှာ ချစ်သူရှိတယ်ဆိုပြီး ထိုကိစ္စကို အပြတ်ငြင်းမပစ်နိုင်တာပင်။

အနော်ဇာရဲ့ သဘောထားက ဘယ်လိုရှိမယ်မသိ။ အမှန်အတိုင်း ဝန်ခံရလျှင် အနော်ဇာ့ကို နီတွဒ်က မယုံပါ။ ယောက်ျားလေးတစ်ယောက်ကို ချစ်လုပါချည်ရဲ့ပြောလိုက်၊ ခဏလေးနဲ့ ကွဲသွားလိုက်၊ ကွဲတုန်းခဏ သေလောက်အောင် ခံစားရသလို ပြောပြန်ကာ သိပ်မကြာခင်ဘဲ နောက်ထပ် ရည်းစားတစ်ယောက်ရပြီး ဖြစ်နေတတ်သော အနော်ဇာ့ကို နီတွဒ်က သိပ်မယုံနိုင်။



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ် အခြေအနေမှာ အနော်ဇာဟာ ထင်အောင်ဇော်နဲ့ အဆင်မပြေ ဖြစ်ထားသည်။ (ရည်းစားဖြစ်ပြီးမှ ပြတ်ကြ တောက်ကြတာ ဟုတ်ဟုတ်,မဟုတ်ဟုတ် ရည်ရွယ်သေချာထားပြီးသား အခြေအနေတစ်ခု ပျက်ပြားခဲ့ရတာပဲ)။ အဲဒီအတွက် စိတ်လေနေခိုက်မှာ သူမ ငယ်ငယ်လေးတည်းက နက်နက်ရှိုင်းရှိုင်း သံယောဇဉ်တွယ်ခဲ့ရသော နီတွဒ်က သူမကိုချစ်နေတာကို သိသွားသည်။

ကဲ … လူတစ်ယောက်ဟာ စိတ်ထိခိုက် လေလွင့်နေချိန်မှာ အသစ်အဆန်း အပြောင်းအလဲတစ်ခုကို တွေ့လျှင် ထိုအပြောင်းအလဲနောက် ကောက်ကောက်ပါမသွားနိုင်ပေဘူးလား။

အနော်ဇာ့ ရင်ထဲမှာ နီတွဒ် အပေါ် နဂိုရှိရင်းစွဲ သံယောဇဉ်အပြင် "ငါ့အပေါ် ဒီလောက်ချစ်ရှာတယ်"ဆိုသည့် သနားစိတ်ကလေးကပါ စွက်လိုက်သောအခါ ယာယီအချစ်တစ်ခု ပေါ်ပေါက်မလာနိုင်ပေဘူးလား။

ထိုအချစ်ဟာ ထာဝရ တည်တံ့ခိုင်မြဲပါ့မည်လို့ နီတွဒ်က ဘယ်လိုမှ အာမ,မခံနိုင်ချေ။ ပြီးတော့ ဘဝတစ်သက်





စာ လက်တွဲသွားနိုင်လောက်အောင် အင်အားကောင်းပါမည်ရယ်လို့လည်း မယုံကြည်နိုင်ပေ။

ဒီတော့ ကိုယ့်ဘက်က သေချာ ပိုင်နိုင်ပြီ ဆိုပြီး ကျွန်တော့်မှာ ချစ်သူရှိပါတယ်၊ အနော်ဇာ ပါပဲလို့ ပြောမပြရဲ။ အနော်ဇာ့ကို သမီးရင်းတစ်ယောက်လို ချစ်သောဖေဖေနဲ့ မေမေဟာ မဆိုင်းမတွ သဘောတူလိုက်ကြမှာ သေချာသည်။ သူတို့သဘောတူပြီးသွားလို့ အနော်ဇာ့ကို အကြောင်းစုံ ပြောပြတော့မှ ဟိုက ငါ နင့်ကို တကယ်ချစ်တာ မဟုတ်ပါဘူး၊ သူငယ်ချင်း သံယောဇဉ်နဲ့မို့ စိတ်ကစားမိတာပါ၊ တကယ်လက်ထပ်ဖို့အထိ မရည်ရွယ်ပါဘူးလို့ ငြင်းလွှတ်လိုက်သော်။

နီတွဒ်က ခေါင်းကို ခပ်ဖြည်းဖြည်း ခါယမ်းလိုက်မိသည်။

မဖြစ်သေးပါဘူး။ ဒီကိစ္စ ပြောပြလို့ကို မဖြစ်။ အနော်ဇာနဲ့ တွေ့ပြီး၊ သေသေချာချာ ဆွေးနွေးတိုင်ပင်ပြီးတာတောင် သူမ စိတ်ပြောင်းဖို့ အချိန်ပေးပြီး စောင့်ကြည့်ရဦးမည်။ စောင့်ကြည့်ပြီး သေချာပြီဆိုမှ လူကြီးတွေကို ဖွင့်ဟအသိပေးရမှာ။



www.burmeseclassic.com

www.burmeseclassic.com



"သားအနေနဲ့ ဘာမှ စဉ်းစားနေစရာ မလိုပါဘူး၊ ပိုက်ဆံမချမ်းသာတာကလွဲလို့ ဘာမှ အပြစ်ပြောစရာမရှိတဲ့ မိန်းကလေးတစ်ယောက်ကို ရမှာ၊ ဒီခေတ်ထဲမှာ တစ်ခါမှ ရည်းစားမထားဘူးတဲ့ မိန်းကလေးကို ရတယ်ဆိုရင်ပဲ ဝမ်းသာဖို့ ကောင်းလှပြီဟဲ့"

ပြောပြောဆိုဆို စကားလမ်းကြောင်းပိတ်ကာ ထ, ထွက်သွားသော မေမေ့ကို ငေးကြည့်ရင်း နီတွဒ် ရင်ထဲ လေးလံမွန်းကျပ်လို့ ကျန်ခဲ့လေသည်။





အနော်ဇာ့ကို အိမ်ကလူကြီးတွေက ဘော်ငွေစင်နှင့် စီစဉ်သည့်ကိစ္စ ဘယ်လိုအသိပေးရမလဲ ဆိုတာ စဉ်းစားရင်း နီတွဒ် အတော်ကြာအောင် ခေါင်းခြောက်ခဲ့ရပါသေးသည်။

သို့သော် လွယ်ချင်တော့ ထိုကိစ္စကို သူ ပြောပြစရာ မလိုဘဲနှင့် အနော်ဇာက ကြိုသိနေလေသည်။

အံ့တော့ဖြင့် အံ့သြစရာ။ မနေ့တစ်နေ့ကမှ သူတို့ မိသားစုသုံးယောက်ကြားထဲ အသစ်ပေါ်ပေါက်လာသည့် သတင်း တစ်ခုကို အနော်ဇာက ဘာကြောင့်များ ဒီလောက် လျင်လျင်မြန် မြန်ကြီး သိသွားရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ ... အန်တီမွန်က နင့်ကို ဟိုသဘော်ဥသြသံနဲ့ တူတဲ့ နာမည်မျိုးနဲ့ ကောင်မလေးနဲ့ ပေးစားတော့မလို့ မဟုတ်လား"

သဘော်ဥသြသံနဲ့ တူတဲ့နာမည်။ အဲ ... သိပြီ။ ဘော်ဘော့ကို ပြောတာ။

နီတွဒ်က ဘာမှပြန်မဖြေဖြစ်သေးဘဲ မျက်မှောင်ကြုတ်ကာနေသည်။ ဒီသတင်း ဘာကြောင့် အနော်ဇာ့ဆီ မြန်မြန်ဆန်ဆန် ခုန်ထွက်ရောက်ရှိသွားရသလဲလို့ စဉ်းစားနေတာပင်။

"နင် ဘယ်လိုလုပ် သိလဲ"

"အဲဒီလို မေးကတည်းက ဟုတ်တယ်ဆိုတာ သေချာနေပြီ၊ သြော် ... ငါ နားကြားလွဲတာများလား၊ လာပြောတဲ့သူကိုက နားပင်းကိုးကားနဲ့ တုလွဲကြားလာတာများလားလို့ ဖော့တွေးထားသေးတာတွေ အမှန်ဖြစ်နေတာပေါ့လေ"

"မဟုတ်သေးပါဘူးဟာ၊ အသေအ ... ဘ်တာ၊ ... င်ကလည်း ..."





"ဘာလို့ အသေအချာ မဟုတ်ရမှာလဲ၊ အဖေရော အမေရောက ဒီလောက် သည်းသည်းလှုပ် ဖြစ်နေကြပြီဆိုကတည်းက တကယ်ဟုတ်လို့ပဲပေါ့"

"အေးလေ ... တကယ်စဉ်းစားကြတာတော့ ဟုတ်တယ်၊ ဒါပေမဲ့ စဉ်းစားတဲ့အဆင့်ပါပဲ၊ အလောသုံးဆယ်ကြီး ထ,လုပ်ဖို့တော့ မရှိသေးပါဘူး"

"ဘာလို့ မရှိရမှာလဲ၊ ဟိုဘက်က အမေကြီးကဖြင့် ဆေးရုံပေါ်မှာ နေ့သေမလား ညသေမလားဥစ္စာ၊ သူ့သမီးကို မြန်မြန်စိတ်ချသွားရအောင် စီစဉ်မှာပေါ့၊ ဒါမျိုးဆို ပိုတောင် မြန်မြန်ပြီးသွားတတ်ကြသေးတာ"

"နင်ကလည်းဟာ၊ သူများအမေကို အဲဒီလိုကြီးတော့ သွားမပြောပါနဲ့"

"ဟဲ့ ... ငါက သေစေချင်လို့ ပြောနေတာ မဟုတ်ဘူးဟဲ့၊ ဖြစ်နိုင်ရင်လေ သူ့အမေကြီး မကျန်းမာ ဖြစ်နေရာကနေ ငေါက်ခနဲ ထ,ထိုင်ပြီး ဆေးရုံကို ဆယ်ပတ်လောက်တောင် ပတ်ပြေးနိုင်လောက်အောင် ကျန်းမာသွားစေချင်သေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားလက်ထက်က ဇီဝကဆေးဆရာနဲ့ တွေ့သလို ဘာရောဂါ အကြွင်းအကျန်မှ မကျန်ဘဲ ဒေါင်ဒေါင်မြည် ကောင်းသွားလိုက်စေချင်သေးတယ်၊ ဒါမှ ကျွန်မ သေသွားရင် ကျွန်မ သမီးလေးကို ဘယ်သူစောင့်ရှောက်ပါ့မလဲ၊ စိတ်မချနိုင်ပါဘူး ဆိုတာမျိုး ပြောလို့မရမှာ”

“နင်ကလည်းဟာ”

အနော်ဇာ တကယ် စိတ်ဆိုးနေသည် ဆိုတာ သိလိုက်ရတော့ နီတွဒ် အသံက ခပ်ဖျော့ဖျော့ကလေး ဖြစ်သွားသည်။

သူ တကယ်ပဲ စိတ်မကောင်းပါ။ မိန်းကလေးတစ်ယောက်အနေနဲ့ အခုကိစ္စမှာ ဘယ်လောက် အခံရခက်မည်ဆိုတာကိုလည်း နီတွဒ်က ရိပ်မိပါသည်။

“နင့်ကို အဲဒီအကြောင်းတွေ ဘယ်သူပြောပြလဲ”

“အပု ကြားလာတာ၊ အဲ ... ငါ့စိတ်ထင် ပြောရရင်တော့ နင်တို့မိသားစုဟာ ကိုယ့်အတွင်းရေးကို ကိုယ့်အိမ်ကအလုပ်သမားတွေ အကုန်သိ၊ အဲဒီကတစ်ဆင့် ခြံနီးနားချင်း





အလုပ်သမားတွေပါ သိပြီး ဘာမှ မဟုတ်ခင်ကတည်းက သတင်းပျံ့နေနှင့်လောက်အောင် စည်းကမ်းမရှိတဲ့ မိသားစုတော့ မဟုတ်လောက်ဘူး”

ဒါလည်း ဟုတ်တာပဲ။

သူတို့အိမ်မှာ အလုပ်သမားတွေကို နှိမ်ထားတာမျိုး၊ အဆင့်အတန်း ခွဲခြားဆက်ဆံတာမျိုး မရှိဘူး ဆိုပေမဲ့ သူ့စည်းကိုယ့်စည်း ခွဲထားတာတော့ ရှိပါသည်။ အိမ်ရှင်က ကိုယ့်အကြောင်းကိစ္စမှန်သမျှ အလုပ်သမားတွေကို ပေးမသိစေသလို အိမ်က အလုပ်သမားတွေကလည်း အိမ်ရှင်ကိစ္စကို အတင်းလိုက်စပ်စုတာမျိုး၊ ပြန်ပြီး သတင်းဖြန့်တာမျိုး မလုပ်တတ်ပါ။

ဒါဆိုရင် သူတို့မိသားစုသုံးယောက်ထဲ သီးသန့်တိုင်ပင်ဆွေးနွေးထားသော ကိစ္စတစ်ခုဟာ နှစ်ရက်အတွင်း အိမ်ဒေ ခြံအထိ ပေါက်ရောက်သွားရတာ ဘာကြောင့်များလဲ။

“ရှင်းရှင်းလေးပဲနော်၊ ဒေါ်ကြီးမအုန်းက အပုကို တမင်ခေါ်ပြောတာ၊ အဲ ... ဒေါ်ကြီးမအုန်း သိနေတယ်ဆိုတာလည်း သူ့ဘာသာ စပ်စုလို့ ချောင်းမြောင်းနားထောင်ပြီး

www.burmeseclassic.com



သိထားတာမျိုးထက် တကူးတက ပြန်ပြောမဲ့သူရှိလို့သာ သိထားတာပဲ ပိုဖြစ်နိုင်တယ်"

"နင်ကလည်းဟာ၊ စုံထောက်တွေး လျှောက်တွေးနေပြန်ပါပြီ၊ အလကား ခေါင်းရှုပ်ခံလို့"

"အလကားမဟုတ်ဘူး နီတွဒ်၊ ငါ့ချစ်သူ တစ်ယောက်လုံး တခြားမိန်းမနဲ့ ယူတော့မဲ့ ကိစ္စဟာ ငါ့အတွက် အလကား ကိစ္စလား၊ တစ်ဖက်က သဘောထားကို သေချာမတွက်ချက်ဘဲ နေလို့ရမလား"

"မယူပါဘူးဟာ"

စွတ်သာ ငြင်းနေရသော်လည်း ဒီကိစ္စ မေမေ သတင်းဖြန့်လိုက်ပြီ ဆိုတာကိုတော့ အနော်ဇာ သဘောပေါက်သလို နီတွဒ်ကလည်း သဘောပေါက်သားပင်။

အနော်ဇာ့ အပေါ် မေမေ ဘယ်လိုသဘောထားသည် ဆိုတာ နီတွဒ်က သဘောပေါက်ပါသည်။ ဘော်ဒွေစင့် အပေါ် လူမှုရေးအရ စေတနာထားကြတာ၊ စောင့်ရှောက် ကူညီပေးချင်ကြတာ မှန်သော်လည်း ကိုယ့်သားနဲ့ အလောတကြီး ထိုးပေးစားဖို့





အထိ စိတ်ကူးဖြစ်ကြတာဟာလည်း အနော်ဇာ့ ကိစ္စနဲ့ ပတ်သက်နေသည်ဆိုတာ နားလည်ပြီးသား။

ဒီကိစ္စ ကိုယ့်အိမ်တွင်းမှာပဲ ကျိတ်မလုပ်ဘဲ တစ်ဖက်မိန်းကလေး သိသွားအောင် (တမင်တကာ သိအောင် လုပ်လိုက်သည် ဆိုတာလည်း ထင်ရှားစေရအောင်) ဖန်တီးတာကတော့ သိပ်မကောင်းဘူး ထင်သည်။

အနော်ဇာ ဆိုတာကလည်း တခြားသူမှ မဟုတ်တာ။ မေမေ့ အရင်းနှီးဆုံး သူငယ်ချင်းရဲ့သမီး။ ငယ်ငယ်လေးတည်းက မိသားစုဝင် တစ်ယောက်လို နေလာတဲ့သူ။ ထောက်ထားစရာတွေ ဒီလောက်များတာ။ မေမေ ခုလောက်အထိ လုပ်ရက်ဖို့တော့ မသင့်ဘူးပေါ့။

"မယူဘူးဆိုလည်း ငြင်းပါတော့လား၊ ကျွန်တော့်မှာ ချစ်သူ ရှိပြီးသားပါ၊ အနော်ဇာ ပါလို့ ဖွင့်ပြောလိုက်ပါတော့လား"

အနော်ဇာက စိတ်တိုပြီး လက်ပါ၊ ပါလာကာ နီတွဒ် ပခုံးကို တဆတ်ဆတ် ဆွဲလှုပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် မပြောဘူး မဟုတ်လားဟင်၊ ငါနဲ့ နင်နဲ့ အကြောင်းကို မပြောရဲဘူး မဟုတ်လား"

"မပြောရဲစရာ အကြောင်းမှ မရှိတာ၊ နင့်ကလည်း ငါတို့ မိသားစုဝင်လို ဖြစ်နေတာပဲ၊ ငါသာပြောလိုက်ရင် မေမေက ဝမ်းသာအားရ သဘောတူမှာပါ၊ ငါက မပြောလို့သာ မေမေက တခြားစိတ်ကူးတွေ ရလာတာ"

"မထူးဘူး နီတွဒ်၊ နင် ပြောလိုက်လို့လည်း အန်တီမွန် စိတ်ကူးပြောင်းသွားမယ် မထင်နဲ့၊ ဒီစိတ်ကူး ရလာတာကိုက ငါ့ကြောင့် ဖြစ်လာရတာ၊ ငါ သိတယ်"

"မဟုတ် ..."

"ဒါဖြင့် နင့်မိဘတွေက မိန်းကလေးတစ်ယောက် မိဘမဲ့သွားတာကို စောင့်ရှောက်ချင်တာနဲ့ပဲ သူတို့သားနဲ့ ထိုးပေးစားလောက်အောင် ရက်ရောတဲ့ သူတွေလား"

"ကောင်မလေး အဖေက ငါ့အဖေနဲ့ အရမ်းခင်တဲ့ သူငယ်ချင်းမို့လို့၊ ပြီးတော့ ကောင်မလေးကလည်း လိမ်လိမ်မာမာ ဣန္ဒြေရှိရှိ ..."





"အဲဒါ အဓိကပဲ၊ သူ့အကျင့်စရိုက်ကို သဘောကျလို့ ငါ့ လက်ကလွတ်အောင်ဆိုပြီး အမြန်စီစဉ်တာ၊ မဟုတ်ရင် သူငယ်ချင်းရဲ့ သမီးကို စောင့်ရှောက်ဖို့ နည်းလမ်းတွေ အများကြီး ရှိပါတယ်ဟယ်"

အနော်ဇာ့ မျက်နှာလေးက နာကြည်းခံခက်မှုတွေရော၊ ဝမ်းနည်းကြေကွဲခြင်းတွေရော ပေါင်းစပ်ကာ မွမွကလေး အက်ကွဲနေသလိုတောင် ထင်ရသည်။

"မှန်မှန်ပြောစမ်း၊ နင်နဲ့ ငါနဲ့ ကိစ္စကို အန်တီမွန် သိသွားပြီးပြီ မဟုတ်လား၊ အဲဒါကြောင့် ဟိုတစ်ယောက်နဲ့ အမြန် စီစဉ်တာ မဟုတ်လား"

"အာ ... မဟုတ်ပါဘူးလို့ဆို၊ ဒါတော့ တကယ်၊ မေမေ့ကို ငါ ဖွင့်မှ မပြောရသေးတာ"

"ဒါဆို ဘာဖြစ်လို့ ဖွင့်မပြောသေးတာလဲ၊ နင် ပြောသလိုဆို ငါတို့အကြောင်း ပြောလိုက်ရင် ဝမ်းသာအားရ သဘောတူသွားမှာဆို၊ ပြောလိုက်ပါတော့လား"

"ဟို ..."



www.burmeseclassic.com

www.burmeseclassic.com



"နင့်မှာ ဘာအခက်အခဲတွေ ရှိနေလဲ"

မဖြစ်တော့ပါဘူး။ ဒီအတိုင်း ဆက်ထားလျှင် အနော်ဇာက မေမေ့အပေါ်ပဲ သံသယဝင်မည်။ သူ ဘာမှပြော ထားသေးပါဘူး ဆိုတာ အနော်ဇာ သိအောင်တော့ ပြောမှဖြစ်မည်။

"ငါတို့အကြောင်း တကယ် မပြောရသေးတာပါ"

"ဒါဆို ဘာလို့မပြောရသေးတာလဲ"

"မသေချာသေးလို့"

"ဘာ ... ဘာမသေချာတာလဲ၊ နင် ငါ့ကိုချစ်တယ်၊ လက်ထပ်ဖို့ ရည်ရွယ်ထားတယ်ဆိုတာ မသေချာတာလား"

"ငါ နင့်ကို ချစ်တယ်ဆိုတာက ဘာမှ မသေချာစရာမရှိဘူး။ ဟိုလေ ...ငါ မသေချာတာက နင့် ... နင့်ဘက်ကို"

"ဘာရယ်"

အနော်ဇာ့ အော်သံက ကျယ်လောင်လွန်းလှတာမို့ နီတွဒ်ပင် ယောင်ယမ်းပြီး မျက်နှာကို နောက်ဆုတ်လိုက်မိသည်။





"နင် ငါ့ကို တကယ်လက်ထပ်မှာ ဟုတ်,မဟုတ်ဆိုတာ ငါ သေချာမပြောရဲဘူး"

"သြော် ... လက်စသတ်တော့ နင်ကလည်း ငါ့ကို အထင်သေးတဲ့ မယုံကြည်တဲ့သူ စာရင်းထဲမှာ ပါတာပဲလား၊ ငါ ရည်းစားများခဲ့ဖူးလို့ ပေါ့ပေါ့တန်တန် မိန်းကလေးတစ်ယောက်၊ အထင်မကြီးထိုက်တဲ့ သူတစ်ယောက်လို့ နင်က သတ်မှတ်လိုက်တာပေါ့လေ"

"အဲဒီလိုတော့ မဟုတ်ပါဘူးဟာ၊ ဒါပေမဲ့ နင်နဲ့ ငါနဲ့ ကြားက ထားခဲ့တဲ့ သံယောဇဉ်ကြောင့် ငါက နင့်ကိုချစ်နေမှန်းလည်း သိရော နင်က သနားပြီး ပြန်ကြိုက်လိုက်မိတာမျိုး ဖြစ်သွားမှာစိုးလို့၊ တကယ်တမ်း လက်ထပ်ဖို့ အထိ ဖြစ်လာကြမှ နင့်စိတ်ထဲ ငါ့ကို သူငယ်ချင်းအဆင့်ထက် မပိုနိုင်ဘူးလို့ သိလာရရင် နင်ပဲ စိတ်ဆင်းရဲရမယ် မဟုတ်လား"

အနော်ဇာက နီတွဒ်ကို ကြေကွဲစွာ စိုက်ကြည့်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အန့်တီမွန့်ရဲ့ သဘောထားကို သိရတုန်းက၊ နီတွဒ်ကို တခြားမိန်းကလေးတစ်ယောက်နဲ့ စီစဉ်နေတာကို သိရတုန်းက အက်ကြောင်းထင်ရုံသာ ထင်ခဲ့သော အနော်ဇာ့ အသည်းနှလုံးဟာ အခုတော့ ခွပ်ခနဲ ကွဲပြီ။

လက်စသတ်တော့ ကိုယ့်ရဲ့အရင်းနှီးဆုံး သူငယ်ချင်း၊ ကိုယ့်ရဲ့ချစ်သူအရင်းခေါက်ခေါက် တစ်ယောက်ပါ သူများစကားကို ယုံစားပြီး အနော်ဇာ့ အပေါ်တော့ စိတ်မချဝံ့တဲ့သူ တစ်ယောက် ဖြစ်နေပါပေါ့လား။

"စိတ်မဆိုးပါနဲ့ဟာ"

"ငါ စိတ်မဆိုးပါဘူး၊ ငါ အားလုံးကို သဘောပေါက်သွားပါပြီ၊ နင်ကိုယ်တိုင်ကမှ ငါ့ဘက်မှာ မရှိတော့တာပဲ"

"ငါက နင့်ကို တကယ်ချစ်တာပါ"

"ဒါပေမဲ့ နင် ငါ့ကို မယုံဘူးလေ၊ အဲဒါဟာ ငါ့အတွက် အကြီးကျယ်ဆုံး ဆုံးရှုံးမှုကြီးပဲ"

"ဟိုလေ ... ငါက ..."





"တော်တော့ နီတွဒ်၊ နင် ဘာမှထပ်ရှင်းပြစရာ မလိုလောက်အောင် ငါသဘောပေါက်သွားပြီ"

အနော်ဇာက အောက်နှုတ်ခမ်းလေးကို ခပ်ဖိဖိကိုက်ကာ နီတွဒ်နားက အပြေးလေး ထွက်ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းအိမ်မှာ သီဝေ့နေသည့် မျက်ရည်စတွေကို ပြုတ်မကျအောင် ကြိုးစားထိန်းချုပ်ထားနိုင်သော်လည်း ညှိုးငယ်ဖျော့တော့လှသော မျက်နှာလေးကိုကား ဘယ်လိုမှ မဖုံးကွယ်နိုင်။

အခုလို အချိန်မျိုးမှာ ဘော်ငွေစင် တစ်ယောက် ဘယ်လောက်တောင် စိတ်ထိခိုက် ကြေကွဲနေရမလဲ၊ နီတွဒ်က တွေးတောင်မှ မတွေးရဲချေ။

ရှားရှားပါးပါး သုံးယောက်ထဲရှိသည့် မိသားစုကလေးမှာမှ အဖေတစ်ယောက်ကို စွန့်လွှတ်ခဲ့ရပြီးပြီ။ အခု အမေကိုပါ





စွန့်လွှတ်လိုက်ရပြီ ဆိုတော့ အသက်နှစ်ခါယ့်တစ်နှစ်သာ ရှိသေးသော မိန်းကလေးတစ်ယောက်အတွက် အလွန်ဆိုးဝါးသည့် တိုက်ခိုက်ထိုးနှက်မှုကြီး ဖြစ်နေတော့မှာပင်။

ဒါတောင်မှ ဘော်ငွေစင်က မငိုဖို့ ကြိုးစားနေလိုက်သေးသည်။ သဘောကတော့ လောကကြီးထဲမှာ သူမတစ်ယောက်တည်းသာ ကျန်ခဲ့ပြီမို့ ဝမ်းနည်းအားငယ်နေလို့ မဖြစ်တော့ဘူး ဆိုသည့်သဘော။

"သမီး ... စိတ်ကို တင်းမထားနဲ့၊ ပိုပင်ပန်းတယ်၊ ငိုချင်ရင် ငိုသာချလိုက်"

ဖေဖေက အားပေးနေသည်။ နီတွဒ်ကတော့ ဘော်ငွေစင့်ကို အားပေးချင်သည့်တိုင် သိပ်မကြာသေးခင်က လူကြီးတွေ ပြောဆိုတိုင်ပင်ထားကြသည့် စကားတွေကြောင့် အနားသိပ်မကပ်ရဲ။

ဒေါ်ကြည်ပြာ မဆုံးခင်ကလေးမှာ ဖေဖေနဲ့မေမေက ကတိတွေ အထပ်ထပ် ပေးလိုက်ကြသည် ထင်ပါရဲ့။ နီတွဒ်က

www.burmeseclassic.com



တော့ လူနာကို အနီးကပ်တောင် ဝင်မကြည့်ဖြစ်တော့ဘဲ အဝေးကသာ လိုသမျှ လုပ်ပေးနေဖြစ်တော့တာမို့ လူကြီးတွေ ဘာစကားပြောကြဆိုကြသလဲ ဆိုတာ မသိတော့။

ဘာပဲဖြစ်ဖြစ် သူဟာ ကျုံးသွင်းခံရသော ဆင်တစ်ကောင်လို တဖြည်းဖြည်းနဲ့ လွတ်မြောက်ဖို့ ခဲယဉ်းပြီး ပို၍ ပို၍ ကျဉ်းမြောင်းသော နေရာဆီ ရောက်ရောက်လာခဲ့ပြီ ဆိုတာကိုတော့ သိနေသည်။

အနော်ဇာကလည်း အတွေ့မခံဘဲ ရှောင်နေတာကြာပြီ။ ထိုရှက်ခွဲအက်လွယ်လှသော အနော့်ရဲ့စိတ်ကလေး ဘယ်လောက် ပွန်းပဲ့အက်ရှသွားလိမ့်မည် ဆိုတာကိုတော့ နီတွဒ်က မှန်းဆမိပါသည်။

အရင်ကတော့ သူ့ရည်းစားတွေနဲ့ အဆင်မပြေဖြစ်တိုင်း အနော်ဇာက နီတွဒ်ကို ရင်ဖွင့်နေကျ။ နီတွဒ်ကို ပြောပြလိုက်ပြီးလျှင်ပဲ သူမမှာ ရှိနေသည့် ဝေဒနာတွေအားလုံး ပေးပစ်လိုက်သလို ပေါ့ပါးပျောက်ကင်းသွားတတ်မြဲ။





ဒီတစ်ခါတော့ အနော်ဇာ့ကို ဝေဒနာပေးသည့်သူဟာ နီတွဒ် ကိုယ်တိုင် ဖြစ်နေသည်။ ကဲ ... သနားစရာကောင်းတဲ့ အနော်ဇာလေးတစ်ယောက် ဘယ်သူ့ဆီ သွားရင်ဖွင့်ပြီးတော့များ ဝေဒနာကို ထွက်ပေါက်ပေးရှာမလဲ။

"သား ... ဘော်ဘော့်ကို တွဲခေါ်ခဲ့လိုက်၊ ဖေဖေက သား မေမေ့ကို တွဲရဦးမှာမို့"

ကောင်းလိုက်တဲ့ အမိန့်တော်ပါပဲဗျာ။ ဘော်ငွေစင့်ကို တွဲခေါ်ရမတဲ့။

ဒါမျိုးဟာ မိန်းမသားအချင်းချင်း လုပ်ရသည့်အလုပ်မျိုးပါ။ သူလို ယောကျ်ားတစ်ယောက်က၊ သူစိမ်းပြင်ပြင်ကြီးက မိန်းကလေးတစ်ယောက်ကို ဖေးမတွဲခေါ်ရမည်ဆိုတော့ ဒါဟာ သိပ်ကို ကြောင်ကျလွန်းသည့် စေခိုင်းချက်ပဲ ဖြစ်မနေပေဘူးလား။

"ရတယ် ဆရာ၊ ဘော်ဘော် ကိုယ့်ဘာသာ လျှောက်နိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘေးကနေ ဖေးပဲဖေးမ,ရမလို၊ ခပ်တည်တည်ပဲ ဆက်လျှောက်ရတော့မလို အနေရ အထိုင်ရ ခက်နေသော နီဘွဒ်ကို ဘော်ငွေစင်က တားလိုက်တာပင်။ သူမ ခများလည်း အနေခက်ရှာမှာပေါ့။

သို့သော် အိမ်အပြန် လိုက်ပို့ပေးဖို့ကျတော့ ရှောင်လွှဲလို့ မရပြန်ချေ။

"သား ... ဘော်ဘော့်ကို အိမ်ပြန်ပို့လိုက်၊ သူတို့ခေါင်းရင်းအိမ်က အမျိုးသမီးကြီး ဒီနေ့ လာစောင့်အိပ်ပေးမယ်ပြောတယ်၊ အဲဒါ သူ ရောက်မလာမချင်း စောင့်ပေးလိုက်"

အမိန့်တွေကတော့ တစ်ခုပြီး တစ်ခုပါပဲ။ ဒီလိုအခြေအနေမှာ ကျွန်တော် မလုပ်နိုင်ဘူးလို့ ငြင်းဖို့ရာလည်း ခပ်ခက်ခက်ဆိုတော့ နီတွဒ် တစ်ယောက် ဘော်ငွေစင့်ကိုတင်ပြီး အိမ်ပြန်ပို့ပေးဖို့ပဲ ရှိတော့တာပေါ့။

တစ်လမ်းလုံး ကိုယ့်အတွေးနဲ့ကိုယ် တိတ်ဆိတ်လာခဲ့ကြပါသည်။ ဘော်ငွေစင်ကတော့ ဝဲဝဲတက်လာသည့် မျက်ရည်တွေကို ကျိတ်ကာ ကျိတ်ကာ သုတ်ရင်း။ နီတွဒ်ကတော့ သူမကို နှစ်သိမ့်ရကောင်းမလား၊ ဒီအတိုင်း လွှတ်ထားရမလားလို့ ဝေခွဲမရစွာ စောင်းတငဲ့ငဲ့ ကြည့်ရင်း။

ထိုမြင်ကွင်းကိုမှ ဖြတ်သွားသော ကားတစ်စင်းထဲက အနော်ဇာက မြင်ဖြစ်အောင် မြင်လိုက်ရသေးလေသည်။

❦ ✲ ❦






www.burmeseclassic.com

www.burmeseclassic.com



အခန်းရှေ့ မှန်ပြတင်းဆီသို့ တစ်စုံတစ်ရာ လာရောက်ထိမှန်သည့်အသံ ဒေါက်ခနဲ ကြားလိုက်ရတာမို့ စိတ်ညစ်ညစ်နဲ့ မှိုင်တွေနေသော နီဝွဒ်က အလန့်တကြား ထ,ထိုင်ငေါက်မိသည်။

ထင်သည့်အတိုင်းပါပဲ။ ဟိုဘက် ဝရန်တာမှာ ဖြူဖြူအရိပ်ကလေး။

အနော်ဇာပဲပေါ့။

နီတွဒ်က ဟဲန်းဖုန်းကို ခပ်မြန်မြန် ကောက်ယူကာ ဝရန်တာဆီ ထွက်လိုက်တယ် ဆိုရင်ပဲ ဖုန်းသံက မြည်လာခဲ့သည်။





"ငါ ဆက်မလို့ပါ အနော်ရ"

"အရင်က ထုံးစံတွေ မေ့လိုက်ပါတော့ဟာ၊ ငါတို့အခြေအနေတွေက တူမှမတူတော့တာ၊ ငါ့ဘဝက အခုဆို မျက်နှာငယ်ရတဲ့ အပိုင်းကို ရောက်နေပါပြီ"

"စိတ်ညစ်စရာတွေ မပြောစမ်းနဲ့ အနော်ရာ၊ ငါ့မှာ နဂိုကတည်းက စိတ်ညစ်နေရတဲ့အထဲ"

"ပြောတာတော့ ပြောရမှာပဲ နီတွဒ်၊ နင့်ဆီ ငါ ဖုန်းဆက်လိုက်တာကိုက ဟိုးအရင်ကတည်းက လုပ်နေကျအလုပ်တစ်ခုကို လုပ်ဖို့"

"ဘာအလုပ်များလဲ"

"နင့်ဆီမှာ ရင်ဖွင့်ဖို့လေ၊ ငါ သိပ်စိတ်ညစ်နေတဲ့အခါတိုင်း နင့်ဆီ ရင်ဖွင့်နေကျ မဟုတ်လား"

"အင်း ... ပြောလေ"

"ငါ့ဘဝမှာ တစ်ဦးတည်းသော ချစ်ရမဲ့သူကို ငါ ရှာတွေ့သွားပြီ"

www.burmeseclassic.com



အဲဒါ ဘယ်သူလဲလို့ မမေးဖြစ်။ အနော် သူ့ကို ရည်ညွှန်းပြီး ပြောနေတာပဲလို့ စိတ်ထဲက အလိုလို သိနေ၍ပင်။

"နင် ယုံချင်မှ ယုံလိမ့်မယ်၊ တစ်လောကလုံးက လူတွေလည်း ယုံချင်မှ ယုံမယ်၊ ငါက ဒီစကားမျိုး ခဏ ခဏ ပြောဖူးတာကိုး၊ ဒါပေမဲ့ အခုပြောတဲ့စကားဟာ ဘယ်တုန်းက ပြောခဲ့တာနဲ့မှ မတူတဲ့ တကယ့်အစစ်အမှန်စကားပါ၊ ငါ့ရင်ထဲက တကယ် ထွက်လာတဲ့ စကားပါ၊ ငါ သူ့ကို အရမ်းချစ်တယ်၊ ရည်းစားအများကြီး ထားဖူးပေမဲ့ ငါ ဘယ်သူ့ကိုမှ တကယ်ချစ်ခဲ့တာ မဟုတ်ပါဘူး၊ သဘောကျစရာကောင်းတဲ့ လူတစ်ယောက်ကို စိတ်လှုပ်ရှားမိတာ ယိုင်မိတာလေးကိုပဲ ငါက အချစ်လို့ ထင်ခဲ့တာ၊ သူ့ကို တကယ်ချစ်မိတော့မှပဲ အချစ်ဆိုတာ ငါ ထင်ထားတာတွေထက် လေးနက်ပါလားလို့ သိလိုက်ရတာ"

နီတွင်က ဘာမှပြန်မပြောဘဲ ငြိမ်နေမိသည်။ အနော်ဇာ တစ်ယောက် စိတ်လွတ်ကိုယ်လွတ် ပြောချင်တာတွေ ပြောပါစေတော့လေ။





"သူကလည်း ငါ့ကို ချစ်ခဲ့ပါတယ်၊ ငါ့စိတ်ထဲမှာတော့ ငါ့ဘဝဟာ တည်ငြိမ်သွားပြီ၊ အားလုံး ပြည့်စုံသွားပြီလို့ပဲ ထင်ထားခဲ့တာပေါ့"

ညအမှောင်ထုက သိပ်သည်းလာသည်။ အနော်ဇာ့ အသံလေးထဲမှာလည်း ရှိုက်သံတစ်ချက်တစ်ချက် ပါလာသလိုလို။

"ငါ ကံမကောင်းပါဘူး နီတွင်ရယ်၊ ဒီတစ်ခါလည်း ငါ့ အချစ်က အဆင်မပြေပြန်ဘူး၊ အရင်က ငါ့ဇာတ်လမ်းတွေနဲ့ ပတ်သက်ပြီး သူ့မိသားစုက ငါ့ကို လက်မခံနိုင်ကြတော့ဘူးလေ"

မဟုတ်ဘူး။

တအားကြီး အော်ဟစ်ငြင်းဆန်လိုက်ချင်သော်လည်း လည်ချောင်းဝမှာတင် အသံက ဆို့နင့်ပိတ်ဆီးနေသည်။

အဖြစ်အပျက်က အမှန်အတိုင်းပဲလေ။ မေမေ့ကို သူနဲ့ အနော်ဇာ အကြောင်း သွေးတိုးစမ်းကာ ပြောကြည့်ပြီးပြီ။ မေမေ့ဘက်က ပြတ်သားသော တုံ့ပြန်စကားက တစ်ခွန်းတည်း။ "အနော်ဇာ့ကို သမီးရင်း တစ်ယောက်လို သဘောထားချင်တား



www.burmeseclassic.com

www.burmeseclassic.com



နိုင်မယ်၊ ကိုယ့်သားနဲ့ သဘောတူပေးပြီး ချွေးမတော့ ဘယ်တော့မှ မတော်နိုင်ဘူး”တဲ့။

“ငါ့အမှားတွေပါ၊ ဘာမဆို အလွယ်ဆုံးဖြတ်ခဲ့တာကိုက ငါ မှားတာ၊ ငါ့တစ်သက်မှာ တကယ်ချစ်တဲ့သူတစ်ယောက် တွေ့လာတဲ့အခါ ဆိုတဲ့ အတွေးမျိုး တစ်ခါမှ မတွေးခဲ့ဖူးဘူး၊ ငါဟာ သားရှင်မိဘတွေက လက်မခံချင်စရာ မိန်းမမျိုး ဖြစ်နေခဲ့လိမ့်မယ်လို့ ထင်ကို မထင်ခဲ့မိဘူး၊ ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် ထားခဲ့ပေမဲ့ ကိုယ်ကျင့်တရား စောင့်ထိန်းရင် အနေအထိုင်မှန်ရင် အပြစ်ထောက်စရာ မဖြစ်ဘူးလို့ပဲ ထင်ထားခဲ့တာ”

“အနော်”

“နေဦး နီတွဒ်၊ နင့်ကို ငါ တောင်းပန်ပါတယ်၊ ဒီတစ်ညတော့ ငါ ပြောချင်တာ ပြောခွင့်ပေးပါ”

သနားစရာ တောင်းဆိုလာပြန်တော့လည်း ဘယ်လိုတားနိုင်မှာလဲလေ။ သူမ စိတ်ကြိုက် ရင်ဖွင့်ပါစေရယ်လို့ပဲ လွှတ်ပေးထားရတော့တာပေါ့။





“အမှန်အတိုင်း ဝန်ခံရရင်တော့ ငါ သူနဲ့မခွဲနိုင်ဘူး၊ သူဟာ ငါ့ရဲ့တစ်ဦးတည်းသော ချစ်သူ၊ သူနဲ့အတူ မနေရရင် ကျန်တဲ့ ငါ့ဘဝတစ်လျှောက်လုံးဟာ ဘယ်လိုမှ အဓိပ္ပာယ်ရှိတော့မှာ မဟုတ်ဘူး”

အနော်ရယ် ...။ ဒီစကားတွေ နင့်ရင်ထဲက တကယ်ထွက်ပေါ်လာတာပဲလို့ ငါ ယုံကြည်လိုက်ချင်ပါတယ်။ မယုံရဲသေးတဲ့ ငါ့ရဲ့သွေးကြောင်မှုကိုတော့ နင် ခွင့်မလွှတ်လိုက်ပါနဲ့တော့။

အနော်ဇာက စိတ်လိုက်မာန်ပါ ပြောနေသော စကားတွေကို တီခနဲ ဖြတ်ချလိုက်ကာ အကြာကြီး ငြိမ်သက်နေသည်။

တစ်မိနစ်၊ နှစ်မိနစ်။ နောက်ထပ် အချိန်တွေ ဘယ်လောက်ကြာသွားပြီလဲ မသိနိုင်။ နှစ်ယောက်သားကြားက တိတ်ဆိတ်မှုဟာ ကမ္ဘာတစ်ခုစာ ကြာမြင့်သွားခဲ့ပြီလား။

ထိုတိတ်ဆိတ်မှုထဲမှာ သူတို့နှစ်ယောက်ဟာ ဝေးသွားလိုက်၊ နီးလာလိုက်။

အနော်ဇာ တစ်ယောက် ဖုန်းမှကိုင်ထားသေးရဲ့လား၊ ဒါမှမဟုတ် ဖုန်းကိုင်ရင်းနဲ့ပဲ အိပ်ပျော်သွားပြီလားလို့တောင်



www.burmeseclassic.com

www.burmeseclassic.com



နီတွဒ်က ထင်နေမိသေးသည်။ သို့သော် သူ့ဘက်ကစ ပြီး အနော့်ကို ခေါ်လိုက်ဖို့ရာလည်း ဝန်လေးနေပြန်ပါရော။

နီတွဒ် မသိနိုင်သော တခြား တစ်ဖက်မှာတော့ အနော်ဇာက ဖုန်းကလေးကို ရင်မှာပိုက်ကာ မျက်ရည်တွေ တလိမ့်လိမ့် စီးကျလို့သာ နေလေသည်။

သူတို့နှစ်ယောက်ရဲ့ ဘဝဟာ ရုပ်ရှင်ကားတစ်ကားလိုပဲ ဆိုကြပါစို့။ ဇာတ်လမ်းထဲမှာ ပျော်စရာတွေပါမည်၊ စိတ်ဆိုးစရာတွေပါမည်၊ လွမ်းစရာတွေပါမည်၊ ကြည်နူးစရာတွေပါမည်။

ဘာပဲဖြစ်ဖြစ် အခုအချိန်ဟာ အပြီးသတ် ဇာတ်သိမ်းရတော့မည့် အချိန်။ ဟိုတစ်စ ဒီတစ်စ ပြန့်ကျဲနေသော ဇာတ်လမ်းအပိုင်းအစတွေကို တစ်ခုပြီးတစ်ခု ကောက်ယူစုပုံကာ အဆုံးသတ်ပေးရတော့မည့် အချိန်။

နောက်ဆုံးစကားတစ်ခွန်း ပြောပြီးလျှင် ...။

ထိုနောက်ဆုံးသော စကားပြောဖို့ရာ အနော်ဇာ့မှာ ဘယ်လိုအားအင်မျိုးမှ မရှိပါ။ ဘယ်လို လုပ်ရှိနိုင်မှာလဲလေ။





သူမဘဝရဲ့ တစ်ဦးတည်းသော သံယောဇဉ်အတွယ်ရဆုံး၊ အချစ်ရဆုံး လူသားကလေးနဲ့ ဒီစကားတစ်ခွန်း ပြောပြီးလျှင် အပြီးတိုင် လမ်းခွဲရတော့မည်ပဲ။

"ငါ သေသေချာချာ စဉ်းစားပြီး ဆုံးဖြတ်ချက် ချလိုက်တယ်၊ ကိုကြီးက ငါ့ကို သူ ဘယ်လိုမှ မမေ့နိုင်ဘူးတဲ့၊ အတိတ်က ငါ ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ အနာဂတ်မှာ သူ့အပေါ် ကောင်းရင် တော်ပြီတဲ့၊ သူ့မိသားစုကိုလည်း ရအောင်ပြောမှာတဲ့၊ အဲဒီတော့ ..."

"ဟင် ... အနော် ... အနော် ... နင် ဘာပြောလိုက်တယ်"

အကြာကြီး တိတ်ဆိတ်နေပြီးမှ ကောက်ခါငင်ခါ ပြောချလိုက်သော အနော်ဇာ့ စကားတွေကို နီတွဒ်က ဘယ်လိုမှ ဖမ်းမမိနိုင်လိုက်။

အနော် ပြောနေသည့် သူမ တစ်သက်မှာ တစ်ယောက်တည်းသော ချစ်ရတဲ့သူဟာ သူ မဟုတ်ဘူးလား။ နီတွဒ် မဟုတ်ဘူးလား။ ထင်အောင်ဇော်တဲ့လား။

www.burmeseclassic.com



"ဟုတ်တယ်ဟာ ... ကိုကြီးကို ငါ မငြင်းပယ်နိုင်ဘူးလေ၊ သူကလည်း ဒီလောက် ပြဿနာဖြစ်ထားတာတောင် ငါ့ကို မစွန့်လွှတ်နိုင်ဘူးဆိုတော့ တကယ်ချစ်လို့ နေမှာပေါ့၊ ပြီးတော့ နင်နဲ့ ငါနဲ့ ဇာတ်လမ်းကလည်း ရှေ့ဆက်ဖို့ မလွယ်တော့ဘူး မဟုတ်လား၊ ဒီတော့ ငါ စွန့်စားတော့မယ်လို့ ဆုံးဖြတ်ချက် ချလိုက်တာလေ"

"ဒါဖြင့် နင် ... နင် ပြောနေတဲ့ နင် တကယ်ချစ်တဲ့သူဆိုတာ ..."

"ကိုကြီးထင်အောင်ဇော်ပဲပေါ့"

"တောက်"

ပြင်းထန်ကျယ်လောင်သော တောက်ခေါက်သံတစ်ချက်နဲ့အတူ ဖုန်းလိုင်းပြတ်တောက်သွားသည်။

တစ်ဖက်ဝရန်တာကို ကြည့်လိုက်တော့ နီတွဒ်က ထိုင်ရာကထပြီး သူ့အခန်းထဲ ပြန်ဝင်သွားနှင့်ပြီ။ ဝရန်တာမှာ ထွန်းထားသည့် စိမ်းလဲ့လဲ့ မီးလုံးလေးရော နီတွဒ် အခန်းထဲက ခပ်မှုန်မှုန် ညအိပ်မီးလေးရော အားလုံး ပိတ်သွားခဲ့ပြီ။





သေချာပါတယ်။ နောက်ဆိုရင် နီတွဒ်ရဲ့ ဝရန်တာလေးဟာ ဘယ်တော့မှ မီးလင်းလာမှာ မဟုတ်တော့။ လှုရိပ်လှုယောင်လည်း မြင်ရမှာ မဟုတ်တော့။

* * *



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အခုမှပဲ မေမေ စိတ်အေးရတော့တယ်"

စေ့စပ်ပွဲပြီးဆုံးလို့ ဧည့်သည်တွေ ပြန်သွားလျှင် ပြန်သွားချင်း မေမေ ပထမဆုံး ပြောလိုက်သည့် စကားပင်။

အိမ်မှာပဲ စေ့စပ်ပွဲလုပ်တာမို့ သိပ်ကြီး တခမ်းတနား ဝတ်စရာ မလိုဘူးလို့ ယူဆကာ နီတွဒ်က ရှပ်အင်္ကျီလည်ကတုံး အဖြူနှင့် ဆိပ်ခွန်ပုဆိုး နက်ပြာရင့်ရင့်ကို သပ်သပ်ရပ်ရပ်ကလေး နဲ့ ရိုးရိုးလေးပဲ ဝတ်ဆင်ထားခဲ့ပါသည်။

မေမေ့စိတ်ကြိုက် သတို့သမီးလောင်းကလေးကတော့ မေမေ ပြင်ဆင်ပေးထားသည့်အတိုင်း အဖြူရောင်ဇာဝမ်းဆက် ကလေးနဲ့။





ဘော်ငွေစင်ဟာ နူးညံ့လှပပါသည်။ သဇင်ပန်းခက် လေးတစ်ခက် လှပသလိုမျိုး အေးအေးချမ်းချမ်း၊ ယဉ်ယဉ်ကျေး ကျေးကလေးနဲ့ မြင်ရသူ စိတ်အေးချမ်း ကြည်နူးဖွယ်ကောင်းသည့် အလှအပကို ပိုင်ဆိုင်ထားပါသည်။

သူမရဲ့ မျက်နှာလေးပေါ်မှာ ထာဝရ ဆင်မြန်းထား တတ်သည့် ကြည်လင်သော အပြုံးကလေးကလည်း သူမရဲ့ဖြူစင် မွန်မြတ်သော စိတ်ထားကလေးဆီက ရောင်ပြန်ဟပ်နေတာပင်။

ဘော်ငွေစင့်ကို ဇနီးအဖြစ် ပိုင်ဆိုင်ရသူတစ်ယောက် ဟာ ဘယ်လောက် စိတ်အေးချမ်းလိုက်မလဲ၊ ဘယ်လောက်ပြည့်စုံ လုံခြုံမှု ရှိလိုက်မလဲ။

ကိုယ့်တစ်ယောက်တည်းအတွက်သာ ဦးစားပေးမည့် မိန်းကလေး၊ သူမရဲ့ဘဝတစ်ခုလုံးကို ကိုယ့်အတွက်သာ မြှုပ်နှံ ထားမဲ့ မိန်းကလေး၊ စိတ်ဓာတ်တည်ကြည် ခိုင်မြဲမဲ့ မိန်းကလေး၊ သစ္စာတရားကို မြတ်နိုးကိုးကွယ်စွာ စောင့်ရှောက်တတ်မည့် မိန်း ကလေး။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ရွေးချယ်မှု မှန်ကန်ပါလိမ့်မည်။

အဲ ... မှားလို့၊ ဒါဟာ သူ့ရဲ့ရွေးချယ်မှု မဟုတ်။ ကံကြမ္မာက သူ့အတွက် ချမှတ်ပေးလိုက်သော လမ်းကြောင်း တစ်ခုသာလျှင် ဖြစ်သည်။

ဘော်ငွေစင့် နေရာမှာ အနော်ဇာသာ ဖြစ်ခဲ့လျှင်။

နီတွဒ်က မနှိုင်းယှဉ်သင့်မှန်း သိသိကြီးနဲ့ပဲ သူ သံယောဇဉ်အတွယ်ရဆုံးသော၊ သူ့ချစ်သူ ခဏဖြစ်ခဲ့ဖူးသော မိန်းကလေးတစ်ယောက်နဲ့ သူ့ရဲ့ဇနီးလောင်းကို ချိန်ထိုးနှိုင်းယှဉ် ကြည့်မိနေသည်။

အနော်ဇာဟာ သူမ အကြိုက်ဆုံး ပန်းနုရောင် ဝတ်စုံကလေးဝတ်ပြီး တောက်တောက်ကြွားကြွား လှပနေလိမ့်မည်။ ဧည့်သည်တွေကို အသံလေး တစာစာနဲ့ မမောတမ်း လိုက်နှုတ်ဆက်နေဦးမည်။ ရိုးရှင်းအေးဆေးသော သတို့သမီးလေးတစ်ယောက် ပုံစံမျိုးမဟုတ်ဘဲ တက်ကြွဖျတ်လတ်သော သတို့သမီး တစ်ယောက်ရဲ့ အသွင်လေးနှင့် ရှိနေလိမ့်မည်။





စေ့စပ်ပွဲ၊ လက်ထပ်ပွဲတွေကို ထားလိုက်ပါဦးတော့၊ သူတို့နှစ်ယောက်ရဲ့ အနာဂတ်ဘဝခရီးမှာရော ...။

အနော်ဇာ့ကို သူ သိပ်ချစ်တာကတော့ အမှန်ပါပဲ။ အနော်ဇာနဲ့ အတူနေရလျှင် ပျော်ရွှင်မိမှာလည်း အမှန်ပါပဲ။

ဒါပေမဲ့ သူ စိတ်ချမ်းသာပါ့မလား၊ စိတ်လုံခြုံမှုမှ ရှိပါ့မလား။

အနော်ဇာ့ အနားမှာ တခြားယောကျ်ားတစ်ယောက်ကို တွေ့ရတိုင်း သို့လော သို့လော သံသယတွေနဲ့ ပူပန်နေရမည်။ စိတ်မချနိုင်ခြင်းတွေနဲ့ အမြဲတောက်လောင်နေရမည်။

တစ်ခါတစ်ရံ ပတ်ဝန်းကျင်က အနော်ဇာ မကောင်းကြောင်းတွေ ပြန်ကြားရသည့်အခါ သူ့မှာ ခံစားနာကျင်ရဦးမည်။ ပြီးတော့ မေမေနဲ့ ဖေဖေရဲ့ မကြည်ဖြူသည့် စကားသံတွေကို ရင်ဆိုင်ဖို့လည်း အားမွေးရဦးမည်။

ချစ်သူနဲ့အတူ နေရပေမဲ့လည်း မလုံခြုံသော၊ စိတ် မချမ်းသာရသော ဘဝတစ်ခုကို ဖြတ်သန်းနေမည့် အစားတော့



www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းတည်ငြိမ်ပြီး အနှောင့်အယှက်ကင်းသော ဘဝတစ်ခုမှာသာ နေချင်ပါသည်။

ဒါဟာ အတ္တလို့ ဆိုလျှင်လည်း ဆိုကြပါစေတော့။





ကားပေါ်တက်ပြီး အတူထွက်ခွာသွားသော နီတွဒ်တို့ စုံတွဲကို ဝရန်တာမှာ ခပ်ကွယ်ကွယ် ရပ်ကြည့်ရင်း အနော်ဇာက တွေတွေကလေး ကျန်ခဲ့လေသည်။

နီတွဒ် ဇနီးလောင်းကလေးရဲ့ လက်ထဲမှာ အန်တီမွန့်ဒ်ထွက် သစ်ခွပန်းတွေ လှလှပပ စည်းနှောင်ပြီး ကိုင်သွားတာကို ကြည့်ခြင်းအားဖြင့် သူတို့ ဘုရားသွားကြတာပဲလို့ သိနိုင်သည်။

သွားကြမှာပေါ့လေ။ ဒီနေ့ဟာ သူတို့စေ့စပ်ကြသည့် နေ့၊ စေ့စပ်ပြီးကာစ ဇနီးမောင်နှံလောင်းနှစ်ယောက် ပထမဆုံး အတူသွားဖို့ သင့်သည့်နေရာဟာ ဘုရားပဲ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



သူများတကာ ပျော်ရွှင်မင်္ဂလာယူနေသည့် အချိန်မှာ ငိုနေဖို့လည်း မသင့်ပါဘူး။ အဲဒီမျက်ရည်တွေက ကျ,ကျမလာ စမ်းပါနဲ့။

ကိုယ့်ဘာသာ ဆုံးဖြတ်ပြီး ကိုယ့်ဘာသာ စွန့်လွှတ်ခဲ့တာပဲ မဟုတ်လား။ (တကယ်လို့ ကိုယ်ကဦးဆောင်ပြီး မစွန့်လွှတ်ခဲ့လျှင်လည်း သူကိုယ်တိုင်က အနော်ဇာ့အပေါ် မယုံကြည်လှသော နီတွဒ်ဟာ မိဘစကား နားထောင်ပြီး အနော်ဇာ့ကို စွန့်လွှတ်သွားမှာပါ)။

လွန်ခဲ့သည့် တစ်လက တိတ်ဆိတ်အေးစက်သော ညတစ်ညမှာ နီတွဒ်ကို ပြောပြဖြစ်ခဲ့သော ရင်ဖွင့်စကားတွေထဲက တစ်ဝက်ဟာ မှန်ပြီး တစ်ဝက်က မှားခဲ့တာကိုရော နီတွဒ် သိပါရဲ့လား။

အနော်ဇာ့ ဘဝမှာ တစ်ဦးတည်းသော ချစ်ရသည့်သူ အကြောင်း ပြောပြခဲ့တာတွေက အားလုံး အမှန်တွေပါပဲ။

နောက်ဆုံးမှာ ပြောခဲ့သည့် ထိုသူဟာ ထင်အောင်ဇော် ဖြစ်သည်ဆိုတာရယ်၊ ထင်အောင်ဇော့်ကို ပြန်လက်ခံလိုက်တော့မည် ဆိုတာရယ်ကတော့ မမှန်ပါ။





အနော်ဇာ့ ဘဝမှာ သံယောဇဉ်အရှိရဆုံးနှင့် အချစ်ရဆုံး လူသားဟာ တစ်ယောက်တည်းသာ ရှိပါသည်။

သူကတော့ နီတွဒ်ပါပဲ။

အနော်ဇာ့ကို အယုံအကြည် ကင်းမဲ့ရှာသော နီတွဒ်ကတော့ ဒီတစ်ခါလည်း သူမဟာ တစ်ယောက်ပြီး တစ်ယောက် အလွယ်နဲ့ ပြောင်းကတတ်သည့် အကျင့်အတိုင်း ထင်အောင်ဇော့်ဘက်ကို ယိမ်းယိုင်သွားပြီလို့ ထင်သွားပြီ။

တစ်ချိန်မှာ ထင်အောင်ဇော်နဲ့ အနော်ဇာတို့ လက်မတွဲဖြစ်ခဲ့ကြလျှင်လည်း အဆင်မပြေမှု တစ်စုံတစ်ခုကြောင့်လို့သာ ထင်မည်။

အဲဒီနောက်တော့ အနော်ဇာဟာ သူမ ဝါသနာအတိုင်း အချစ်တစ်ခုကနေ တစ်ခုကို ပြောင်းလဲပျော်မွေ့နေလိမ့်မည်လို့ ထင်ရှာပေလိမ့်မည်။

ကောင်းပါတယ်လေ။ သံယောဇဉ် အကြီးကြီး, ထားခဲ့ဖူးသူ နှစ်ယောက်ဟာ လမ်းခွဲကြရသည့် အချိန်မှာ တစ်ယောက် ပျော်နေလိမ့်မည်လို့ တစ်ယောက်က ထင်နေတာပဲ ကောင်းပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



နီတွဒ်ကတော့ တကယ်ပျော်မှာပါ။ အခုမပျော်လည်း တစ်ချိန်ကျတော့ လိမ္မာသိတတ်သည့် ဇနီးချောကလေးနဲ့၊ သားသမီးတွေနဲ့ စိုပြည်ချမ်းမြေ့သော အိမ်ထောင်တစ်ခုထဲမှာ နေသားကျ ပျော်ရွှင်သွားပါလိမ့်မည်။

အနော်ဇာကတော့ နီတွဒ်ရဲ့ ပျော်ရွှင်မှုတွေကို အဝေးကပဲ ဝေမျှခံစားရင်း ...။ ရင်ထဲက ဝေဒနာကို ကြိုးစားမေ့ဖျောက်ရင်း၊ အတိတ်က သံယောဇဉ်တို့ကို ပြန်လည်တမ်းတရင်း ...။

တကယ်တော့ ဘဝဆိုတာ တိုတိုကလေးပဲ မဟုတ်လား။

ခင်ဦးခင်ခင်

(ဆေးတက္ကသိုလ်)

6:05 P.M

20-4-2005

WEDNESDAY.



www.burmeseclassic.com